# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ - ၉၅)


၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၆)၊ အမှတ် (၀၃၄)


# မြန်မာနိုင်ငံ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန် ငါးနှစ်အတွင်း ဂျပန်ယန်း ဘီလီယံ ၄၀ အကူအညီပေးမည်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ် (ဓာတ်ပုံ-ပြန်/ဆက်)

**တိုကျို နိုဝင်ဘာ ၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ယနေ့ ညနေပိုင်းတွင် တိုကျိုမြို့ရှိ Akasaka State Guest House ၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အထူးသဖြင့် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နိုင်ငံမှ ပုဂ္ဂလိကလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှု ပိုမိုလာရောက်ရေး၊ ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်ဖက်လူငယ်များအကြား အပြန်အလှန်ဖလှယ်ရေးနှင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များအပေါ် ဂျပန်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များ အပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

❖ **ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းကို မူတည်ပြီး အစိုးရအထောက်အပံ့များဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများအားလုံးပေါင်း၍ ငါးနှစ်အတွင်း ဂျပန်ယန်း ဘီလီယံ ၈၀၀ ပမာဏဖြင့် လုပ်ငန်းအမျိုးမျိုးကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့**

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့် ဘဏ် ၁၃ ခု ခွင့်ပြုပြီးဖြစ်

စာမျက်နှာ - ၄

## လွှတ်လပ်ရေးထောက်ခံဥပဒေပြုသူနှစ်ဦး ပါလီမန်၌ လုံခြုံရေးဝန်ထမ်းနှင့် ရုန်းရင်းဆန်ခတ်ဖြစ်

စာမျက်နှာ - ၁၀




# တိကျပွင့်လင်းစွာ တင်ပြတိုင်တန်း

အစိုးရနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူ အဆင့်ဆင့်တို့၏ အဂတိလိုက်စားမှု၊ မမှန်မကန် လုပ်ဆောင်မှုများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုကင်းစွာဖြင့် တိုင်ကြားနိုင်ကြပြီဖြစ်သည်။ တိုင်ကြားမှုများကို လက်ခံမည့်ဌာနမှာ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဖြစ်ပြီး အစိုးရနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူတို့၏ အဂတိလိုက်စားမှု၊ မမှန်မကန်လုပ်ဆောင်မှုတို့ကြောင့် ပြည်သူအများ ထိခိုက်နစ်နာမှုများနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များကို အဓိကထား၍ လက်ခံသွားမည်ဖြစ်သည်။

မကြာသေးသည့် ရက်ပိုင်းအတွင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအရ တရားစွဲဆိုအရေးယူသည့် သတင်းနှစ်ခု ထွက်ပေါ်လာခဲ့သည်။ တစ်မှုမှာ ညောင်လေးပင်မြို့နယ် ထိန်တပင်ကျေးရွာအုပ်စု နတ်ကတော်ခင်ကျေးရွာနေ တောင်သူများထံမှ လယ်ယာမြေလုပ်ကိုင်ခွင့်ပြု လက်မှတ်ပုံစံ (၇) ရရှိရေးဆောင်ရွက်ပေးမည်ဆိုကာ လာဘ်ငွေတောင်းခံရယူခြင်းနှင့် အခြား လယ်ယာမြေကိစ္စများတွင်လည်း နည်းမျိုးစုံဖြင့် လာဘ်ငွေတောင်းခံရယူခဲ့ခြင်းတို့ကြောင့် ညောင်လေးပင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ မြေတိုင်းစာရေးတစ်ဦးအား နစ်နာသူတစ်ဦးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည့် အမှုနှင့် နောက်အမှုမှာ ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယဦးစီးမှူးနှင့် အကြီးတန်းစာရေးတို့က ပြင်ဦးလွင်မြို့နယ် လွန်ကောင်းကျေးရွာအုပ်စု မန်ကျည်းအင်းကျေးရွာတိုးချဲ့ရွာသစ်ကို ပြည်ထဲရေးအမည်ပေါက် သတ်မှတ်နိုင်ရေးအတွက် လာဘ်ငွေတောင်းခံရယူခဲ့ခြင်းနှင့်ပတ်သက်၍ နစ်နာသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည့် အမှုတို့ဖြစ်သည်။

အထက်ဖော်ပြပါ အမှုများနှင့်ပတ်သက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ (၅၆)၊ ဥပဒေပုဒ်မ(၅၇) တို့ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး တရားလွှတ်တော်များ၌ တရားစွဲဆိုအရေးယူထားခြင်းဖြစ်ရာ ဥပဒေပါ ပြစ်မှုနှင့်ပြစ်ဒဏ်များ ပြဋ္ဌာန်းချက်အရ ပုဒ်မ ၅၆ ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ၁၀ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ခံရမည့်အပြင် ငွေဒဏ်ကို လည်းကောင်း၊ ပုဒ်မ ၅၇ ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ခံရမည့်အပြင် ငွေဒဏ်ကိုလည်းကောင်း ချမှတ်ခြင်း ခံကြရဖွယ်ရှိနေသည်။

အဂတိလိုက်စားမှုကို အကျင့်ပျက်ခြစားမှုဟူ၍လည်း သုံးစွဲဖော်ပြကြသည်။ ခြစားခံရသည့် သစ်သားထည် ပရိဘောဂတစ်ခုခုကိုကြည့်လျှင် အပေါ်ယံအားဖြင့် ဘာမှမဖြစ်သလို မြင်တွေ့ရသော်လည်း အတွင်းသရုပ်မှာမူ ဆွေးမြည့်ကာ အော်ဂလီဆန်ဖွယ်ရာဖြစ်နေတတ်သည့် နိမိတ်ပုံများက အဂတိလိုက်စားမှု၏ သရုပ်သကန်ကို ထင်ရှားစေသည်။ အဂတိလိုက်စားမှု(သို့မဟုတ်) အကျင့်ပျက်ခြစားမှုက ကမ္ဘာနှင့်အဝန်းရှိ နိုင်ငံများတွင်လည်း ပုံစံအမျိုးမျိုး၊ ဒီဂရီအသီးသီးတို့ဖြင့် ရှိနေတတ်ကြသည်။ မည်သို့ပင်ဆိုစေကာမူ အဂတိလိုက်စားမှုတိုင်းတွင် ရာထူးတာဝန်နှင့် လုပ်ပိုင်ခွင့်အာဏာတို့ကို အလွဲသုံးစားပြုကာ ကိုယ်ကျိုးရှာခြင်းက အဓိကကျသော အချက်ဖြစ်သည်။ ရာထူးတာဝန်အဆင့်အတန်းနှင့် လုပ်ပိုင်ခွင့်အဆင့်အတန်းတို့ကို လိုက်ကာ အဂတိလိုက်စားမှုကလည်း သေးသေးမှသည် ကြီးကြီးအထိရှိနေနိုင်သည်။ စာရေးအဆင့် အဂတိလိုက်စားမှုနှင့် မြို့နယ်အဆင့် ၊ ခရိုင်အဆင့်တာဝန်ရှိသူများ၏ အဂတိလိုက်စားမှုတို့မှာ ပမာဏချင်း ကွာခြားမည်ဖြစ်သည်။

အဂတိလိုက်စားမှုသည် လိုအပ်ချက်ကြောင့်ဖြစ်စေ၊ လောဘကြောင့်ဖြစ်စေ ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ပညာရှင်တစ်ဦးက ထောက်ပြခဲ့သည်။ လစာဝင်ငွေနည်းသည့် ဝန်ထမ်းအနေဖြင့်ဆိုလျှင် မိသားစုဝင်ငွေ မလုံလောက်မှုကြောင့် အကျင့်ပျက်ခြင်းဖြစ်ပြီး အဆင့်မြင့်ရာထူးကြီးသူများအနေဖြင့်ဆိုလျှင်မူ ချမ်းသာလိုသည့်လောဘကြောင့် အကျင့်ပျက်ခြင်းဖြစ်သည်။ လောဘဟူသည် မီးတောက်မီးလျှံသဖွယ်ဖြစ်ပြီး လောင်စာထည့်လေလေ ပို၍လောင်ကျွမ်းလေလေနှင့် အတောမသတ်နိုင်သည့် သဘောရှိရာ လစဉ်ကျပ်သိန်း ၂၀၀ ခန့် ဝင်ငွေရှိသော မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ကျပ်သိန်း ၃၀၀ ခန့် ဝင်ငွေရှိသော ခရိုင်အဆင့် တာဝန်ရှိသူများပင်ရှိကြောင်း ကြားသိခဲ့ရဖူးသည်။

အကျင့်ပျက်ခြစားမှုမှာ သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ မရှိစကောင်းသော အရာပင်ဖြစ်သည်။ အကျင့်ပျက်ခြစားမှုကြောင့် တရားဥပဒေစိုးမိုးမှုကိုလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ကိုလည်းကောင်း၊ လူ့အဖွဲ့အစည်းကိုလည်းကောင်း ထိခိုက်စေသည်။ အချုပ်အားဖြင့်ဆိုရလျှင် မိမိတို့ကိုယ်တိုင် တင်မြှောက်ထားသော အစိုးရကိုပင် ပြည်သူများက ယုံကြည်ကိုးစားမှုများ ကင်းမဲ့လာစေနိုင်သည်ဖြစ်ရာ အကျင့်ပျက်ခြစားမှုမှန်သမျှကို ပွင့်လင်းမြင်သာစွာ ဖော်ထုတ်ရှင်းလင်း အရေးယူဆောင်ရွက်သွားကြရမည်ဟု ရှုမြင်ပါကြောင်း။ ။




## မအီမြို့တွင် ဓာတ်အားလိုင်းတည်ဆောက်

**မအီ နိုဝင်ဘာ ၂**

ရခိုင်ပြည်နယ် သံတွဲခရိုင် မအီမြို့တွင် JICA.ODA ချေးငွေဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း တည်ဆောက်ခဲ့ပြီး ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ ပြည်သူများ ဓာတ်အားအလုံအလောက်ပြည့်ဝစွာ သုံးစွဲလျက်ရှိနေကြောင်း မြို့နယ်လျှပ်စစ်မှူး ဦးကျော်သိန်းဦးထံမှ သိရသည်။

မအီမြို့သည် ယခင်က ဒီဇယ်ဓာတ်အားပေးစက်ဖြင့် တစ်ရက်လျှင် လေးနာရီသာရရှိခဲ့ရာမှ ယခုအခါ ၂၄ နာရီ ဓာတ်အားအပြည့်အဝရရှိပြီဖြစ်သည်။

ထို့အပြင် မြို့နှင့်အနီးအနားတစ်ဝိုက်ရှိ ကျေးရွာများကိုလည်း ဓာတ်အားစနစ်ထပ်မံရရှိရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်လုဖြိုး**

ထင်သာမြင်သာပြုပြင်စရာ

## ကူးတို့ဆိပ်ခံနှင့်တွဲလျက် လျှပ်စစ်ရေမော်တာကြောင့် ခရီးသွားများအန္တရာယ်ရှိနိုင်

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကသာ-ပုလွေရွှေ ကူးတို့ဆိပ်ခံနှင့်တွဲလျက်တပ်ဆင်ထားသော လျှပ်စစ်ရေမော်တာကြောင့် ခရီးသွားပြည်သူများနှင့် ပတ်ဝန်းကျင်နေသူများ အန္တရာယ်ရှိနိုင်ကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။

"လျှပ်စစ်ရေမော်တာက အများပြည်သူသွားလာနေတဲ့ ကူးတို့စက်လှေဆိပ်အနီးမှာဆိုတော့ ခရီးသည်တွေအတွက် အန္တရာယ်ရှိရုံတင်မကဘူး။ အနီးဝန်းကျင်မှာရှိတဲ့ လူတွေအတွက်လည်း အန္တရာယ်ရှိနိုင်တယ်။ လျှပ်စစ်ဝိုင်ယာကြိုးတွေ ကောင်းမကောင်းဆိုတာထက် လျှပ်စစ်မော်တာ ကိုအသုံးပြုပြီး ရေတင်တဲ့အချိန်မှာ အဲ့ဒီလျှပ်စစ်ဝိုင်ယာကြိုးတွေကတစ်ဆင့် လျှပ်စစ်စီးဆင်းနေတဲ့အတွက် အထူးဂရုထားဖို့ လိုအပ်မယ်ထင်တယ်။ စက်လှေ ပေါ်ကဆင်းတာနဲ့ မြစ်ကမ်းစပ်ဆင်းပြီး တစ်ခါတစ်ရံ ခြေလက်သန့်စင်တာမျိုး တွေ့ရှိတယ်။ ဖြစ်စေချင်တာကတော့ လူတွေအန္တရာယ်ကင်းအောင် ရေမော်တာကို စနစ်တကျတပ်ဆင်အသုံးပြုရင် ပိုကောင်းမယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။



ယင်း လျှပ်စစ်ရေမော်တာမှာ ကသာ-ပုလွေရွှေ ကူးတို့စက်လှေဆိပ် အနီးရှိ ဈေးဆိုင်တစ်ဆိုင်မှ ရေအသုံးပြုရန်အတွက် ဧရာဝတီမြစ်အတွင်းမှ မြစ်ရေစုပ်ယူရန် အသုံးပြုထားသော ရေမော်တာတစ်ခုဖြစ်ကြောင်း သိရသည်။

တစ်ဖန် ယင်းလျှပ်စစ်ရေမော်တာ အသုံးပြုသည့် ဝိုင်ယာကြိုးများမှာလည်း စက်လှေသမ္ဗန်နှင့် အခြားစက်တပ်ရေယာဉ်များ မောင်းနှင်မှုကြောင့် ဖြစ်ပေါ်လာသော ရေလှိုင်းပုတ်ခတ်မှု၏ အရှိန်ဖြင့် အချိန်အခါမရွေးပေါက်ပြဲကာ ပတ်ဝန်းကျင်ရှိ ခရီးသွားပြည်သူများနှင့် ရေသတ္တဝါများအတွက် အန္တရာယ်ရှိနိုင်သည့်အတွက် ယင်းလျှပ်စစ်ရေမော်တာကို စိစစ်ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

**မောင်ငြိမ်းဝင့်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂-၁၁-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၀၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၈၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၆၀/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၄၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၉၀/၆၀၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၂၀ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၄ · ၅၉ |
| ထိုင်း | တစ်ဘတ် | ၃၆ · ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၂၆ |
| တရုတ် | တစ်ယွမ် | ၁၈၉ · ၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ · ၆၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ တွေ့ဆုံဆွေးနွေးစဉ် (ဓာတ်ပုံ-မြန်/ဆက်)

# ဂျပန်နိုင်ငံမှ အကူအညီပေးမည့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု အထောက်အပံ့များကို ပွင့်လင်း မြင်သာစွာဖြင့် ငြိမ်းချမ်းရေးရရှိမည့် လုပ်ငန်းစဉ်များတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြား

* *ရှေ့ဖုံးမှ*

ထို့ပြင် ဂျပန်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ တိုင်းရင်းသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလမ်းစဉ်၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ ဂျပန်နိုင်ငံမှ ပုဂ္ဂလိက ကဏ္ဍရင်းနှီးမြှုပ်နှံမှု ပိုမိုလာရောက်ရေး၊ ပြည်သူများအကြား ချစ်ကြည်ရေးနှင့် အပြန်အလှန်ဖလှယ်မှုများမှတစ်ဆင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်အဖြစ် တည်ဆောက်ရေးအစရှိသည့်ကဏ္ဍများတွင် ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ ဦးစားပေးလုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန် တိုင်းရင်းသားလူမျိုးများနေထိုင်သည့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးနှစ်အတွင်း ဂျပန်ယန်း ဘီလီယံ ၄၀ ကို အကူအညီပေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြို့ပြနှင့်ကျေးလက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်မှုအတွက် "ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း"(Japan-Myanmar Cooperation Program) ကို မူတည်ပြီး အစိုးရအထောက်အပံ့များဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ အားလုံးပေါင်း၍ ငါးနှစ်အတွင်း ဂျပန်ယန်း ဘီလီယံ ၈၀၀ ပမာဏဖြင့် အစိုးရ၏လုပ်ငန်းဆောင်ရွက်မှုများကို အထောက်အကူပြုစေရန် လုပ်ငန်းအမျိုးမျိုးကို အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း ကြေညာခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အစဉ်အဆက် အကူအညီများ ပေးအပ်ခဲ့သည့်အတွက် ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူများအား ကျေးဇူးတင်ရှိကြောင်း၊ ဂျပန်နိုင်ငံမှ အကူအညီပေးမည့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု အထောက်အပံ့များကို ပွင့်လင်းမြင်သာစွာဖြင့် ငြိမ်းချမ်းရေးရရှိမည့် လုပ်ငန်းစဉ်များတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် ဂျပန်အစိုးရ ထောက်ပံ့ငွေများဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအပေါ် အကူအညီပေးမည့် လုပ်ငန်းများအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံ၏လိုအပ်လျက်ရှိသော လယ်ယာစိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်လုံလောက်စွာရရှိရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအစရှိသည့် ကဏ္ဍများတွင် အကျိုးရှိစွာ ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြန်လည်ပြောကြားသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့၏ရှေ့မှောက်၌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတိရှိ ဟိဂုချိတို့ နှစ်နိုင်ငံစာချွန်လွှာလက်မှတ်ရေးထိုးစဉ် (ဓာတ်ပုံ-မြန်/ဆက်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်စဉ် (ဓာတ်ပုံ-မြန်/ဆက်)

*စာမျက်နှာ ၃ မှ*

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ သဘောတူစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို တက်ရောက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇို အာဘေးတို့၏ ရှေ့မှောက်တွင် နှစ်နိုင်ငံ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် ဖလှယ်မှုများမှတစ်ဆင့် မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် "မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအစိုးရတို့အကြား ဂျပန်ပြည်ပ ပူးပေါင်းဆောင်ရွက်မှု လုပ်အားပေးများစေလွှတ်ရေး အစီအစဉ်အရ မြန်မာနိုင်ငံသို့ လုပ်အားပေးများ စေလွှတ်ရေးဆိုင်ရာ စာချွန်လွှာ" (Exchange of Notes the dispatch of volunteers to the Republic of the Union of Myanmar under the Japan Overseas Volunteers Programme Between the Government of the Republic of the Union of Myanmar and the Government of Japan) အား မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတိရှိ ဟိဂုချိတို့က လက်မှတ်ရေးထိုး လဲလှယ်ကြသည်။


အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ဂျပန်ဝန်ကြီးချုပ်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နံနက်ပိုင်းတွင် တိုကျိုမြို့ရှိ Rihga ဟိုတယ်၌ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် တိုကျိုမြို့ရှိ မြန်မာသံရုံး၌ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ပြီး သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ် (ဓာတ်ပုံ-ပြန်/ဆက်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိုကျိုမြို့ရှိ Rihga ဟိုတယ်၌ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် လူမှုအဖွဲ့အစည်းများအား တွေ့ဆုံစဉ် (ဓာတ်ပုံ-ပြန်/ဆက်)

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့် ဘဏ် ၁၃ ခု ခွင့်ပြုပြီးဖြစ်

**နေပြည်တော် နိုဝင်ဘာ ၂**

ကိုရီးယားနိုင်ငံအခြေစိုက် ဘဏ်တစ်ခုဖြစ်သည့် Shinhan Bank ၏ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတစ်ခုအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရဘဏ်ခွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦး၊ ကိုရီးယားနိုင်ငံ Financial Supervisory Service of Korea, Governor Mr. ZinWoong-Seob, ကိုရီးယားသံအမတ်ကြီး Mr. Yoo Jae Kyung, Shinhan Bank President and CEO Mr. Cho Yong-Byoung, မြန်မာနိုင်ငံ၊ ကိုရီးယားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr. Lee Jeong Woo, မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်မှာ ဘဏ်လုပ်ငန်းဝန်ဆောင်မှုကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်သည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုအရည်အသွေးများ တိုးတက်စေရန်နှင့် နိုင်ငံတကာဘဏ်လုပ်ငန်းကျွမ်းကျင်မှုနှင့် နည်းပညာများရရှိစေရန်အတွက် မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ကို ခွင့်ပြုခဲ့ရာ ပထမအကြိမ် နိုင်ငံခြားဘဏ် ကိုးခုနှင့်ဒုတိယအကြိမ် နိုင်ငံခြားဘဏ် လေးခု စုစုပေါင်း ၁၃ ဘဏ်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ Shinhan Bank သည် ဒုတိယအကြိမ်ခွင့်ပြုခဲ့သည့် နိုင်ငံခြားဘဏ်ခွဲလေးခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးဘဏ်ခွဲ ဖွင့်လှစ်ခွင့်ရခဲ့သော ကိုရီးယားသမ္မတနိုင်ငံ၏ ဘဏ်တစ်ခုဖြစ်ကြောင်း။

Shinhan Bank အနေဖြင့် မြန်မာနိုင်ငံနှင့် ကိုရီးယားနှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးတက်မြင့်မားရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ တိုးတက်လာရေးအတွက် စီးပွားရေးလုပ်ငန်း လာရောက်လုပ်ကိုင်နေသည့် ကိုရီးယားလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သူများအား ငွေရေးကြေးရေးနှင့် ဘဏ်ဝန်ဆောင်မှုများ ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ပြည်တွင်းဘဏ်တွေကတစ်ဆင့် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများကို အထောက်အကူပြုပေးသွားခြင်းဖြင့် နှစ်ဦးနှစ်ဖက်အကျိုးစီးပွားကို ဖော်ဆောင်သွားကြရန်လိုပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာအဆင့်မီ ဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေပေးချေမှုစနစ် အဆင့်အတန်း မြင့်မားလာစေရေးတို့အတွက် အထူးကြိုးပမ်းဆောင်ရွက်နေချိန်တွင် Shinhan Bank အနေဖြင့်လည်း မိမိတို့၏ နည်းပညာများ၊ အတွေ့အကြုံကောင်းများကို ပြည်တွင်းဘဏ်များထံ လက်ဆင့်ကမ်းဖြန့်ဝေပြီး အတူတကွ လက်တွဲဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Mr. ZinWoong-Seob က ကိုရီးယားနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံခွင့်ရရှိသည့်အတွက် အလွန်ပင်ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအစီအမံများ နိုင်ငံခြားဘဏ်များ ဝင်ရောက်လာခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အထောက်အကူပြုစေသည့် အချက်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကိုရီးယားနိုင်ငံသံအမတ်ကြီး Mr. Yoo Jae Kyung, ဘဏ်များအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ကိုရီးယားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr. Lee JeongWoo နှင့် Korea International Co-orporation Agency မှ Chief Representative Mr. Shin EulCheol တို့က အသီးသီးဝမ်းမြောက်စကားများ ပြောကြားကြသည်။

**(သတင်းစဉ်)**

✪ *ကျောဖုံးမှ*

၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာကြီးကို ပိုမိုကောင်းမွန်သည့် နေရာတစ်ခုအဖြစ် ဖန်တီးနိုင်ရန်ရည်ရွယ်ပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုပန်းတိုင်များကို ချမှတ်ထားပါကြောင်း၊ ယင်းပန်းတိုင်များထဲတွင် လူတိုင်း အတွက်သင့်တော်သည့် အလုပ်အကိုင်ရရှိစေပြီး အားလုံးပါဝင် ရေရှည်တည်တံ့မည့် စီးပွားရေးတိုးတက်မှုမြင့်တင်ရေး၊ ရေရှည်တည်တံ့သည့် စားသုံးမှု၊ ထုတ်လုပ်မှုပုံစံများ အခိုင်အမာပေါ်ပေါက်လာရေးဆိုသည့် ပန်းတိုင် ၂ ရပ် ပါဝင်ပါကြောင်း၊ ယင်းကိစ္စများ ပြည့်ဝရန်အတွက် မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍများသည် အဓိကကျနေပြီး ကမ္ဘာ့ဈေးကွက်၊ ကမ္ဘာ့စီးပွားရေးနှင့် မည်မျှအထိ လျင်လျင်မြန်မြန် ပေါင်းစည်း နိုင်မည်ဆိုသည့် အချက်အပေါ်တွင် မူတည်နေကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ပြီး ကုန်သွယ်မှုဘက်စုံလေ့လာဆန်းစစ်ခြင်း အစီရင်ခံစာ (Diagnostic Trade Integration Study – DTIS)ကို ပြုစုခဲ့ပါကြောင်း၊ ဆက်လက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် DTIS အစီရင်ခံစာပါ Actions Matrix များ အပါအဝင် အခြားဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများက ပြုစုထားသည့် အစီရင်ခံစာပါ Actions Matrix များစုပေါင်း၍ Medium Term Plan ရေးဆွဲပြုစု ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ပေါင်းစည်းနိုင်ရန် အရေးကြီး**

ထို့ပြင် ဒုတိယသမ္မတက ယခုနှစ်အတွက် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို ကမ္ဘာ့ဘဏ်က ၂ ဒသမ ၉ ရာခိုင်နှုန်း ကနဦးခန့်မှန်းထားခဲ့ရာမှ ယခုနောက်ဆုံး ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများ၏ စီးပွားရေးနှေးကွေးလာခြင်း၊ ကုန်စည်ဈေးနှုန်းများကျဆင်းလာခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုအားပျော့လာခြင်း၊ အရင်းအနှီး စီးဆင်းမှုနှေးကွေးသွားခြင်း စသည့်အကြောင်းများကြောင့် ဖြစ်ပါကြောင်း၊ ထွန်းသစ်စဈေးကွက်များ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်တင်ပို့မှုများသည်လည်း အဓိကကုန်စည်များနှင့် ရေနံဈေးနှုန်း ကျဆင်းလာမှုကြောင့် ရုန်းကန်နေရသည့် အနေအထားသို့ ရောက်ရှိခဲ့ရပါကြောင်း၊ ကမ္ဘာ့စီးပွားရေး နှေးကွေးလာသည်နှင့်အမျှ အာရှဒေသတွင် စီးပွားရေးအင်အားကြီး နိုင်ငံများ၏ စီးပွားရေးများသည်လည်း နှေးကွေးလာပါကြောင်း၊ ယခုအချိန်တွင် မိမိတို့ မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံးနှင့် ပေါင်းစည်းမှု အလျင်အမြန် မြင့်မားလာရန် အရေးကြီးပါကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှုကဏ္ဍတွင် ကမ္ဘာကြီးနှင့် မြန်မြန်ဆန်ဆန် ပေါင်းစည်းနိုင်ရန် အရေးကြီးပါကြောင်း။

မြန်မာနိုင်ငံ အနေဖြင့်လည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် မူဝါဒ(၁၂)ချက်ကို ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ မူဝါဒများ ချမှတ်သည့်အခါ ရေရှည်ကာလအတွက်ပါ စဉ်းစားဆောင်ရွက်ထားခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေး ကဏ္ဍကို အားထားနေရသည့်အတွက် စီးပွားရေး မူဝါဒတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခေတ်မီအောင် ဆောင်ရွက်ရန်ဆိုသည့်အချက် ပါဝင်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာကြီးတွင် စားနပ်ရိက္ခာဖူလုံရေးသည် အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်သည့်အတွက် လယ်ယာကဏ္ဍသည် တစ်နှစ်ထက်တစ်နှစ် မလွဲမသွေ ပိုမိုအရေးကြီးလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အလေးပေးဆောင်ရွက်**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် ကုန်သွယ်မှုအခြေအနေသည် တိုက်ရိုက် ဆက်စပ်နေပါကြောင်း၊ ကုန်သွယ်မှုအခြေအနေ ကောင်းမွန်ရန် ကုန်သွယ်ရေးမူဘောင်နှင့် အင်စတီကျူးရှင်းများ၊ အခြေခံအဆောက်အအုံနှင့် ကုန်သွယ်ရေးကော်ရစ်ဒါကြီးများ၊ ကုန်စည်ဆိုင်ရာ အရည်အသွေးနှင့် စံချိန်စံညွှန်းသတ်မှတ်မှုများ၊ မလိုအပ်သည့် အပိုကုန်ကျမှုများကို အနိမ့်ဆုံးအထိ လျှော့ချပေးနိုင်မည့် ကုန်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အထူးပင်လိုအပ်ပါကြောင်း၊ ကုန်သွယ်မှုလိုငွေပြခြင်းသည် ပို့ကုန်မြှင့်တင်ရေးကို တွန်းအားပေး လုပ်ဆောင်ကြရမည်ဆိုသည်ကို သတိပေးနေခြင်းပင် ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုလိုငွေ ပြနေခြင်းသည် ပြည်တွင်း၌ ငွေကြေးဖောင်းပွမှု မြင့်တက်မှုကို တစ်ဖက်တစ်လမ်းက သက်ရောက်မှုရှိသကဲ့သို့ သက်ဆိုင်ရာနိုင်ငံ၏ ငွေကြေးတန်ဖိုးကို ကြီးကြီးမားမား ထိခိုက်မှုများ ရှိနေပါကြောင်း၊ ထို့ကြောင့် ကုန်သွယ်မှု မြှင့်တင်ရေးနှင့်အတူ ပို့ကုန်မြှင့်တင်ရေးကိုပါ အလေးပေးဆောင်ရွက်သွားနိုင်ရန် ထည့်သွင်းစဉ်းစားဆွေးနွေးကြရန် တိုက်တွန်းပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စီးပွားရေးမူဝါဒတွင် ဖော်ပြထားသည့်အချက်များကို ကြည့်မည်ဆိုပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံကျသောအချက်များကို ဆောင်ရွက်နိုင်ရေး၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများရရှိရေးနှင့် အပြည်ပြည်ဆိုင်ရာစီးပွားရေးနှင့် ဒေသတွင်းစီးပွားရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် အခြေခံအဆောက်အအုံများ မြန်ဆန်စွာတိုးတက်လာရေးအတွက် လိုအပ်သည့်အချက်များကို ဦးစားပေးဆောင်ရွက်နိုင်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး စသည့်အချက်များကို အဓိကထားဖော်ဆောင်ခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

**ဥပဒေရေးဆွဲ**

ကုန်သွယ်မှုနှင့် ဆက်စပ်သော စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ယှဉ်ပြိုင်မှု မူဝါဒဥပဒေများကိုလည်း ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ မိမိတို့၏ ပို့ကုန်သွင်းကုန်ဥပဒေများသည် တိုးတက်လာသည့် ကုန်သွယ်မှုပုံစံများ၊ နိုင်ငံတကာကုန်သွယ်မှု စည်းမျဉ်း စည်းကမ်းများနှင့် ကိုက်ညီမှု အားနည်းသည့်အပြင် ဝန်ကြီးဌာနအတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းများကို ခြုံငုံမှုမရှိသည့်အတွက် ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ ဥပဒေရေးဆွဲရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Abdoulaye Seck က နှုတ်ခွန်းဆက်စကားပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

အဆိုပါ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hiltion ဟိုတယ်၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြကာ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘက်စုံလေ့လာမှုအဆင့်နှင့် ပတ်သက်သည့် အဓိကအချက်များ၊ Medium Term Program နှင့် DTIS and Medium Term Program တို့နှင့် ပတ်သက်သည့် အဓိကအချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လာမည့်ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် လျှောက်ထားနိုင်ပြီ

**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၁၇ ခုနှစ် ဧပြီတွင် လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ စောင့်ကြည့်လေ့လာလိုသည့် ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ယနေ့မှစတင်ကာ ၂၀၁၇ ခုနှစ် မတ် ၁၅ ရက်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် လျှောက်ထားနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ ၁၀၀၀၀ ကျော်နှင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ ၁၀၀၀ ကျော်ရှိခဲ့ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ သိရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် နေ့ရက်နှင့် လစ်လပ်မဲဆန္ဒနယ်များကို ပြီးခဲ့သည့် အောက်တိုဘာ ၁၁ ရက်တွင် လည်းကောင်း၊ ကြားဖြတ်ရွေးကောက်ပွဲအတွက် လျာထားလုပ်ငန်းစဉ် အချိန်စာရင်းကို ပြီးခဲ့သည့် အောက်တိုဘာ ၁၈ ရက်တွင်လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

ထို့ပြင် လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၁၆) ဖြင့် လည်းကောင်း၊ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အမိန့်ကြော်ငြာစာအမှတ်၊ (၂/၂၀၁၆)ဖြင့်လည်းကောင်း ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရှိရပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ official website ဖြစ်သည့် http://uecmyanmar.org/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် Download ရယူနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ဘူးသီးတောင်ဆေးရုံ၌ လူမျိုးဘာသာမရွေး ကျန်းမာရေးကုသစောင့်ရှောက်မှုနှင့်အတူ နေရပ်စွန့်ခွာတိမ်းရှောင်လာသည့် ဒေသခံများကိုလည်း ဆောင်ရွက်ပေးလျက်ရှိ

**ဘူးသီးတောင် နိုဝင်ဘာ ၂**

ရခိုင်ပြည်နယ် မောင်တောနှင့် ရသေ့တောင်မြို့နယ်များအတွင်း အောက်တိုဘာ ၉ ရက်က အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်နှင့် နယ်မြေစခန်း၊ ရုံးများအား အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များဖြစ်ပွားပြီး လက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့သည်။ ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ကြရာ ဘူးသီးတောင်မြို့တွင် အထက(ခွဲ) (၁)၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေး ကုသစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းထွန်းကျော်က ပြောကြားသည်။

“အောက်တိုဘာ ၁၂ ရက်မှာ ဘူးသီးတောင်မြို့ကို နေရပ်စွန့်ခွာတိမ်းရှောင်လာတဲ့ ဒေသခံ ၁၃၁၂ ဦးကို ဘူးသီးတောင် အထက(ခွဲ)(၁)မှာ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပြီး လက်ခံထားပေးခဲ့တယ်။ ကျွန်တော်တို့အနေနဲ့ အဲဒီကယ်ဆယ်ရေးစခန်းကို နေ့စဉ်သွားရောက်ပြီး ကုသစောင့်ရှောက်ပေးခဲ့ပါတယ်။ ဒီလိုကုသပေးရာမှာ လူမျိုးဘာသာ အသိုင်းအဝိုင်းမခွဲခြားဘဲ အားလုံးကို တစ်ပြေးညီ ကုသပေးတာဖြစ်ပါတယ်” ဟု ဒေါက်တာသန်းထွန်းကျော်က ပြောသည်။

ဆရာဝန်နှင့် သူနာပြုများသည် ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ရာတွင် လူနာကိုကုသပေးရမည်ဟူသော ခံယူချက်တစ်ခုတည်းဖြင့်သာ ကုသပေးခြင်းဖြစ်သည်။ ယခုအခါ နယ်မြေအခြေအနေ တည်ငြိမ်အေးချမ်းလာပြီဖြစ်၍ ဘူးသီးတောင်မြို့နယ် အထက(ခွဲ) တွင်ဖွင့်လှစ်ထားရှိသော ကယ်ဆယ်ရေးစခန်းရှိ ဒေသခံပြည်သူများမှာ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြရာ ၃၆ ဦးသာ ကျန်ရှိသဖြင့် ၎င်းတို့အား ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့ကာ ကယ်ဆယ်ရေးနှင့် ထောက်ပံ့မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

နေရပ်စွန့်ခွာလာသူများအနက်မှ မွေးဖွားလူနာနှင့် အရေးပေါ်လူနာများကို ဘူးသီးတောင်မြို့နယ်ဆေးရုံသို့ ပြောင်းရွှေ့ကာ မီးဖွားပေးခြင်းနှင့် ကုသပေးခြင်းများဖြင့် ကျန်းမာရေး ကူညီစောင့်ရှောက်မှုများပေးထားသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လူမျိုးဘာသာမခွဲခြားဘဲ တစ်ပြေးညီ ကုသပေးလျက်ရှိသကဲ့သို့ ဆေးဝါးများကိုလည်း အခမဲ့ ဖြည့်ဆည်းထောက်ပံ့ပေးထားခြင်းဖြစ်သည်။

ဘူးသီးတောင်မြို့နယ်ဆေးရုံတွင် တက်ရောက်မီးဖွားနေသော နေရပ်စွန့်ခွာတိမ်းရှောင်သူ ရွာမရွာမှ မမော်ဒီခါတူက “အခုလိုအချိန်မှာ ကောင်းကောင်းမွန်မွန် မီးဖွားပေးတဲ့ ဆရာဝန်၊ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။ အမြွှာကလေးနှစ်ဦးကို မွေးဖွားနိုင်ခဲ့ပေမယ့် ကျွန်မရဲ့ ကျန်းမာရေးက စောင့်ကြည့်ကုသဖို့ လိုအပ်တယ်လို့ သိရတဲ့အတွက် အခုလို ဆေးရုံမှာရှိနေရတာပါ”ဟု ပြောသည်။

ဘူးသီးတောင်ဆေးရုံတွင် တစ်နေ့လျှင် ပြင်ပလူနာ ၅၀ ခန့် လာရောက်ပြသပြီး ကျန်းမာရေးကုသမှု ခံယူလျက်ရှိရာ အများစုမှာ အစ္စလာမ်ဘာသာဝင်များဖြစ်သည်။ ဘူးသီးတောင်ဆေးရုံရှိ ဆရာဝန်ခြောက်ဦး၊ သူနာပြု ၁၇ ဦး၊ သားဖွားဆရာမနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လူမျိုးဘာသာမရွေး နေ့စဉ် ကျန်းမာရေးဆိုင်ရာ ကုသမှုနှင့် စောင့်ရှောက်မှုများ ပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ခရိုင်စုပေါင်းရုံး အဆောက်အအုံဆောက်လုပ်လျက်ရှိ

**ကန့်ဘလူ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ ခရိုင်စုပေါင်းရုံးအဆောက်အအုံကို တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၄၀၀ ဖြင့်တင်ဒါအောင် Radiant Pole Star International ကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသက်လွင်၏ ညွှန်ကြားမှုဖြင့် ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီတို့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ယင်းအဆောက်အအုံမှာ ၂၂၄×၁၇၆ ပေ နှစ်ထပ်အာရ်စီအမျိုးအစားဖြစ်သည်။

အဆိုပါ အဆောက်အအုံ ဆောက်လုပ်မည့်နေရာ၌ အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပန္နက်တင်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



ခရိုင်စုပေါင်းရုံး အဆောက်အအုံပုံစံငယ်ကို တွေ့ရစဉ်

# တိုက်ခိုက်သူများနှင့် ပူးပေါင်းပါဝင်ကူညီခဲ့သူများကို ဖော်ထုတ်အရေးယူနိုင်ရေးဆောင်ရွက်နေ

❖ *ကျောဖုံးမှ*

အကြမ်းဖက်သမားများက အလစ်အငိုက်ရယူ၍ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများ အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက လုပ်ဆောင်ခဲ့သည့် အခြေအနေကို မမြထွေးက သူသိသလောက်ပြောပြနေခြင်းဖြစ်သည်။

မမြထွေးတို့မိသားစု ကြောက်ရွံ့ထိတ်လန့်မှုကြောင့် မောင်တောမှတစ်ဆင့် စစ်တွေကယ်ဆယ်ရေးစခန်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ လက်ရှိအခြေအနေနှင့်ပတ်သက်၍ မမြထွေးက"စစ်တွေ ကယ်ဆယ်ရေးစခန်းမှာ အစစအရာရာ အဆင်ပြေပါတယ်။ ကျွန်မတို့လို ဒုက္ခသည်တွေကို စားရေးသောက်ရေး၊ ကျန်းမာရေးကအစ အကူအညီပေးတဲ့အတွက် ပူပင်စရာမရှိပါဘူး။ အခုတော့ စစ်တွေကယ်ဆယ်ရေးစခန်းကနေ မောင်တောမှာရှိတဲ့ ကယ်ဆယ်ရေးစခန်းကို ပြန်နေပါပြီ"ဟု ဆက်ပြောပြသည်။ သူ့မျက်နှာမှာတော့ စိုးရိမ်သောကရိပ်တချို့ကို မြင်ရဆဲဖြစ်သည်။

မောင်တောခရိုင်အတွင်း နယ်မြေရှင်းလင်းရေးကို တရားဥပဒေနှင့်အညီ ဆောင်ရွက်နေကြောင်း၊ ရည်မှန်းချက်သုံးရပ်ဖြင့် ဆောင်ရွက်နေပြီး တစ်အချက်မှာ အကြမ်းဖက်တိုက်ခိုက်သူများ လက်ထဲပါသွားသည့် လက်နက်များ ပြန်ရရှိရေးကို တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ရပ်ကျေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒုတိယတစ်ချက်မှာ လက်နက်ကိုင်တိုက်ခိုက်မှုများဖြစ်ပွားရာတွင် ကိုယ်တိုင်ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ပြီး တရားဥပဒေနှင့်အညီ ပြတ်သားစွာ အရေးယူသွားမည်ဖြစ်ကြောင်း၊ တတိယတစ်ချက်မှာ တိုက်ခိုက်သူများနှင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့သူများကို စစ်ကြောမှုတွေအရ ဖော်ထုတ်ပြီး တရားဥပဒေနှင့်အညီအရေးယူနိုင်ရေး အဖွဲ့ပေါင်းစုံ ပူးပေါင်းဆောင်ရွက်နေကြောင်း ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက ပြောပြသည်။ ဒါက မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်းမဆို ပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်ပေးရန် လုပ်ရစမြဲ ထုံးစံဖြစ်သည်။ နိုင်ငံတကာ စံနှုန်းတွေအတိုင်း လုပ်ဆောင်နေခြင်းဖြစ်သည့်အတွက် တရားမျှတ မှန်ကန်မှုရှိမည်မှာ ဘာမှစောဒက တက်စရာမရှိ။

အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် ကိုးဦး ကျဆုံးခဲ့ပြီး လက်နက်မျိုးစုံ ၄၈ လက်၊ ကျည်မျိုးစုံ ၆၆၂၄ တောင့်၊ လုံစွပ် ၄၇ ချောင်း၊ ကျည်အိမ် ၁၆၄ ခု ဆုံးရှုံးခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည် ခုခံမှုကြောင့် အကြမ်းဖက်သမားရှစ်ဦး၏ အလောင်းများ ရရှိခဲ့ပြီး နှစ်ဦးအား အရှင်ဖမ်းဆီးရမိခဲ့သည်။

အကြမ်းဖက်သမားများက မောင်တောခရိုင်အတွင်း လှည့်လည်သွားလာ၍ အကြမ်းဖက်မှုများ ဆက်လက်လုပ်ဆောင်လာခဲ့ရာ တပ်မတော်တပ်ရင်းတပ်ဖွဲ့များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ပူးပေါင်း၍ အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ရာ ဒေသများတွင် နယ်မြေရှင်းလင်းမှုဆိုင်ရာ စစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် မကြာခဏ ထိတွေ့မှုများ ဖြစ်ပွားခဲ့ကြောင်း နိုင်ငံတော်သမ္မတရုံး၏ အောက်တိုဘာ ၁၄ ရက် သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၁၆) တွင် ဖော်ပြထားသည်။

ထို့ပြင် ဖမ်းဆီးရမိသော အကြမ်းဖက်သမားနှစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပြန်လည်လွှဲပြောင်းပေးခဲ့သည့် အကြမ်းဖက်သမားနှစ်ဦးတို့ကို ပဏာမစစ်ဆေးဖော်ထုတ်ချက်အရ ယခုဖြစ်စဉ်သည် ပြည်ပမှ ငွေကြေးထောက်ပံ့မှု၊ ပြည်ပအကြမ်းဖက်အဖွဲ့အစည်းဝင်များ၏ ပံ့ပိုးမှု၊ ကူညီမှုတို့ဖြင့် အချိန်ယူကာ စနစ်တကျကြိုတင်ဆောင်ရွက်ခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ကြောင်း၊ ယခုဖြစ်စဉ်သည် ၎င်းဒေသတွင် အများစု ရောက်ရှိနေထိုင်လျက်ရှိသော အစ္စလာမ်ဘာသာဝင်များအတွင်း အစွန်းရောက်အကြမ်းဖက်ဝါဒ တိုးမြင့်လာစေရန် အချိန်ယူ၍ စည်းရုံးသိမ်းသွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မောင်တောဒေသကို ခြေကုပ်ယူ၍ ဘူးသီးတောင်၊ မောင်တောဒေသကို သိမ်းပိုက်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ခြင်းဖြစ်ပြီး အရှေ့အလယ်ပိုင်းနိုင်ငံအချို့ရှိ အစွန်းရောက်ပုဂ္ဂိုလ်များ၏ ငွေကြေးပံ့ပိုးမှု အလုံးအရင်းရယူခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဖြစ်စဉ်သည် RSO အကြမ်းဖက်အဖွဲ့နှင့် ဆက်နွှယ်သော မောင်တောဒေသတွင် လှုပ်ရှားသည့် အကာလ်မူလ် မူဂျာဟီဒင်န်အဖွဲ့၏ ဆောင်ရွက်ချက်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်ဟု နိုင်ငံတော်သမ္မတရုံး၏ သတင်းထုတ်ပြန်ချက်တွင် အတိအလင်းဖော်ပြထားသည်ကို တွေ့ရသည်။

ဖြစ်စဉ်ဖြစ်ပွားသည့်နေ့ကပင် ယခုဖြစ်စဉ်နှင့်ပတ်သက်၍ တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မှာကြားခဲ့ပြီး တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကလည်း နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းများထုတ်ပြန်ထားပြီး ဖြစ်သည်။



**မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ရဲတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်နေစဉ်**
ဓာတ်ပုံ-နေလင်း(သတင်းစဉ်)

ယခုဖြစ်စဉ်သည် သာမန် အကြမ်းဖက်လုပ်ရပ်မျှသာ မဟုတ်ဘဲ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးခြင်းဖြစ်ကြောင်း အားလုံးက သုံးသပ်ကြသည်။

ယနေ့ နံနက်ပိုင်းက ထုတ်လွှင့်ခဲ့သည့် VOA မြန်မာပိုင်း တိုက်ရိုက်လေလှိုင်း အစီအစဉ်တွင် ယခင် ဘူးသီးတောင် လွှတ်တော်အမတ်ဖြစ်သူ ဦးရွှေမောင်က မြန်မာ့တပ်မတော်၊ နယ်ခြားစောင့်ရဲအပါအဝင် အခြားရခိုင်လူငယ်များက အစ္စလာမ်ရွာများကို မီးရှို့ခြင်း၊ အမျိုးသမီးများကို အနိုင်အထက်ပြုကျင့်ခြင်း၊ ကလေးသူငယ်များကို သတ်ဖြတ်ခြင်း၊ အသက်ကြီးတာ ငယ်တာမရွေးဘဲ တရစပ်ပစ်ခြင်းများ ပြုလုပ်ကြောင်း စွပ်စွဲပြောကြားခဲ့သည်။

၎င်းသည် လက်ရှိ ဝါရှင်တန်ဒီစီတွင် ရောက်ရှိနေပြီး မြန်မာသံရုံးရှေ့ ဆန္ဒပြမှုတွင် ဦးဆောင်ပါဝင်နေသည်ဟု သိရသောအခါ ပြည်ပမီဒီယာများက ဖော်ပြနေသည့် မောင်တောဒေသစစ်ဆင်ရေးအတွင်း ဒေသခံအရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်နေသည်၊ ရွာမီးရှို့မှုများ လုပ်နေသည်ဟူသော စွပ်စွဲချက်များမှာ ဘယ်လိုစည်းကိုက်ဝါးကိုက်ဆောင်ရွက်နေခြင်းဖြစ်သည်ကို အားလုံးကသဘောပေါက်ကြသည်။

"အခုဖြစ်သွားတဲ့ကိစ္စက နံပါတ်တစ်အနေနဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာနဲ့ ပြည်ထောင်စုကြီးရဲ့အရေးကို ထိခိုက်တဲ့ ထိပါးမှုတစ်ခုပဲလို့ ပြောချင်တယ်"ဟု ANP ရခိုင်အမျိုးသားပါတီမှ ဦးထွန်းအောင်ကျော်က ဦးရွှေမောင်နှင့်အတူ VOA ၏ မောင်တောအရေးနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးကြစဉ် ရှင်းရှင်းပြတ်ပြတ် ပြောခဲ့သည်ကို ကြားရသည်။

"အခု ဌာနချုပ်တွေနဲ့ ကင်းစခန်းတွေကို ဝင်စီးပြီး လက်နက်အမြောက်အမြားနဲ့ ကျည်ဆန်ပေါင်း သောင်းနဲ့ချီပါသွားတယ်။ လူ့အသက်တွေ ဆုံးရှုံးတယ်။ ဒါပေမယ့် ဒီနေ့ ရဲတပ်ဖွဲ့နဲ့ တပ်မတော်ဟာ အင်မတန်နူးညံ့တဲ့ဘက်နဲ့ ကိုင်တွယ်နေတယ်။ သတိကြီးစွာထားနေရတယ်လို့ ကျွန်တော်တို့ ခံစားရတယ်"ဟု သူ၏အမြင်ကို သုံးသပ်ပြောကြားထားသည်။

ဦးရွှေမောင်ကတော့ ထုံးစံအတိုင်း လုံခြုံရေး ပျော့လျော့စွာ ကိုင်တွယ်သည်ဆိုခြင်းကို သဘောတူခြင်းမရှိ။

အောက်တိုဘာ ၉ ရက်က ဖြစ်စဉ်နှင့် ပတ်သက်၍ ယုတ္တိယုတ္တာရှိစွာ သုံးသပ်ပြီး မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူတစ်ဦးအနေဖြင့် နယ်မြေအချုပ်အခြာအာဏာကို စတင်ထိပါးစော်ကားခဲ့ကြခြင်း၊ RSO အဖွဲ့၏ ကျူးလွန်မှုကို ပြစ်တင်ခြင်း၊ ဝန်ခံခြင်း၊ နောင်မလုပ်အောင် ပြင်းပြင်းထန်ထန်တားဆီးသွားမည်ဖြစ်ကြောင်း တစ်လုံးတစ်ပါဒမှ ပြောကြားသွားခြင်းမရှိသည်မှာ အံ့သြဖွယ်မဟုတ်သော်လည်း သူတို့၏ စိတ်ထားနှင့် ယုံကြည်ချက်က ထူးဆန်းသည်။ အိမ်ရှင်ကို ညှော်သည်က မစော်ကားရဟူသည့် ကျင့်ဝတ်ကို လူတိုင်းနားလည်လက်ခံသော်လည်း သူတို့တွင် ထိုသို့ မရှိ။ တစ်ဦးချင်းအကျိုး၊ မိသားစုအကျိုး၊ ရပ်ရွာအကျိုး၊ မြို့ရွာအကျိုး၊ လူမျိုးအကျိုးထက် နိုင်ငံ့အကျိုးကို ဆောင်ရွက်သင့်သည့် ကျင့်ဝတ်ကိုလည်းနားမလည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်က အပြစ်မရှိအပြစ်ရှာ၊ အလကားနေ အလကား နယ်မြေရှင်းလင်းရေးဆောင်ရွက်နေခြင်းမဟုတ်ဘဲ အချုပ်အခြာအာဏာကို ထိပါးစော်ကားခဲ့သည့်အတွက် မိမိကိုယ်ကိုယ်ကာကွယ်ပိုင်ခွင့်အရ လှုပ်ရှားဆောင်ရွက်နေခြင်း၊ တရားဥပဒေနှင့် အညီ အရေးယူဆောင်ရွက်နေခြင်းဖြစ်သည်ကို အခြားသော ဝေဖန်သုံးသပ်သူများကတော့ သိသည်။ မြင်သည်။ သုံးသပ်ပြောကြားနိုင်စွမ်းလည်း ရှိသည်။

သတင်းစာဆရာ ဦးစည်သူအောင်မြင့်က "စဖြစ်ဖြစ်ချင်းတုန်းကတည်းက အားလုံး သတိထားမိကြပါလိမ့်မယ်။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်ပြီးတော့မှ အစည်းအဝေးခေါ်တယ်။ ချက်ချင်းခေါ်တယ်။ ခေါ်ပြီးတော့မှ တရားဥပဒေစိုးမိုးရေးကို သေချာလုပ်ဖို့ ဆိုပြီးတော့မှ မှာတာတွေ ရှိတယ်။ ပြောချင်တဲ့ သဘောက တစ်ဖက်က အကြမ်းဖက်လို့ဆိုပြီးတော့မှ တပ်မတော်တို့၊ ရဲတပ်ဖွဲ့တို့ ဒီအာဏာပိုင်ဘက်ကနေ ပြန်ပြီးတော့ အကြမ်းဖက်တာတွေ မဖြစ်အောင် စကတည်းက သေချာကို လုပ်တယ်။ ပြီးတော့မှ ပြန်ကြားရေးဝန်ကြီးပါတဲ့အဖွဲ့တွေ လွှတ်ပြီးတော့ နေရာတကာရောက်အောင် သွားပြီး လူမျိုးရေးပဋိပက္ခတွေ မဖြစ်အောင်ထိန်းတယ်။ အဲဒီတော့ လုပ်တဲ့ဟာတွေကို ကြည့်လိုက်တဲ့အခါကျတော့ ဖမ်းမိတဲ့သူတွေရှိတယ်။ ရှိသမျှအကုန်လုံးကို ကျွန်တော်နားလည်သလောက် တရားရုံးကို ပို့နေတယ်။ အဲဒီအချိန်မှာ အဲဒီက သက်ဆိုင်ရာ ရဲတပ်ဖွဲ့ အာဏာပိုင်တွေကလည်း ပြောတယ်။ ကျွန်တော်တို့ ဒီလူတွေ အကုန်လုံးကို တရားရုံးကို တရားစီရင်ရေးအောက်ကို ပို့နေတယ်။ အဲဒီတော့ ICRC လိုမျိုး အချိန်မရွေး လာစစ်ဆေးရင်လည်း ရပါတယ်ဆိုပြီးတော့မှ ပြောတာတွေ ရှိတယ်။ ဒီတော့ ဒါအရင်တုန်းကနဲ့ မတူဘူး။ ၂၀၁၂ တုန်းကနဲ့လည်း မတူဘူး။

"တပ်မတော်နဲ့ ရဲတပ်ဖွဲ့က အစိုးရရဲ့ ညွှန်ကြားချက်အောက်မှာ ဥပဒေထိန်းသိမ်းရေးကို အတော်လေး လုပ်နေတယ်လို့ ကျွန်တော်နားလည်တယ်။ သတင်းတွေကိုလည်း အဆက်မပြတ် စောင့်ကြည့်နေတယ်။ ဒါပေမယ့် ဒီလိုပြောလိုက်လို့ တစ်ချိန်တည်းမှာ ကျွန်တော်တို့ တပ်မတော်ဘက်က၊ ရဲတပ်ဖွဲ့ဘက်က လူ့အခွင့်အရေးချိုးဖောက်တာတွေ ရှိတယ်၊ မရှိဘူး ဒီလိုတော့ ယတိပြတ်ပြောလို့မရဘူး။ တစ်ဖက်က ဘာပြန်ရှိသလဲဆိုတော့ ဒီ လူတွေ အသိုင်းအဝိုင်းကနေပြီးတော့ စွပ်စွဲနေတဲ့ဟာတွေက ကျွန်တော်တို့လည်း သတင်းတွေရနေတယ်။ ဒါပေမယ့် ဒါတွေက စွပ်စွဲချက်တွေ သက်သက်ပဲ။ ခိုင်လုံတဲ့ သတင်းအချက်အလက်တွေနဲ့ ထွက်ပေါ်လာတာ မရှိဘူး"ဟု အဆိုပါ VOA အစီအစဉ်တွင် သုံးသပ်ဆွေးနွေးပြောကြားခဲ့သည်။

ဦးရွှေမောင်ကတော့ "ကမ္ဘာပေါ်မှာ ကိုယ့်အိမ်ကို မီးရှို့တဲ့သူ လုံးဝ မရှိပါဘူး"ဟု ငြင်းဆိုနေဆဲ ဖြစ်သည်။ ၂၀၁၂ ခုနှစ်ကလည်း ခိုင်မာသော သက်သေများနှင့် မိမိတို့အိမ်များကို ကောက်ရိုးထုံးများတင်၍ မီးရှို့ကြောင်း သက်သေသာဓကနှင့် အခိုင်အမာပြောဆိုရှင်းလင်းချက်ကိုလည်း ယခုအထိ ငြင်းဆိုနေဆဲ ဖြစ်သည်။

ANP ရခိုင်အမျိုးသားပါတီမှ ဦးထွန်းအောင်ကျော်က "ကျွန်တော်ကတော့ မြေပြင်အခြေအနေကိုပဲ ပြောချင်ပါတယ်။ အခုကြည့်၊ အကြမ်းဖက်တဲ့သူတွေကို ဖမ်းမမိသေးဘူး။ အဲဒီလူတွေက ရွာထဲတွေမှာ ခိုအောင်းနေတယ်။ ရွာတစ်ရွာကို လုံခြုံရေးအဖွဲ့တွေ ရဲတို့၊ တပ်တို့ သွားတဲ့အချိန်မှာ ကိုယ့်အသက်၊ သူ့အသက်လုရတဲ့ အခြေအနေမျိုးမှာ အဲဒီအချိန်မှာ မိန်းကလေးတစ်ယောက်ကို မုဒိမ်းကျင့်တဲ့ အခြေအနေပေးမှာလား။ အခုစွပ်စွဲတာတွေဟာ အခြေအမြစ်လုံးဝမရှိဘူးလို့ ကျွန်တော့်အနေနဲ့ ပြောနိုင်တယ်"ဟု ဆိုခဲ့သည်မှာ ရှင်းလင်းလွယ်ကူသော အမြင်၊ လယ်ပြင်တွင် ဆင်သွားသလို ရှင်းလင်းလှသော အမြင်ဟု ဆိုချင်ပါကြောင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်က အပြစ်မရှိ အပြစ်ရှာ၊ အလကားနေအလကား နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေခြင်းမဟုတ်ဘဲ အချုပ်အခြာအာဏာကို ထိပါးစော်ကားခဲ့သည့်အတွက် မိမိကိုယ်ကိုယ်ကာကွယ် ပိုင်ခွင့်အရ လှုပ်ရှားဆောင်ရွက်နေခြင်း၊ တရားဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်နေခြင်းဖြစ်**



# မသကာဖွယ်ရာ ဘင်္ဂါလီ နှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်စဉ် နိုဝင်ဘာ ၁ ရက် ညနေ ၄ နာရီခန့်တွင် နွားရုံတောင်ကျေးရွာ၏ အရှေ့ဘက် မီတာ ၂၀၀၀ ခန့်အကွာ၌ မောင်တောမြို့နယ် ဇူလကျေးရွာနေ မသင်္ကာဖွယ်ရာ ဘင်္ဂါလီများဖြစ်သည့် ကာလူမီဟာ(ဘ) မာမတ်အီစမာနှင့် ဂျာမူဟူဆောင်း (ဘ)နိုဟူဆောင်းတို့ နှစ်ဦးအား ဝါဒဖြန့်အသံဖိုင်ပါ တယ်လီဖုန်းတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ ဘင်္ဂါလီနှစ်ဦးအား တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ် (ကျီးကန်းပြင်)သို့ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

**ဖမ်းဆီးရမိသော ဘင်္ဂါလီနှစ်ဦးဖြစ်သည့် ကာလူမီဟာ(ဘ) မာမတ်အီစမာ (ဝဲ)နှင့် ဂျာမူဟူဆောင်း (ဘ)နိုဟူဆောင်း (ယာ)တို့အား တွေ့ရစဉ်**

# ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

(မိုး/ဇလ)

# ညောင်ရွှေမြို့၌ ပထမအကြိမ် အင်းသားအမျိုးသားနေ့အခမ်းအနား ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂**

ပထမအကြိမ်မြောက် အင်းသားအမျိုးသားနေ့ အခမ်းအနားကို ညောင်ရွှေမြို့ အင်းလေးဖောင်တော်ဦးဘုရား၌ အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီက ကျင်းပရာ အင်းလေးဒေသရှိ ရာကျော်ဆွဲလှေများဖြင့် ဖောင်တော်ဦးဘုရားသို့ လှော်ခတ်ကြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးကြသည်။

ထို့နောက် ဖောင်တော်ဦးမြတ်စွာဘုရားအား ရွှေသင်္ကန်းဆက်ကပ်ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ ပထမဆုံးအကြိမ်ကျင်းပသော အင်းသားအမျိုးသားနေ့အခမ်းအနားသည် မင်္ဂလာကျက်သရေနှင့် ပြည့်စုံပြီး ကရင်တိုင်းရင်းသားတစ်ဦးဖြစ်သည့် မိမိအနေဖြင့် နှုတ်ခွန်းဆက်စကားပြောကြားခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နွေးထွေးစွာကြိုဆိုကြသည့် တိုင်းရင်းသားအကြီးအကဲများ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ရှိပြီး တိုင်းရင်းသားတိုင်း အရေးတယူ တန်ဖိုးထားကြသော နေ့ထူးနေ့မြတ် အမျိုးသားနေ့များရှိပါကြောင်း။

ကချင်တိုင်းရင်းသားများနေ့ကို ဇန်နဝါရီ ၁၀ ရက်၊ ကယားတိုင်းရင်းသားနေ့ကို ဧပြီ ၁၀ ရက်၊ ကရင်တိုင်းရင်းသားများနေ့ကို ဖေဖော်ဝါရီ ၁၁ ရက်၊ ပအိုဝ်းတိုင်းရင်းသားများနေ့ကို တပေါင်းလပြည့်၊ မွန်တိုင်းရင်းသားနေ့ကို တပို့တွဲလပြည့်ကျော် ၁ ရက်နှင့် ရှမ်းတိုင်းရင်းသားနေ့ကို ဖေဖော်ဝါရီ ၇ ရက် စသည်ဖြင့် မိမိတို့တိုင်းရင်းသားများ၏ အမျိုးသားနေ့အဖြစ် အသီးသီးသတ်မှတ်ခဲ့ကြောင်း။

အင်းသားတိုင်းရင်းသားများအနေဖြင့် တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ကို မိမိတို့တိုင်းရင်းသားများ၏ အမျိုးသားနေ့အဖြစ် သတ်မှတ်ပြီး အင်းသားအမျိုးသားနေ့ကို ပထမဆုံးအနေဖြင့် ခမ်းခမ်းနားနားသိုက်သိုက်ဝန်းဝန်း ကျင်းပနိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အင်းသားတိုင်းရင်းသားညီအစ်ကို မောင်နှမများအနေဖြင့် မိမိတို့တိုင်းရင်းသားများ၏ တန်ဖိုးရှိလှသော အမျိုးသားနေ့ကို အစဉ်အမြဲထိန်းသိမ်းစောင့်ရှောက်ကြရန် ၊ အခြားတိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့်လည်း ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုများကို တည်ဆောက်ကြရန်၊ နိုင်ငံသားအားလုံးလိုလားတောင့်တနေသော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ် နိုင်ငံတော်ကြီး တည်ဆောက်နိုင်အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။





**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပထမအကြိမ်မြောက် အင်းသားအမျိုးသားနေ့အခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ သဝဏ်လွှာကို ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးက ဖတ်ကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၏ သဝဏ်လွှာအား ရှမ်းပြည်နယ် အမှတ်(၁)အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းလတ်က ဖတ်ကြားသည်။

ဆက်လက်၍ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်နှင့် အင်းသားတိုင်းရင်းသား ကိုဂျင်မီ(ခ)အယ်ကျော်မင်းယုတို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမင်းကိုနိုင်၏ သဝဏ်လွှာကို မမီးမီးက ဖတ်ကြားသည်။

တက်ရောက်လာသော လူထုပရိသတ်ကြီး၏ အင်းလေးဒေသဖွံ့ဖြိုးရေးအတွက် အဆိုပြုချက်များကို ဒေသခံ အင်းသူ အင်းသား သုံးဦးက အဆိုပြုတင်သွင်းရာ ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးက ထောက်ခံအတည်ပြုပြီး ပေးပို့လာသော သဝဏ်လွှာအား မှတ်တမ်းတင်၍ ပွဲဖြစ်မြောက်ရေးဦးစီးကော်မတီကိုယ်စား ဥက္ကဋ္ဌ ဦးမျိုးမင်းဇော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

# နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်ပယ်စုံတွင် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ Gen. Xu Qiliang နှင့် ယမန်နေ့ညပိုင်းတွင် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆောင်ရွက်မှုအခြေအနေ၊ နှစ်နိုင်ငံနယ်စပ်ဒေသရှိ ပြည်သူလူထု လူနေမှုဘဝမြှင့်တင်ရေး၊ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များနှင့် အဆင့်အလိုက် အပြန်အလှန် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ရေး၊ လေ့ကျင့်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နယ်ပယ်စုံတွင် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များအား ဆွေးနွေးကြသည်။

ယင်းနောက် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ Gen. Xu Qiliang တို့ တွေ့ဆုံဆွေးနွေးစဉ်**

# ၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ပြသရောင်းချသွားမည်

**နေပြည်တော် နိုဝင်ဘာ ၂**

အမေရိကန်အစိုးရအနေဖြင့် ကျောက်စိမ်း၊ ပတ္တမြားနှင့် လက်ဝတ်ရတနာများ အပါအဝင် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့ အရေးယူမှုများကို ရုပ်သိမ်းပြီးဖြစ်၍ အနောက်ဥရောပနိုင်ငံများမှ ရတနာကုန်သည်များပါ လာရောက်နိုင်သည့်အတွက် ရတနာပြပွဲများကို နိုင်ငံတကာအဆင့်မီ ကျင်းပပြုလုပ်နိုင်ရေးနှင့် ပြပွဲဆိုင်ရာလုပ်ငန်းများတွင် အားနည်းမှုမရှိစေရေး ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားသည်။

နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ယနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပသည့် ၂၀၁၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ယခင်ကျင်းပခဲ့သည့် ပြပွဲများ၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းအမျိုးအစားများအလိုက် လျာထားအသုံးစရိတ်များကို စနစ်တကျ စိစစ်သုံးစွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းရှင်းလင်း တင်ပြနိုင်ရေးကို ဆောင်ရွက်ထားရမည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဆက်လက်ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။



၂၀၁၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ပြသရောင်းချသွားမည်ဖြစ်သည်။

ပြပွဲတွင် ကျောက်မျက်အတွဲများကို နိုဝင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ လေ့လာကြည့်ရှုနိုင်ပြီး နိုဝင်ဘာ ၂၂ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ထို့ပြင် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ကြည့်ရှုလေ့လာနိုင်ပြီး နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကာ နိုဝင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ယခု ကျင်းပမည့် ၂၀၁၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် နိုင်ငံခြားငွေဖြင့် ပြသရောင်းချသည့် ပြပွဲ ၉၀ ပြည့်မြောက်သည့် ပွဲဖြစ်သည်။ **(သတင်းစဉ်)**

## နေရာကျဲကျဲမှ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ မိုးပိုလာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**(မိုး/ဇလ)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး / ဌာနမိသားစုများ စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး/ဌာန မိသားစုများက လှူဒါန်းသည့် မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာရှိ ဇေတဝန်ကျောင်းတိုက်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရေဆင်းကန်ဦး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် သာသနဓဇဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ပရိသတ်အပေါင်းတို့က ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဇေတဝန်ကျောင်းတိုက်ဆရာတော် ဦးစက္ကိန္ဒထံ ကထိန်လျာ သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း၊ ပါဠိဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်ကြွရောက်တော်မူကြသည့် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**



## အမြဲတမ်းပန်းချီ၊ ပန်းပုပြခန်းဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ၏ အမြဲတမ်းပန်းချီ၊ ပန်းပုပြခန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက မန္တလေးမြို့ လမ်း(၈၀) နှင့် (၂၄)လမ်းထောင့်ရှိ ရှေးဟောင်း သုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ယဉ်ကျေးမှုပြတိုက်(မန္တလေး) ၌ ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်အောင်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာတို့က ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြီးမားဆုံး(လုံးစွပ်) ကျောက်စိမ်းအရိုင်းတုံးကြီး နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ မပါဝင်နိုင်သေး

**နေပြည်တော် နိုဝင်ဘာ ၂**

ဖားကန့်ရတနာမြေ မက်လင်ချောင်အကျိုးတူလုပ်ကွက်မှ ထွက်ရှိသည့် အလေးချိန်တန် ၂၀၀ ခန့်ရှိ အကြီးမားဆုံး(လုံးစွပ်)ကျောက်စိမ်းအရိုင်းတုံးကြီးကို နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ နိုင်ငံခြားငွေဖြင့် ပြသရောင်းချမည့် ၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ပါဝင်ပြသရောင်းချနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

"အဲဒီကျောက်စိမ်းအရိုင်းတုံးကြီးဟာ တူးဖော်စဉ်မှာ အစိတ်အပိုင်း ခြောက်ပိုင်းကွဲထွက်ခဲ့တယ်။ အရွယ်အစားကြီးမားတဲ့အတွက် လမ်းအခြေအနေ၊ သယ်ဆောင်မယ့်ယာဉ်အခြေအနေတွေနဲ့ဆို လောလောဆယ် နေပြည်တော်ကို သယ်ယူဖို့ အဆင်မပြေသေးဘူး။ သယ်ယူလို့ရတဲ့အနေအထားအထိ ဖြတ်တောက်ပြီးမှ နေပြည်တော်ကို သယ်ယူမှာ ဖြစ်ပါတယ်"ဟု မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသူက ပြောသည်။

"နေပြည်တော်ရောက်ရင်လည်း ပြသရောင်းချလို့ရတဲ့ အနေအထားအထိ ရောက်အောင် ဖြတ်တောက်တာတွေ၊ အရောင်တင်တာတွေ ဆောင်ရွက်ရဦးမှာ ဖြစ်ပါတယ်။ ယာဉ်တန်းတွေ၊ လုံခြုံရေးတွေနဲ့ နေပြည်တော်ကို အမြန်ဆုံးရောက်အောင် သယ်ယူသွားမှာ ဖြစ်ပါတယ်။ အနီးစပ်ဆုံးမီတဲ့ ကျောက်မျက်ရတနာပြပွဲမှာ ပြသရောင်းချသွားဖို့ စီစဉ်ထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**မင်းမင်းဇော်(ကလေး)**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာတွင် နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ စာသင်ကျောင်းနှင့်ဈေးများ ပြန်လည်ဖွင့်လှစ်

**မောင်တော နိုဝင်ဘာ ၂**

ရခိုင်ပြည်နယ်မောင်တောခရိုင်အတွင်း အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်၊ စခန်းနှင့် နယ်မြေရုံးတို့ကို ပြီးခဲ့သည့် အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရပြီး လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများဆုံးရှုံးခဲ့ရာ မောင်တောမြို့နယ်အတွင်းရှိ ကြိမ်ချောင်းကျေးရွာမှ ပြည်သူများလည်း ထိတ်လန့်စိုးရိမ်မှုများ ဖြစ်ပေါ်ကာ ကျောင်းများ၊ ဈေးများ ပိတ်ထားခဲ့ရာမှ ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ စာသင်ကျောင်းနှင့် ဈေးများ ပြန်လည်ဖွင့်လှစ်ပြီး ရောင်းဝယ်ဖောက်ကားမှုများနှင့် သွားလာမှုများ ပုံမှန်အတိုင်းရှိနေပြီဖြစ်သည်။

ကြိမ်ချောင်းကျေးရွာဈေး၌ ဆိုင်ခန်းများအားလုံး ဖွင့်လှစ်ရောင်းချလျက်ရှိပြီး နံနက်ပိုင်းတွင် ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားလျက်ရှိသည်။ **(ယာပုံ)** ကြိမ်ချောင်းကျေးရွာသည် အိမ်ခြေ ၁၀၀၁ အိမ်ရှိပြီး လူဦးရေ ၈၄၉၃ ဦးရှိကာ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာဝင်များ အတူတကွယှဉ်တွဲကာ အေးချမ်းတည်ငြိမ်စွာ နေထိုင်လျက်ရှိသည်။ ကြိမ်ချောင်းရွာဈေးသည် အနီးဝန်းကျင်ကျေးရွာများရှိ ဈေးများအနက် အကြီးဆုံးနှင့် အစည်ကားဆုံးသော ဈေးတစ်ခုဖြစ်သည်။

"ကျွန်တော်တို့ကြိမ်ချောင်းရွာဟာ တောင်ရွာ၊ မြောက်ရွာ၊ အလယ်ရွာဆိုပြီးတော့ ရွာသုံးရွာစုပေါင်းထားတဲ့ ကျေးရွာဖြစ်ပါတယ်။ ရခိုင်တိုင်းရင်းသားတွေနဲ့ အစ္စလာမ်ဘာသာဝင်တွေ စုပေါင်းနေထိုင်တဲ့ရွာဖြစ်ပြီး တည်ငြိမ်အေးချမ်းတဲ့ရွာဖြစ်ပါတယ်။ အောက်တိုဘာ ၉ ရက်က အနီးဝန်းကျင်ကျေးရွာအချို့မှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့တာကြောင့် စိုးရိမ်ထိတ်လန့်ပြီး စာသင်ကျောင်းနဲ့ ဈေးကို ပိတ်ထားခဲ့ပေမယ့် အခုတော့ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နေပြီဖြစ်ပါတယ်။ ပြဿနာတစ်စုံတစ်ရာလည်း မရှိခဲ့ပါဘူး" ဟု ကြိမ်ချောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က ပြောသည်။



ကြိမ်ချောင်းကျေးရွာရှိ အချို့နေရာများ၌ နယ်မြေအေးချမ်းမှုရရှိစေရန် ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းကာ ရွာသူ ရွာသားများအနေဖြင့် စိုးရိမ်ပူပန်ပြီး ကျေးရွာမှ ထွက်မပြေးကြရန်၊ နယ်မြေလုံခြုံရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ ပြစ်မှုကျူးလွန်သူများကို သိရှိပါက ဖော်ထုတ်ကူညီပေးကြရန် လက်ကိုင်စပီကာဖြင့် ကြိုတင်အသိပေးမှုများ ပြုလုပ်ခဲ့သဖြင့် အထင်အမြင်လွဲမှားမှုများမရှိခဲ့ဘဲ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ရွာသူရွာသားများ အတူတကွပူးပေါင်းကာ ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နိုင်ခဲ့ကြသည်။

ကြိမ်ချောင်းကျေးရွာသို့ နိုဝင်ဘာ ၂ ရက် မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သံတမန်အဖွဲ့ဝင်များ ရောက်ရှိခဲ့ချိန်တွင် ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာဝင်များ အတူတကွ အေးချမ်းစွာ ယှဉ်တွဲနေထိုင်မှုနှင့်ပတ်သက်၍ သံတမန်တစ်ဦးက မေးမြန်းခဲ့ရာတွင် "ကျွန်တော်တို့ အခုလို အတူတကွ ပူးတွဲပြီး အေးအေးချမ်းချမ်း နေထိုင်နိုင်တာဟာ စီးပွားရေးကောင်းပြီး အသိဉာဏ်ရှိကြလို့၊ ပညာတတ်လို့လည်း ဖြစ်ပါတယ်"ဟု အစ္စလာမ်ဘာသာဝင်တစ်ဦးက ပြန်လည်ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

## ၂၀၁၆ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတွင်ချီးမြှင့်မည့် ချန်ပီယံဆုဖလား မိတ်ဆက်ပြသ




ဆူဇူကီး ချန်ပီယံ ဆုဖလားအား မြန်မာကစားသမားများနှင့်အတူ တွေ့ရစဉ်

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် ချီးမြှင့်မည့် ချန်ပီယံဆုဖလားအား မိတ်ဆက်ပြသပွဲကို ယနေ့နံနက်ပိုင်းက ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ဆူဇူကီးကုမ္ပဏီမှ တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင်ဘောလုံးသမားများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားခဲ့ပြီး ဆူဇူကီးကုမ္ပဏီက အသစ်ထုတ်လုပ်ခဲ့သည့် မော်တော်ယာဉ်များကို မိတ်ဆက်ပြသခဲ့သည်။ ယင်းဆုဖလားမိတ်ဆက်ပွဲကို မြန်မာ့လက်ရွေးစင်ကစားသမားများဖြစ်သည့် ဝင်းမင်းထွဋ်၊ သန်းပိုင်၊ မောင်မောင်လွင်၊ ဆက်ဖြိုးဝေတို့ တက်ရောက်ခဲ့ပြီး ဧည့်သည်တော်များအား မြန်မာအသင်းဂျာစီနှင့် ဘောလုံးများ မဲဖောက်ပေးခဲ့သည်။

အဆိုပါ ချန်ပီယံဆုဖလားကို နိုဝင်ဘာ ၃ ရက် (ယနေ့)နံနက် ၁၀ နာရီမှ ည ၉ နာရီအထိ မြန်မာပလာဇာ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာဘောလုံးပရိသတ်များ လာရောက်ကြည့်ရှုနိုင်ကာ အနုပညာရှင်များနှင့်အတူ ဂိမ်းအစီအစဉ်များ၌ ပါဝင်ကစားနိုင်မည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကြည်စိုး**

## တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၂**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထက်မြန်မာပြည် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံဇုန်အလိုက် အမျိုးသားဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၃ ရက်မှ ၁၃ ရက်အထိ မန္တလေးတက္ကသိုလ်အားကစားကွင်း၌ ပြိုင်ပွဲဝင်အသင်းခုနစ်သင်းပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ဇုန်အလိုက်ပြိုင်ပွဲ (က)အုပ်စုတွင် မန္တလေးဇုန် (၁)၊ တောင်ကြီးဇုန်၊ မုံရွာဇုန်၊ နေပြည်တော်ဇုန်အသင်း၊ (ခ) အုပ်စုတွင် မြစ်ကြီးနား ဇုန်၊ မကွေးဇုန်နှင့် မန္တလေးဇုန်(၂) အသင်းတို့ပါဝင်ကြပြီး နိုဝင်ဘာ ၃ ရက် နံနက် ပွဲစဉ်၌ မန္တလေးဇုန်(၁) အသင်းနှင့် မုံရွာဇုန်အသင်း၊ ညနေပွဲစဉ်တွင် တောင်ကြီးဇုန်အသင်းနှင့် နေပြည်တော်ဇုန်အသင်း၊ နိုဝင်ဘာ ၄ ရက် ညနေပွဲစဉ်တွင် မြစ်ကြီးနားဇုန်နှင့် မန္တလေး ဇုန် (၂)သင်း၊ နိုဝင်ဘာ ၅ ရက် နံနက်ပွဲစဉ်တွင် တောင်ကြီးဇုန်အသင်းနှင့် မုံရွာဇုန် အသင်း၊ ညနေပွဲစဉ်တွင် မန္တလေးဇုန်(၁) နှင့် နေပြည်တော်ဇုန်အသင်း၊ နိုဝင်ဘာ ၆ ရက် ညနေပွဲစဉ်တွင် ပွဲစဉ်(၃)နိုင်သင်းနှင့် မကွေးဇုန်အသင်း၊ နိုဝင်ဘာ ၇ ရက် နံနက် ပွဲစဉ်တွင် နေပြည်တော်ဇုန်အသင်းနှင့်မုံရွာဇုန်အသင်း၊ ညနေပွဲတွင် မန္တလေးဇုန်(၁)အသင်းနှင့် တောင်ကြီးဇုန်အသင်း၊ နိုဝင်ဘာ ၈ ရက် ညနေပွဲတွင် ပွဲစဉ်(၃) ရှုံးသင်းနှင့် မကွေး ဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကာ နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် အကြိုဗိုလ်လုပွဲများနှင့် နိုဝင်ဘာ ၁၃ ရက်တွင် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# MEMORY! နိုင်ငံတကာရုပ်ရှင်ပွဲတော် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ပြင်သစ်သံရုံးနှင့် ပြင်သစ်ယဉ်ကျေးမှုဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် MEMORY! နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို နိုဝင်ဘာ၄ ရက်မှ ၁၃ရက်အထိ ရန်ကုန်မြို့ရှိ နေပြည်တော်ရုပ်ရှင်ရုံ၊ ဝဇီရာရုပ်ရှင်ရုံ၊ မဟာဗန္ဓုလပန်းခြံတို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ပွဲတော်တွင် ကမ္ဘာတစ်ဝန်းမှ ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားပေါင်း ၆၀ ခန့် ပြသသွားမည်ဖြစ်ကြောင်းနှင့် ပြည်တွင်းပြည်ပရှိ ရုပ်ရှင်နယ်ပယ်မှ ပုဂ္ဂိုလ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း၊ ရုပ်ရှင်ပွဲတော်တွင် မြန်မာလူငယ်ရုပ်ရှင်ရိုက်ကူးသူများအတွက် ရည်ရွယ်၍ မြန်မာရုပ်ရှင်ဇာတ်ညွှန်းပြိုင်ပွဲကိုပါ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ အောဝမ်းဦးတင်မောင် ၁၉၃၄ ခုနှစ်တွင် ရိုက်ကူးသည့် ခေတ်ဟောင်းဂန္ထဝင် မြဂနိုင် ရုပ်ရှင်ဇာတ်ကားကြီးအား မူရင်းမပျက် ပြုပြင်ထိန်းသိမ်းထားကာ အဆိုပါရုပ်ရှင်ပွဲတော်၌ ပြသသွားမည်ဖြစ်ကြောင်း ပြန်လည်ပြသရာတွင် သောင်းထိုက်နှင့် ဆိုင်းအဖွဲ့က တီးခတ်ပေးသွားမည်ဟု သိရသည်။ ထို့အပြင် ဒါရိုက်တာ Buster Keaton ရိုက်ကူးခဲ့သော Seven Chances အသံတိတ် ရုပ်ရှင်ဇာတ်ကားကြီးကို ဒါရိုက်တာ ဦးကြည်စိုးထွန်းနှင့် Laurel Art Academy တို့ ပူးတွဲစီစဉ်ကာ တစ်ဖန်ပြန်လည်ဆန်းသစ်ပုံဖော် တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် လဟာပြင်ပိတ်ကားရုပ်ရှင်ပွဲစဉ်များကိုလည်း အထူးအစီအစဉ်အဖြစ် အခမဲ့ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**




# မုံရွာ၌ နိုင်ငံခြားသားစစ်ဆေးကွပ်ကဲမှု နိုဝင်ဘာ ၁ ရက်က စတင်ဆောင်ရွက်

**မုံရွာ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး နိုင်ငံခြားသားစစ်ဆေးမှုကွပ်ကဲရေးရုံးကို မုံရွာမြို့ မြို့တော်ခန်းမတောင်ဘက် ပညာ့အလင်းစာကြည့်တိုက်၌ နိုဝင်ဘာ ၁ ရက်က ဖွင့်လှစ်၍ မုံရွာမြို့ ၃၁ ရပ်ကွက်သို့ တစ်ချိန်တည်း တစ်ပြိုင်တည်း တစ်ရက်တည်းအဖြစ် ပထမဦးဆုံးအကြိမ် စစ်ဆေးခဲ့ကြောင်း တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးစိုးပိုင်မြင့်ထံမှ သိရသည်။

“မုံရွာမြို့က ၃၁ ရပ်ကွက်မှာ နိုင်ငံခြားသားတွေ ဝင်ထွက်သွားလာမှုမှာ နိုင်ငံခြားသားဥပဒေနဲ့အညီ နေထိုင်တာ ဟုတ်မဟုတ် ရှောင်တခင်ဝင်ရောက်စစ်ဆေးတာတွေကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်တဲ့ အစီအစဉ်ပါ။ နိုင်ငံခြားသားဥပဒေအတိုင်း နေထိုင်နေတယ်ဆိုရင် ပြဿနာမရှိပါဘူး။ စည်းကမ်းမဲ့နေထိုင်တာတွေ့ရင်တော့ အရေးယူသွားမှာပါ။ ဗီဇာအမျိုးမျိုးနဲ့ တရားဝင် ဝင်ရောက်လာတဲ့ နိုင်ငံခြားသားတွေ ဗီဇာစည်းကမ်းမဖောက်ဖျက်အောင် ကြပ်မတ်ရင်း ခိုးဝင်လာမယ့် နိုင်ငံခြားသားတွေ၊ တရားမဝင် ဝင်ရောက်လာမယ့် နိုင်ငံခြားသားတွေရှိရင် ဟန့်တားနိုင်ဖို့အတွက်ဖြစ်ပြီး ဒုစရိုက်မှုတွေကို ကြိုတင်ဟန့်တား ကာကွယ်ပြီးသားဖြစ်အောင် ဆောင်ရွက်တာဖြစ်ပါတယ်” ဟု ဦးစိုးပိုင်မြင့်က ပြောသည်။



နိုင်ငံခြားသားစစ်ဆေးကွပ်ကဲခြင်း လုပ်ငန်းများကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည် ဦးဆောင်ကြီးကြပ်၍ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယဦးစီးမှူး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးအဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဝန်ထမ်းများပါဝင်သော တိုင်းဒေသကြီးအဆင့် နိုင်ငံခြားသား စစ်ဆေးကွပ်ကဲမှုများကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံခြားသားများ ဝင်ထွက်သွားလာမှုသည် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ သတင်းပေးမှုသည် ယခုလုပ်ငန်းစဉ်၏ အဓိကအရေးပါသော အခန်းကဏ္ဍဖြစ်ပြီး ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၏ သတင်းပေးမှုဖြင့် စစ်ဆေးကွပ်ကဲရေးအဖွဲ့အနေဖြင့် ကွင်းဆင်းကာ ရှောင်တခင်စစ်ဆေးနိုင်မည်ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စစ်ကိုင်းမြို့၊ ရွှေဘိုမြို့၊ ကလေးမြို့၊ တမူးမြို့တို့၌ နိုင်ငံခြားသား စစ်ဆေးကွပ်ကဲခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ရာ ငါးမြို့မြောက်အဖြစ် မုံရွာမြို့တွင် စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မှုမျိုးကို နောက်ထပ် တစ်လ အကြာတွင်ဖြစ်စေ၊ နှစ်လခန့်တွင်ဖြစ်စေ ဆက်လက်ပြုလုပ် သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေတွင် အခွင့်လက်မှတ်များနှင့် နိုင်ငံကူးလက်မှတ်ပေါ်တွင် ပါရှိသည့် ပြည်ဝင်ဗီဇာများသည် ပြဋ္ဌာန်းထားသောစည်းကမ်းချက်များ၊ အဆိုပါလက်မှတ်များတွင် ဖော်ပြထားသောစည်းကမ်းချက်များနှင့် အညီ ဖြစ်စေရမည်ဟု ပြဋ္ဌာန်းပါရှိသလို နိုင်ငံခြားသားများ မှတ်ပုံတင်ရေးအက်ဥပဒေတွင် လူဝင်မှုကြီးကြပ်ရေးအရာရှိ တစ်ဦးသည် မည်သည့်နေရာ (သို့) မည်သည့်ယာဉ်သို့မဆို ဝင်ရောက်၍ မည်သူ့အားမဆို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကိုဖြစ်စေ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေတစ်ခုခုကိုဖြစ်စေ ဆန့်ကျင်နေသည် (သို့) ဆန့်ကျင်ခဲ့သည်ဟု (သို့) ဆန့်ကျင်ဆဲဖြစ်သည်ဟု သင်္ကာမကင်း၍ ယုတ္တိရှိလျှင် ဝရမ်းမပါဘဲဖမ်းဆီးနိုင်သည်ဟု ပါရှိကြောင်း တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဓာတ်အားပြတ်တောက်မှု အကြိမ်ရေလျော့နည်းစေရန်နှင့် ဓာတ်အားစဉ်ဆက်မပြတ် ရရှိစေရေးဆောင်ရွက်

**ညောင်လေးပင် နိုဝင်ဘာ ၂**

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု အကြိမ်ရေ လျော့နည်းစေရန်နှင့် ဓာတ်အား စဉ်ဆက်မပြတ်ရရှိစေရေး အတွက် မကြာခဏ ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်နေသော ၃၃ ကေဗွီ ဒိုက်ဦး ဖီဒါဓာတ်အားလိုင်းကို ကွန်ကရစ်တိုင်ရှည်ဖြင့် မြှင့်တင်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂ ရက် နံနက် ၈ နာရီက ညောင်လေးပင်မြို့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ညောင်လေးပင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမောင်စိုး ဦးဆောင်မှုဖြင့် လိုင်းတာဝန်ခံများ၊ ဒိုက်ဦးမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများ ပူးပေါင်း၍ ညောင်လေးပင်မြို့၊ မြို့မ(၄) ထူပါရုံရပ်ကွက် မြဝတီထပ်ဆင့်လွှင့်စက်ရုံအနီး၌ ၃၃ ကေဗွီ ဒိုက်ဦး ဖီဒါဓာတ်အားလိုင်းနှင့် ၁၁ ကေဗွီ ပိန်းဇလုပ် ဖီဒါဓာတ်အားလိုင်းတို့ ဖြတ်သန်းရာတွင် လိုင်းနှစ်လိုင်းသည် အထက်အောက် နှစ်ပေခန့်သာရှိပြီး ၁၁ ကေဗွီ လိုင်းပေါ်သို့ ငှက်များနား၍ ထပ်ပျံစဉ် လိုင်းလျှပ်ခတ်မှုကြောင့် လိုင်းနှစ်လိုင်း နီးကပ်မှုဖြစ်ပေါ်ပြီး ၃၃ ကေဗွီ ဒိုက်ဦးဖီဒါမှာ မကြာခဏ ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်နေသဖြင့် ယခင် ၂၃ ပေရှိ သံတိုင်ကို ၃၃ ပေ မြင့်သော ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်မြှင့်တင်ပေးခြင်းဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

အဆိုပါ ၃၃ ကေဗွီ ဒိုက်ဦး ဖီဒါဓာတ်အားလိုင်းသည် သာယာကုန်းခွဲရုံမှ ဓာတ်အားပေးခြင်းဖြစ်ကာ ယင်းလုပ်ငန်းဆောင်ရွက်မှုကြောင့် ညောင်လေးပင်မြို့၊ ဖဒိုမြို့၊ ပိန်းဇလုပ်မြို့၊ ပြွန်တန်ဆာမြို့၊ ဒိုက်ဦးမြို့၊ ဖောင်တော်သီကျေးရွာနှင့် ဒုံရစ်ကျေးရွာတို့၌ ယာယီဓာတ်အားပြတ်တောက်ခဲ့ပြီး ယခုအခါ မကြာခဏ ဓာတ်အားပြတ်တောက်မှု မရှိတော့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အောင်စိုးမိုးကျော် - ၂ အမြန်ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်တွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များအား တစ်ဆင့်မြင့်ရာထူးတိုး

**မုံရွာ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် မိချောင်းတွင်းကျေးရွာအနီး ချင်းတွင်းမြစ်အတွင်း အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက တိမ်းမှောက်နစ်မြုပ်ခဲ့သည့် အောင်စိုးမိုးကျော်-၂ အမြန်ရေယာဉ် နစ်မြုပ်မှုဖြစ်စဉ်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင် လေးဦးအား တစ်ဆင့်မြင့်ရာထူးတံဆိပ် တိုးမြှင့်တပ်ဆင်ပေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သန့်နိုင်က မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်တွင် ကူညီရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံများနှင့် ပူးပေါင်းပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ သာမန်လူတိုင်း လုပ်ဆောင်နိုင်ရန်ခက်ခဲသည့် သေဆုံးသူများ၏ ရုပ်အလောင်းများ ဆယ်ယူရေးလုပ်ငန်းများအပြင် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့်အတွက် ယခုလို တစ်ဆင့်မြင့်ရာထူးများ တိုးမြှင့်ပေးမှုအပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားပြီး တာဝန်ရှိသူများက မီးသတ်တပ်ဖွဲ့ဝင်လေးဦးအား တစ်ဆင့်မြင့်ရာထူးတံဆိပ်များ တပ်ဆင်ပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက နစ်မြုပ်ရေယာဉ်ဆယ်ယူရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ခဲ့သည့် မြို့မိမြို့ဖ ဦးမျိုးဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မုံရွာမြို့နယ် မုံရွေးနယ်မြေမီးသတ်စခန်းမှ တပ်သား မြနိုင်၊ အလုံနယ်မြေ မီးသတ်စခန်းမှ တပ်သားတင့်လွင်ဦး၊ မြို့နယ်မီးသတ်စခန်းမှ တပ်သားဇော်ဌေးနှင့် တပ်သား ဇော်လင်းမောင်တို့ လေးဦးအား တစ်ဆင့်မြင့်ရာထူးတံဆိပ်များ တိုးမြှင့်တပ်ဆင်ပေးခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**

# အင်ဒိုနီးရှားအလုပ်သမားများသယ်ဆောင်လာသော အမြန်ရေယာဉ် နစ်မြုပ်၍ လူ ၂၀ ထက်မနည်းသေဆုံး

**ဂျကာတာ နိုဝင်ဘာ ၂**

မလေးရှားနိုင်ငံမှ အင်ဒိုနီးရှားအလုပ်သမားများ သယ်ဆောင်လာသော အမြန်ရေယာဉ်တစ်စင်းသည် ရာသီဥတုဆိုးရွားမှုကြောင့် နိုဝင်ဘာ ၂ ရက်က နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ ၂၀ထက်မနည်းသေဆုံးခဲ့ကြောင်း အင်ဒိုနီးရှားရဲများက ပြောကြားခဲ့သည်။

နံနက် ၅ နာရီခန့်က ဘက်တန်ကျွန်းကမ်းလွန်တစ်နေရာတွင် နစ်မြုပ်ခဲ့သော ယင်းအမြန်ရေယာဉ်ပေါ်တွင် စုစုပေါင်း လူ ၉၀ လိုက်ပါလာခဲ့ကြောင်း ဘက်တန်ကျွန်းရဲချုပ် ဆမ်ဘူတီ ဂက်စ်တီယန်ကပြောကြားခဲ့သည်။ ကယ်ဆယ်ရေးလုပ်ငန်းများကို နာရီအတော်ကြာ လုပ်ဆောင်ခဲ့သော်လည်း ယခုအချိန်အထိ လူ ၃၉ ဦးသာ ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

အသက်ရှင်ကျန်ရစ်သူ အသက်၅၁နှစ်ရှိ ဟာရမ်တိုက အမြန်ရေယာဉ်သည် မလေးရှား နိုင်ငံ ဂျိုဟော ဘာရူမှထွက်ခွာပြီး ၂ နာရီအကြာ ဘက်တန်ကျွန်းကမ်းလွန်တစ်နေရာ အရောက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး လှိုင်းထန်သည့်အတွက် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ အမြန်ရေယာဉ်ပေါ်တွင် လူများကျပ်သိပ်နေကြောင်း ၄င်းကဆက်လက်ပြောကြားခဲ့သည်။

ရဲဘက်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးရဟတ်ယာဉ်များနှင့် လှေ ၁၂စင်းထက်မနည်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ခဲ့ကြောင်းသိရသည်။

**(ဆင်ဟွာ)**



# လွတ်လပ်ရေးထောက်ခံဥပဒေပြုသူနှစ်ဦး ပါလီမန်၌ လုံခြုံရေးဝန်ထမ်းနှင့် ရုန်းရင်းဆန်ခတ်ဖြစ်



**ဟောင်ကောင် နိုဝင်ဘာ ၂**

တရုတ်မှ ဟောင်ကောင်အားခွဲထွက်ရန်ဆန္ဒရှိသည့် ဥပဒေပြုသူနှစ်ဦး ပါလီမန်၌ နိုဝင်ဘာ ၂ ရက်က လုံခြုံရေးနှင့် ခိုက်ရန်ဖြစ်ပွားခဲ့ရာ တစ်ဦးကို အပြင်သို့ ဆွဲထုတ်ခဲ့ရကြောင်း ချန်နယ်နယူးအေးရှသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံက တင်းကျပ်စွာချုပ်ကိုင်မှုများကြောင့် ပူးတွဲအုပ်ချုပ်ခံနေရသော ဟောင်ကောင်တွင် စိုးရိမ်မှုများမြင့်တက်လာခြင်းက လွတ်လပ်သော လှုပ်ရှားမှုများကို ဦးတည်ဖြစ်ပေါ်စေခဲ့သည်။

ဥပဒေပြုအဖွဲ့အတွင်း ဆူပူမငြိမ်သက်မှုများ သုံးပတ်မြောက်ဖြစ်လာချိန်တွင် လွတ်လပ်ရေးထောက်ခံသည့် ဥပဒေပြုသူများဖြစ်သည့် ဘက်ဂီယိုလျန်နှင့် လျူဝါဝေချင်းတို့သည် လွတ်လပ်သော လှုပ်ရှားမှုများမပြုလုပ်ရန် တားဆီးသည့်ကြားမှ ပါလီမန်ထဲသို့ ဝင်ရောက်လာခဲ့သည်။ ၄င်းတို့အား ပါလီမန်ထဲတွင် ဆက်လက်ရှိရေး၊ မရှိရေးနှင့် ပတ်သက်ပြီး ဆိုင်းငံ့ထားကြောင်းသိရသည်။

လျူဝါဝေချင်းသည် ဟောပြောစင်သို့ တက်သွားပြီး ၄င်း၏ ကျမ်းသစ္စာကျိန်ဆိုမှုကို ဖတ်ကြားခဲ့ရာ အမျိုးသမီးလုံခြုံရေး ဝန်ထမ်းများက ၄င်းကိုဝိုင်းရံထားစဉ် ပြန်လည်ခုခံရန် ကြိုးပမ်းခဲ့သောကြောင့် ပါလီမန်အပြင်ဘက်သို့ ဆွဲထုတ်ရန် ကြိုးစားခဲ့ကြောင်း သိရသည်။ ဘက်ဂီယိုသည်လည်း လွတ်လပ်ရေး ထောက်ခံသူများခြံရံလျက် ၄င်းကို ဝိုင်းရံထားသော လုံခြုံရေးဝန်ထမ်းများကို ဆန့်ကျင်ရန်ကြိုးစားခဲ့ကြောင်း သိရသည်။

ပေကျင်း ထောက်ခံဥပဒေပြုသူများက ၄င်းတို့နှစ်ဦးသည် ကျမ်းသစ္စာကျိန်ဆိုမှုပြုလုပ်ရန် အရည်အချင်းရှိသူများမဟုတ်ကြောင်း ပြောကြားခဲ့သည်။ ပါလီမန်အစည်းအဝေးကိုလည်း ခေတ္တဆိုင်းငံ့ထားရကြောင်းသိရသည်။ ဒီနေ့တာဝန်မှာ ကျမ်းသစ္စာကျိန်ဆိုမှုပြုလုပ်ရန် ဖြစ်ကြောင်း၊ ကျမ်းသစ္စာကျိန်ဆိုနိုင်ခဲ့ကြောင်း ပါလီမန်အပြင်သို့ရောက်ရှိစဉ် လျူဝါဝေချင်းက သတင်းထောက်များကိုပြောခဲ့သည်။

**(ချန်နယ်နယူးအေးရှ)**

## ၂၀၁၆ ခုနှစ်အတွက် ဝင်ငွေအကောင်းဆုံး အလုပ်အကိုင် ၁၀ ခုကို ထုတ်ပြန်

**လန်ဒန် နိုဝင်ဘာ ၂**

ဗြိတိန်အမျိုးသားစာရင်းအင်းဆိုင်ရာရုံးမှ နိုဝင်ဘာ ၂ ရက်တွင် ထုတ်ပြန်ခဲ့သည့် ၂၀၁၆ ခုနှစ်အတွက် ဝင်ငွေအကောင်းဆုံး အလုပ်အကိုင် ဆယ်ခုတွင်ထိပ်တန်းနေရာမှရပ်တည်နေသည့်အလုပ်များတွင် ထိပ်တန်းမန်နေဂျာများ၊ လေယာဉ်မှူးများ၊ ဥပဒေအကြံပေးများပါဝင်ကြောင်း သိရသည်။

သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များကို အခြေခံ၍ ဗြိတိန်အမျိုးသားစာရင်းအင်းဆိုင်ရာရုံးမှ စစ်တမ်းကောက်ယူခဲ့ကြောင်း သိရသည်။

ထို့အပြင် အမှုဆောင်အရာရှိချုပ်များနှင့် အဆင့်မြင့်အရာရှိများသည်လည်း တစ်နှစ်လျှင် ၈၅၂၈၅ ပေါင် ခန့်ရရှိပြီး ထိပ်တန်းဝင်ငွေအကောင်းဆုံး စာရင်းတွင် ပါဝင်ကြောင်းသိရသည်။

ထုတ်ပြန်ခဲ့သော ထိပ်တန်းဝင်ငွေ အကောင်းဆုံး အလုပ်အကိုင်များမှာ ၁။ အမှုဆောင်အရာရှိချုပ်နှင့် အဆင့်မြင့်အရာရှိများ ၂။ လေယာဉ်မှူးများနှင့် လေယာဉ်အင်ဂျင်နီယာများ ၃။ လေကြောင်းထိန်းသိမ်းရေးမှူးများ ၄။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လုပ်ကိုင်သူများ ၅။ ဈေးကွက်ရှာဖွေရေးနှင့် အရောင်း ညွှန်ကြားရေးမှူးများ ၆။ ဥပဒေအကြံပေးများ ၇။ နည်းပညာနှင့် သတင်းအချက်အလက်ညွှန်ကြားသူများ ၈။ ပွဲစား များ ၉။ ရဲအရာရှိများနှင့် ၁၀။ ငွေကြေးဆိုင်ရာမန်နေဂျာများနှင့် ညွှန်ကြားရေးမှူးများဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

**(သည်အင်ဒီပင်းန်ဒင့်န်)**

# စင်ကာပူနိုင်ငံအနောက်ပိုင်း စီမံကိန်းနေရာရှိ ကုန်လှောင်ရုံမီးလောင် လူခုနစ်ဦးအား ကယ်ဆယ်နိုင်ခဲ့

**စင်ကာပူ နိုဝင်ဘာ ၂**

နိုဝင်ဘာ ၂ရက် နံနက်ပိုင်းက စင်ကာပူနိုင်ငံအနောက်ပိုင်း စီမံကိန်းနေရာတစ်ခုဖြစ်သည့် Sungei Kadut ၌သုံးထပ်သိုလှောင်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်သမားများက လူခုနစ်ဦးကို ကယ်ဆယ်ခဲ့ရကြောင်း ချန်နယ်နယူးအေးရှသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကုန်လှောင်ရုံနှင့်တွဲဆက်လျက်ရှိသော ရုံးအဆောက်အအုံတစ်လုံးထဲ၌ လူခုနစ်ဦးပိတ်မိနေကြောင်း စင်ကာပူမြို့ပြကာကွယ်ရေးတပ်ဖွဲ့ (SCDF) ကပြောခဲ့သည်။ လူသုံးဦးကို အမိုးပေါ်မှကယ်တင်ခဲ့ရပြီး လူလေးဦးကို တတိယထပ်လသာဆောင်မှ ကယ်တင်ခဲ့ရကြောင်း၊ တစ်ဦးတစ်ယောက်မှ ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

မီးသတ်ပိုက် ခုနစ်ခုနှင့် မီးသတ်သမား ၅၀ ကျော်တို့သည် ငါးနာရီကျော်ကြာအောင် မီးငြှိမ်းသတ်ခဲ့ရကြောင်း သိရသည်။ “နံနက် ငါးနာရီခန့်တွင် မီးလောင်နေသည်ကိုသိခဲ့ရပြီး မီးသတ်ကား ၁၉ စီးနဲ့ တာဝန်ရှိသူတွေကို အခင်းဖြစ်ပွားရာနေရာ၌ ဖြန့်ကြက်ထားခဲ့ကြောင်း (SCDF) ကပြောခဲ့သည်။

ဒုတိယဗိုလ်မှူးကြီးမိုက်ကယ်လ်ချာက လူခုနစ်ဦးကို ကယ်ဆယ်ခဲ့ကြောင်း၊ ၄င်းတို့မှာ ကျန်းမာရေးကောင်းကြောင်း မီဒီယာများသို့ပြောကြားခဲ့သည်။

ကုန်လှောင်ရုံ၏ ခေါင်မိုးမှာ မီးစွဲလောင်မှုကြောင့် ပြိုကျပျက်စီးခဲ့ကြောင်း၊ ထို့အပြင် ဒုတိယထပ် ကြမ်းခင်းများမှာလည်း အနည်းငယ်ပျက်စီးသွားကာ တတိယထပ်ကြမ်းခင်းများမှာ မီးခိုးများနှင့် အပူဒဏ်ကြောင့် ပျက်စီးခဲ့ကြောင်း (SCDF) က ပြောခဲ့သည်။

**(ချန်နယ်နယူးအေးရှ)**



# ထောက်ပံ့အကူအညီပေးမှု ရပ်စဲခြင်း၊ ရွာများကိုမီးရှို့ခြင်းအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေသည်ဟု မဟုတ်မမှန်စွပ်စွဲချက်များအပေါ် မှန်ကန်မှုမရှိကြောင်း နိုင်ငံတကာအသိုက်အဝန်းသို့ပြသ

စစ်တွေ နိုဝင်ဘာ ၂

**ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များနှင့် ပတ်သက်၍ အစိုးရအဖွဲ့၏ လက်ရှိဆောင်ရွက်ထားသည့် အခြေအနေများကိုသိရှိနိုင်ရန် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး/လူသားချင်းစာနာမှု အကူအညီပေးရေးညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအချို့၏ မေတ္တာရပ်ခံချက်ဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်ဦးဆောင်သည့် UNDPကိုယ်စားလှယ်နှင့် သံအမတ်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးစဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိကြသည်။**



ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များနှင့် ပတ်သက်၍ ရှင်းလင်းစဉ်

စစ်တွေလေဆိပ်ခန်းမတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က မောင်တောနှင့် ရသေ့တောင်မြို့နယ်များတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်များအပြီးတွင် အစိုးရက ဥပဒေနှင့်အညီ ဖြေရှင်းလျက်ရှိကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်အား ဖြေရှင်းရာတွင် အစ္စလာမ်ဘာသာဝင်များအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ အထောက်အထားမဲ့စွပ်စွဲ၍ ဖမ်းဆီးခြင်း၊ အမျိုးသမီးများကို အတင်းအဓမ္မပြုကျင့်ခြင်း၊ နေအိမ်များအား ရွာလုံးကျွတ်မီးရှို့ခြင်းတို့ကို ပြုလုပ်လျက်ရှိသည်ဟူသော ပြင်ပသတင်းများမှာ ဟုတ်မှန်မှု မရှိကြောင်း၊ ယခုမြေပြင်တွင် အမှန်တကယ် လက်တွေ့ကွင်းဆင်းလေ့လာ သုံးသပ်ဆုံးဖြတ်နိုင်ရန် လိုက်လံပြသပေးမည်ဖြစ်ကြောင်းနှင့် မြေပြင်တွင် တွေ့ရှိရမည့် အစ္စလာမ်ဘာသာဝင်များအား ကိုယ်တိုင်မေးမြန်းနိုင်ကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ထားသည့်အတိုင်း ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့အနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ်ဖက်မျှမျှတတရှိစေရန် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ကွပ်ကဲဆောင်ရွက်လျက်ရှိကြောင်း UNDP ကိုယ်စားလှယ်နှင့် သံအမတ်ကြီးများအား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ UNDP ကိုယ်စားလှယ်နှင့် သံအမတ်ကြီးများသည် ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ ရောက်ရှိပြီး မောင်တောမြို့နယ် ကျီးကန်းပြင် အမှတ် (၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ရုံး ရှင်းလင်းဆောင်၌ မောင်တောနှင့် ရသေ့တောင်မြို့နယ်များအတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်၊ အကြမ်းဖက်မှုဖြစ်စဉ်နောက်ပိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို မှတ်တမ်းအထောက်အထား အပြည့်အစုံဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်နယ်အစိုးရတို့မှ တာဝန်ရှိသူများက ရှင်းလင်းသည်။

UNDP ကိုယ်စားလှယ်နှင့် သံအမတ်ကြီးအချို့က သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် အဖွဲ့များသည် နေအိမ်ငယ်အချို့ကို မီးရှို့ထားခဲ့သည့် ဝါးပိတ်ကျေးရွာသို့ သွားရောက်ကြည့်ရှုသည်။

ယင်းနောက် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု စတင်ဖြစ်ပွားသည့် ကျီးကန်းပြင်ကျေးရွာသို့ သွားရောက်ရာ ဝါးပိတ်ကျေးရွာနှင့် ကျီးကန်းပြင်ကျေးရွာတို့မှ တိမ်းရှောင်ပုန်းအောင်းနေသည့် အစ္စလာမ်ဘာသာဝင်များသည် ၎င်းတို့ ပုန်းအောင်းသည့်နေရာများမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ UNDP ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများကို လာရောက်တွေ့ဆုံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇင်ပိုင်ညာကျေးရွာတွင် နေထိုင်လျက်ရှိသည့် အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ UNDP ကိုယ်စားလှယ်နှင့် သံအမတ်ကြီးများသည် ရခိုင်၊ ဒိုင်းနက်၊ မြို၊ နှင့် အစ္စလာမ်ဘာသာဝင်များ သင့်မြတ်စွာ စုပေါင်းနေထိုင်လျက်ရှိသည့် ကြိမ်ချောင်းကျေးရွာသို့ သွားရောက်ခဲ့သည်။

ယင်းနောက် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်တွင် တပ်မတော်သားငါးဦး ကျဆုံးခဲ့သည့် ပြောင်ပိုက်ကျေးရွာသို့ သွားရောက်ခဲ့ကြပြီး အဆိုပါကျေးရွာဝန်းကျင်တွင် နေထိုင်သည့် အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒိုးတန်းကျေးရွာ၊ ငါးခူရကျေးရွာများသို့ ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယခုခရီးစဉ်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များတွင် ရဲစခန်းများအား အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများ ခံခဲ့ရသဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းဆောင်ရွက်မှုများ ရှိခဲ့သော်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေသည်ဟု မဟုတ်မမှန် စွပ်စွဲချက်များအပေါ် မှန်ကန်မှုမရှိကြောင်း နိုင်ငံတကာအသိုက်အဝန်းသို့ ပြသနိုင်ခဲ့ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**



ပြောင်ပိုက်ကျေးရွာဝန်းကျင်ရှိ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံစဉ်



ဝါးပိတ်ကျေးရွာ၌ မီးရှို့ထားသည့် အိမ်နှင့် မီးမရှို့ထားသည့် အိမ်များအား ကြည့်ရှုကြစဉ်

## မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ်တပ်ဆင်အသုံးပြုရန် အသိပေးနှိုးဆော်

၁။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက် (၂၀၁၄-၂၀၂၀)အား အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဦးစားပေးလုပ်ငန်း အစီအမံ(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ "မော်တော်ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စီးနင်းစေရေး" လုပ်ငန်းစဉ်လည်း အပါအဝင်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း မော်တော်ယာဉ်(မော်တော်ဆိုင်ကယ်မပါ)ကြောင့် ဖြစ်ပွားသော ယာဉ်တိုက်ခိုက်မှုများတွင် သေဆုံးသူ ၂၁၅၉ ဦးရှိရာ မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် အသုံးမပြုခြင်းကြောင့် သေဆုံးမှုအများဆုံးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ပါ၍ မော်တော်ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စီးနင်းစေရေး လုပ်ငန်းစဉ်အား တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၌ အသုံးပြုနေသည့် မော်တော်ယာဉ်များ၌ အသက်ကယ်ထိုင်ခုံခါးပတ်များ ပြည့်စုံစွာပါရှိစေရေးအတွက် သတ်မှတ်ချက်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အောက်ပါအတိုင်း သတ်မှတ်ထုတ်ပြန်ထားပြီးဖြစ်ပါသည်-

(က) ကနဦး မှတ်ပုံတင်ယာဉ်များ စစ်ဆေးရာတွင် မူလထုတ်လုပ်သူ၏ စံသတ်မှတ်ချက်ပုံစံအတိုင်း အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) ပါရှိကြောင်း စစ်ဆေးပြီး ပြည့်စုံမှသာလျှင် မှတ်ပုံတင်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးပါမည်။

(ခ) နှစ်လဲနှင့် အခြားမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်သည့်ယာဉ်များကို ယာဉ်စစ်ဆေးရာတွင် "6C" အက္ခရာနှင့်အထက် လူစီးယာဉ်များအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) များ တပ်ဆင်ပါရှိရမည်၊ "6C" အက္ခရာအောက် ယာဉ်ဖြစ်သော်လည်း ၁၉၉၅ ခုနှစ်နှင့်အထက် ထုတ်လုပ်သည့်ယာဉ်များဖြစ်ပါက မူလစက်ရုံထုတ်ပုံစံတွင် ပါရှိသည့်အတိုင်း အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt)တပ်ဆင်ပါရှိရမည်၊ Pick Up, Light Truck, Track, City Bus ယာဉ်များတွင် ယာဉ်မောင်းသူ အသက်ကယ်ထိုင်ခုံခါးပတ် (Driver Seat Belt) မဖြစ်မနေ တပ်ဆင်ပါရှိရမည်၊ ကျောင်းသားများသယ်ယူပို့ဆောင်သော ကျောင်းသုံးယာဉ် (School Bus) များနှင့် အဝေးပြေးခရီးသည်ပို့ဆောင်သော အဝေးပြေးယာဉ် (Express Bus)များ အားလုံး ယာဉ်မောင်းနှင့် စီးနင်းသူများအတွက် အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) ပြည့်စုံစွာ တပ်ဆင်ပါရှိ ရမည်။

(ဂ) အထက်အပိုဒ်ပါ အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) မပါရှိသော ယာဉ်များနှင့် ကောင်းမွန်စွာ အသုံးပြုနိုင်ခြင်းမရှိသော ယာဉ်များအား မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းပြုမည်မဟုတ်ပါ။

၄။ အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) ပြည့်စုံစွာတပ်ဆင်ထားရှိမှုနှင့် ကောင်းမွန်စွာ အသုံးပြုနိုင်မှု ရှိ၊ မရှိ စစ်ဆေး၍ အရေးယူဆောင်ရွက်ခြင်းအား ကနဦးမှတ်ပုံတင်ယာဉ်များအတွက် လက်ရှိစိစစ်ဆောင်ရွက်လျက်ရှိပြီး နှစ်လဲမှတ်ပုံတင်ယာဉ်များအတွက် (၁-၁၁-၂၀၁၆)ရက်နေ့ မှ စတင်၍ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ရာ ယာဉ်ပိုင်ရှင်များအနေဖြင့် (၁-၁၁-၂၀၁၆) ရက်နေ့မတိုင်မီ ပြည့်စုံကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများအနေဖြင့်လည်း အသက်ကယ်ထိုင်ခုံခါးပတ်များ (Seat Belt) ကို မပျက်မကွက် ဝတ်ဆင်ပြီးမှ မောင်းနှင်စီးနင်းကြရန်ဖြစ်ပါသည်။ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်၍ မောင်းနှင်ခြင်း၊ စီးနင်းခြင်းအား (၁-၁၁-၂၀၁၆)မှ (၃၁-၁၂-၂၀၁၆) ရက်နေ့အထိ ပညာပေးကာလအဖြစ် သတ်မှတ်စစ်ဆေးပညာပေးသွားမည်ဖြစ်ပြီး (၁-၁-၂၀၁၇)ရက်နေ့မှစတင်၍ ဝတ်ဆင်အသုံးမပြုသူများအား မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

# မြနန်းစံကျော်ယဉ်ကျေးမှုပြတိုက်တွင် မြက်ခင်းပြင်ပန်းခြံ ဆောင်ရွက်ပေးမည်



**မန္တလေး နိုဝင်ဘာ ၂**
မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်ယဉ်ကျေးမှုပြတိုက် အဆင့်မြှင့်တင်ခင်းကျင်းပြသခြင်းလုပ်ငန်းနှင့် နန်းတော်အနီးရှိ မင်းကိုးပါးအမှတ်တရ ကျောက်တိုင်အနီးတွင် လာရောက်လေ့လာကြည့်ရှုသူများ အပန်းဖြေအနားယူနိုင်စေရန်အတွက် မြက်ခင်းပြင်ပန်းခြံတစ်ခုကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ယခုရက်ပိုင်းအတွင်း ဆောင်ရွက်မည်ဖြစ်ရာ လက်ရှိအခြေအနေတွင် လျှပ်စစ်မီးလိုင်းများရရှိရန် ဆောင်ရွက်နေပြီး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် မြနန်းစံကျော် ရွှေနန်းတော်ယဉ်ကျေးမှုပြတိုက်နှင့် ပြတိုက်အတွင်း ခင်းကျင်းပြသမည့်ပစ္စည်းများကို အဆင့်မြှင့်တင်သွားမည့်အပြင် ပြသထားသည့် ပစ္စည်းများကိုလည်း ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ တစ်ပါတည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

"လာရောက် ကြည့်ရှုတဲ့သူတွေကြည့်ရှုရင်း အနားယူအပန်းဖြေတဲ့နေရာဖြစ်တဲ့ မင်းကိုးပါးပတ်ဝန်းကျင်ကိုလည်း မြက်ခင်းပြင်အလှပန်းခြံအဖြစ် ဆောင်ရွက်သွားပါမယ်။ ပန်းခြံလုပ်ပေးတာဟာ ဒီနေရာမှာ အနားယူကြတဲ့ ပြည်တွင်းက လာရောက်ကြည့်ရှုသူအများစုက သူတို့စားသောက်ထားတဲ့ အမှိုက်တွေကို အမှိုက်ကန်၊ အမှိုက်ပုံးတွေထဲ မပစ်ကြဘူး။ ဒါကြောင့် ပန်းခြံလေးလုပ်ပေးထားတော့ အသိစိတ်လေးဝင်ပြီး အမှိုက်ကို စနစ်တကျပစ်တတ်ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ထို့အပြင် ခင်းကျင်းပြသမည့်ပစ္စည်းများအတွက် စက်ပိုင်းဆိုင်ရာနည်းပညာများ၊ ပြတိုက်နေရာသည် မြနန်းစံကျော်ရွှေနန်းတော် နန်းဆောင်များနှင့် တစ်ဆက်တည်း ရှိနေသည့်အတွက် လိုက်လျောညီထွေမှုရှိစေရန် ပြုပြင်နိုင်ရေးအတွက် ပညာရှင်များနှင့် ပူးပေါင်းရေးဆွဲလျက်ရှိကြောင်း၊ နန်းဆောင်များ၊ နန်းခုံများတွင် သန့်ရှင်းလှပစေရန်နှင့် လုံခြုံရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ် သိန်းတစ်ထောင့်ရှစ်ရာ ခုနစ်ဆယ့်ကိုးသိန်းသုံးသောင်း သုံးထောင်တိတိကို အလှူရှင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)သို့ အောက်တိုဘာ ၁၇ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# UMFCCI ဘာသာရပ်ဆိုင်ရာဟောပြောမည်

**ရန်ကုန် နိုဝင်ဘာ ၂**
ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၏ လစဉ်ကျင်းပသည့် ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ၌ ယခုလတွင် အလုပ်ရှင်၊ အလုပ်သမားနှင့် အစိုးရတို့၏ ကောင်းမွန်သောအခြေအနေတိုးတက်ရန် ဘယ်လဲ ဘာလဲ ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ကြောင်း သိရသည်။ ဟောပြောမည့် ပုဂ္ဂိုလ်များမှာ ဒေါ်စန္ဒာမင်း (ဘဏ္ဍာရေးစီမံကိန်းနှင့် စီးပွားရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်)၊ ဦးရဲနိုင်ဝင်း (အဖွဲ့ဝင်၊ ခုံသမာဓိကောင်စီ (အလုပ်သမားကိုယ်စားလှယ်၊ အယ်ဒီတာချုပ်၊ အလုပ်သမားဂျာနယ်)နှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်မည်ဖြစ်သည်။

ဟောပြောပွဲကို နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီအချိန်တွင် ကုန်သည်စက်မှုအသင်းချုပ် ပထမထပ်၌ ကျင်းပမည်ဖြစ်ကာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်းသိရသည်။ **မွန်းဦးနဒီ**



**လှိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ပရိယတ္တိစာသင်တိုက် စုစုပေါင်း ၆၆ ကျောင်းတွင် သီတင်းသုံးလျက်ရှိသော ရဟန်း ၈၄ ပါး၊ သာမဏေ ၁၉၅ ပါး၊ သီလရှင် ၆ ပါးတို့အား အောက်တိုဘာလနောက်ဆုံးပတ်က အမှတ်(၁၃) ရပ်ကွက်ရှိ ပဏ္ဍိတာရာမပရိယတ္တိစာသင်တိုက်တွင် သာသနာဝင်/နွယ်ဝင် စိစစ်ရေးကတ်ပြားများ ဆက်ကပ်စဉ်** မီးမီး(လှိုင်)

# မကာအို- မြန်မာချစ်ကြည်ရေးအသင်းမှ သွေးစစ်ပြွန်များ ကူညီထောက်ပံ့

**ရန်ကုန် နိုဝင်ဘာ ၂**
မကာအို- မြန်မာချစ်ကြည်ရေးအသင်းက ရန်ကုန်မြို့တွင် ပြည်သူ့ကျန်းမာရေးအတွက် အထူးစောင့်ရှောက်ပေးလျက်ရှိသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန် ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတို့တွင် လူနာများအတွက် လိုအပ်လျက်ရှိသော သွေးစစ်ပြွန်များကို အောက်တိုဘာလနောက်ဆုံးပတ်က ကူညီထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံကို ကျန်းမာရေးနဲ့ ပတ်သက်ပြီး လှူဒါန်းတာပထမဆုံးပါ။ ကျွန်တော်တို့အသင်းအနေနဲ့ ပြီးခဲ့တဲ့နှစ်ကလည်း ဒီက တက္ကသိုလ်ဝင်တန်း အောင်ကလေးတွေ မကာအိုမှာအခမဲ့ ပညာ ဆက်လက်သင်ကြားနိုင်အောင် စီစဉ်ခဲ့ပါတယ်။ နောင်နှစ်တွေမှာတော့ အခုလို ကျန်းမာရေးပိုင်းပစ္စည်းတွေကို နယ်ဆေးရုံကြီးတွေမှာ သွားရောက်လှူဒါန်းဖြစ်မှာပါ။ သူတို့ကလည်း အခုလို ကျန်းမာရေးပိုင်းဆိုင်ရာ ပစ္စည်းတွေ လှူဒါန်းပေးဖို့ ချိတ်ဆက်ထားပါတယ်" ဟု မကာအို-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးမောင်ရှင်းက ပြောသည်။



မကာအို- မြန်မာချစ်ကြည်ရေးအသင်းသည် မကာအိုရောက် မြန်မာပြည်ဖွားအများစုနှင့် တရုတ်လူမျိုးတို့ ပူးပေါင်းပါဝင်ဖွဲ့စည်းထားသော အသင်းဖြစ်ပြီး အသင်းကို ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဧပြီ ၂၇ ရက်က စတင်ဖွဲ့စည်းခဲ့ကြောင်း အထူးသဖြင့် မြန်မာ- တရုတ်ချစ်ကြည်ရေးအနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအကျိုးပြုလုပ်ငန်းများအတွက် ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

ပညာရေးပိုင်းဆိုင်ရာ အနေဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများကို မကာအိုအသိအမှတ်ပြု တက္ကသိုလ်များသို့ အခမဲ့ပညာဆက်လက်သင်ယူနိုင်ရေး ကူညီထောက်ပံ့ပေးလျက်ရှိသလို ယခုကဲ့သို့ ကျန်းမာရေးပိုင်းဆိုင်ရာများကိုလည်းအခါအခွင့်သင့်သလို မြန်မာနိုင်ငံသို့ ကူညီထောက်ပံ့ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

"ကျွန်မတို့ ပြည်သူ့ဆေးရုံကြီးတွေမှာ ဒီသွေးစစ်ပြွန်က အမှန်တကယ်လိုအပ်နေတာပါ။ အခုလို လိုအပ်နေတဲ့အချိန်မှာ တိုက်တိုက်ဆိုင်ဆိုင်ပဲ ကိုယ်တိုင်လာရောက်လှူဒါန်းပေးတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်"ဟု ရန်ကုန်ဗဟို အမျိုးသမီးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာပပက ပြောသည်။

အဆိုပါအသင်းမှ လှူဒါန်းသည့် သွေးစစ်ပြွန် အရေအတွက်တစ်သိန်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတို့တွင် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုအတွက် ခွဲဝေသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**


**တစ်ဦးတည်းဖြစ်ပါကြောင်း နှင့်မွေးသက္ကရာဇ်အမှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ စုန်းချောင်းရွာနေ ဦးသောင်းကြိုင်၏သမီး ဒေါ်ဥမ္မာမြိုင်နှင့် ဒေါ်ဥမ္မာကြိုင် ၅/ယမပ(နိုင်)၀၃၅၃၁၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၆-၉-၁၉၈၁ ဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/8420 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွှာသာကြီး)**

**ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4G/5935, Lifan A6 LFJ 3053G၊ Dump Truck ယာဉ်လက်ဝယ်ရှိသူ Bravo World Tradingက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းရုံး (ရွှာသာကြီး) ရန်ကုန်မြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဦးစီးဌာန၊ လောက်ကိုင်ခရိုင်အတွင်းရှိ လောက်ကိုင်မြို့နယ်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ပြည်နယ် လမ်း/တံတား လုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ ရေသဲ၊ ဒီဇယ်ဆီ စသည့်လုပ်ငန်းသုံး ပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။
၂။ ဝယ်ယူလိုသည့်လမ်းခင်းကျောက်များနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့ တွင် ၄-၁၁-၂၀၁၆ရက်(သောကြာနေ့)မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ **အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်(၃) (၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်)
၄။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၈-၁၁-၂၀၁၆ရက်(၁၆း၀၀)နာရီ
၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၁-၁၁-၂၀၁၆ရက် နံနက် ၉း၃၀နာရီ
၆။ **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ လောက်ကိုင်မြို့၊ ဖုန်း-၀၈၂-၇၂၂၅၅
၇။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ လောက်ကိုင်မြို့**

**အမြန်အလိုရှိသည်၊**

ROသောက်ရေသန့်ဖြန့်ဖြူးရောင်းချလိုသော၊လက်ရှိရောင်းချနေသောကိုယ်စားလှယ်များဆက်သွယ်နိုင်ပါသည်၊ YGN only၊ရပ်ကွက်တစ်ခု(၁)ဦးသာထားရှိမည်ဖြစ်ပါသည်၊အာမခံချက်၊ နေ့ရာသီရေမှန်မှန်ရောက်ပါမည်၊
ဆက်သွယ်ရန်၊K-1သောက်ရေသန့်၊ ဖုန်း၊ ၀၉၅၅၅၀၆၃၂၉
ထောက်ခံချက်အမှတ်၊ ၈၁/၁၅၇၆၄/ထလ

**ဝန်ထမ်းအလိုရှိသည်**
**Advance & Style Co.,Ltd.**
အမှတ်(၄၆)၊ ပန်းရိုက်လမ်း၊ သွားဆေးတက္ကသိုလ်ဘေးလမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-09-5083288, 09-785083288, 09-790978578

| | | |
|---|---|---|
| ၁။ | Marketing Manager | - Female(1) |
| ၂။ | Marketing Executives | - Male/Female(10) |
| ၃။ | Designer | - M/F(4) |
| ၄။ | Vinyl Machine Operator | - M(3) |
| ၅။ | ကားစတစ်ကာကပ်ကျွမ်းကျင် | - M/F(5) |
| ၆။ | ကားစတစ်ကာကပ်အလုပ်သင် | - M/F(10) |
| ၇။ | ရုံးသန့်ရှင်းရေး | - F(1) |
| ၈။ | ရုံးဧည့်ကြို | - M/F(3) |

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ ၆လမ်း၊ အမှတ် ၅၆၁ နှစ်ခန်းတွဲ သုံးထပ်တိုက်၏ (မြေညီယာဘက်ခန်း) အကျယ်အဝန်းပေ (၁၁ဒသမ၅×၄၈)ခန့်ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါတိုက် ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ် ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့်အောင် (LL.B) (စဥ်-၂၅၁၆၅)** **ဦးအေးမင်းသူ (LL.B) (စဥ်-၂၆၁၉၉)**
**ရှီးမဘဏ်ဥပဒေအကြံပေး အထက်တန်းရှေ့နေများ**
**အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**မန္တလေးတိုင်းဒေသကြီး**
**မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ စီမံကိန်းတိုက်ခန်းလျှောက်လွှာ ရောင်းချမည့်ရက် ကြော်ငြာခြင်း**

၁။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်ရှိ မြေကွက်အမှတ် (မမ-၁၆)၊ မြေဧရိယာ ၇ ဒသမ ၆၇ ဧကပေါ်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာစီမံကိန်း (၈)ခန်းတွဲ (၅)ထပ်အဆောက်အအုံ(၁၄)လုံး အခန်းပေါင်း ၅၆၀ ကို မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော လုပ်သက်အနည်းဆုံး(၅)နှစ်ရှိ နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများနှင့် ကုမ္ပဏီဝန်ထမ်းများအား ရောင်းချသွားမည်ဖြစ်ပါသည်။
၂။ မြရည်နန္ဒာတန်ဖိုးမျှတတိုက်ခန်းများ ဝယ်ယူရန်အတွက် လျှောက်ထားသူ၏မိသားစု ပျမ်းမျှလစဉ်ဝင်ငွေစုစုပေါင်းမှာ အနည်းဆုံးကျပ်(၄)သိန်းမှ ကျပ်(၅)သိန်းအထိ ဝင်ငွေရှိရမည်။
အဆိုပါအိမ်ခန်း(၁)ခန်းလျှင် (၅၆၇)စတုရန်းပေအကျယ်အဝန်းရှိ-

| | | | |
|---|---|---|---|
| (က) | မြေညီထပ် | (၁)ခန်းလျှင် | ငွေကျပ် (၂၂၃) သိန်း |
| (ခ) | ပထမထပ် | (၁)ခန်းလျှင် | ငွေကျပ် (၂၀၈) သိန်း |
| (ဂ) | ဒုတိယထပ် | (၁)ခန်းလျှင် | ငွေကျပ် (၁၉၃) သိန်း |
| (ဃ) | တတိယထပ် | (၁)ခန်းလျှင် | ငွေကျပ် (၁၇၈) သိန်း |
| (င) | စတုတ္ထထပ် | (၁)ခန်းလျှင် | ငွေကျပ် (၁၆၃) သိန်း |

၃။ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာစီမံကိန်းဝယ်ယူလိုသူများအတွက် အိမ်ခန်းလျှောက်လွှာများကို ၁-၁၂-၂၀၁၆ ရက် မှ ၃၀-၁၂-၂၀၁၆ရက်အထိသာ လျှောက်လွှာ(၁)စောင်လျှင် ငွေကျပ်၅၀၀၀/-နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။
၄။ မြရည်နန္ဒာတန်ဖိုးမျှတ လျှောက်လွှာများကို မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၆၆လမ်း၊ (၁၆×၁၉)လမ်းကြားရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးသို့ လာရောက်ဝယ်ယူရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၇၅၃၅၀၊ ၀၂-၇၅၁၉၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# အဆင့်မြင့် တစ်သောင်းတန်ငွေစက္ကူအတုများ တာချီလိတ်၌ ဖမ်းဆီးရမိ

**တာချီလိတ် နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် မြန်မာ-ထိုင်းငွေလဲလှယ်သည့်နေရာ၌ တစ်သောင်းတန်ငွေစက္ကူအဆင့်မြင့်အတုများ ရောနှောပေးခဲ့သူအား နိုဝင်ဘာ ၁ ရက် ည ၉ နာရီခွဲက အရေးယူခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီက ဒေါ်ခင်နီသည် ထိုင်းဘတ်ငွေများအား မြန်မာငွေကျပ် သိန်း ၃၀၀၊ တစ်သောင်းတန်အုပ် ၃၀ ကို တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်ရှိ ဒေါ်ရွှေမြင့်ထံမှ လဲလှယ်ခဲ့ပြီး နေအိမ်တွင် သိမ်းဆည်း၍ နိုဝင်ဘာ ၁ ရက် နေ့လယ်တွင် လွှဲရန်ရှိသော ငွေကျပ်သိန်း ၂၀၀ (တစ်သောင်းတန် ၁၀ အုပ်နှစ်စည်း)ကို တာလော့ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်ခွဲ(၁)တွင် သွားရောက်လွှဲပို့ပြီးနောက် အသင့်ပါလာသည့် ကျပ်တစ်သောင်းတန် အရွက် ၁၀၀ ငါးအုပ်ကို စိစစ်ပေးရန် ဘဏ်ဝန်ထမ်းတစ်ဦးထံ ပေးအပ်၍ စိစစ်ရာ အတုများဖြစ်ကြောင်း သိရှိရသဖြင့် ဘဏ်တွင် အပ်နှံထားကာ ၎င်းငွေလဲခဲ့သော ဒေါ်ရွှေမြင့်ထံသို့ သွားရောက်ပြီး လဲလှယ်ယူခဲ့သော တစ်သောင်းကျပ်တန်များမှာ အတုများဖြစ်နေကြောင်း ရဲစခန်းသို့ သွားရောက်တိုင်တန်းရန် လိုအပ်ကြောင်းပြောပြီး တာချီလိတ်မြို့မရဲစခန်းသို့ ဖုန်းဖြင့် အကြောင်းကြားကာ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ၎င်းနေအိမ်တွင်ရှိနေသည့် တစ်သောင်းတန် ငွေစက္ကူ ငါးအုပ်အား ဆက်လက်စစ်ဆေးရာ အတုများဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရသည်။


သိမ်းဆည်းရမိ တစ်သောင်းကျပ်တန် ငွေစက္ကူအတုများကို တွေ့ရစဉ်

ဒေါ်ခင်နီက ၎င်းနေအိမ်တွင်ရှိနေသည့် တစ်သောင်းတန်ငွေစက္ကူ အရွက် ၅၀၀ ကို ရဲတပ်ဖွဲ့ဝင်များထံသို့ အပ်နှံသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး ကမ္ဘောဇဘဏ်ခွဲ(၁)တွင် သိမ်းဆည်းထားသော တစ်သောင်းတန် အရွက် ၅၀၀ တို့အား ဆက်လက်သိမ်းဆည်းခဲ့သည်။

အမှုမှ တစ်သောင်းတန်ငွေစက္ကူ အဆင့်မြင့်အတုများ ရောနှောပေးခဲ့သူ ဒေါ်ရွှေမြင့် (၆၀ နှစ်) တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်နေသူအား တာချီလိတ်မြို့ရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**


ဝင်းနိုင်အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်

## မောင်တော၌ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသောင်းကျော် ဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၂**

အမှတ်(၄)နယ်ခြားစောင့်ရဲတပ်ဖွဲ့ ခွဲ နယ်မြေ(၃) တောင်ပြို(ယာ)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁ ရက်က မောင်တောမြို့နယ် သင်္ဘောလှကျေးရွာအုပ်စု သာယာကုန်းကျေးရွာ ကြိမ်ချောင်း- တောင်ပြို(ဝဲ) ကားလမ်းမပေါ်၌ ဝင်းနိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၆၅၀ သိမ်းဆည်းရမိသဖြင့် ဝင်းနိုင်(၂၈ နှစ်)အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်း ခြေစမ်းမည်

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံ ဆုဇူကီးဖလားပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့သည် နိုဝင်ဘာ ၄ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခရီးစဉ်အပြီးတွင် ကစားသမားအချို့ အပြောင်းအလဲလုပ်ခဲ့ပြီး လက်ရှိတွင် ကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆုဇူကီးဖလားပြိုင်ပွဲမတိုင်မီ အသင်းအခြေအနေကို သုံးသပ်နိုင်ရန်အတွက် ယခုလအတွင်း နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၄ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်း၊ နိုဝင်ဘာ ၁၄ ရက်တွင် အိုမန်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းပွဲအပြီးတွင် ပြိုင်ပွဲယှဉ်ပြိုင်မည့် အပြီးသတ် ၂၃ ဦးကို ရွေးချယ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆုဇူကီးဖလားပြိုင်ပွဲအတွက် အချိန်ယူပြင်ဆင်ထားပြီး ဥရောပနိုင်ငံများတွင် တစ်လကျော် အချိန်ယူပြင်ဆင်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆုဇူကီးဖလားပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ ကိုးပွဲ၊ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲ တစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် တတိယနေရာသာ ရခဲ့သည်။

မြန်မာအသင်းနှင့် ခြေစမ်းမည့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းသည် ယခုနှစ်လယ်ပိုင်းကမှ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ပိတ်ပင်ခံထားရခြင်းမှ လွတ်မြောက်လာခြင်းဖြစ်ပြီး ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် ဆုဇူကီးဖလားပြိုင်ပွဲတွင် ယှဉ်ပြိုင်ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် ပြိုင်ပွဲမတိုင်မီ ကစားထားသည့် ခြေစမ်းပွဲတွင် မလေးရှားကို သုံးဂိုးပြတ်အနိုင်ရပြီး ဗီယက်နမ်အသင်းနှင့် နှစ်ဂိုးစီ သရေကျခဲ့သည်။ မြန်မာအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် ဗီယက်နမ်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။ အင်ဒိုနီးရှားအသင်းကို ဩစတြီးယားနိုင်ငံသား အယ်လ်ဖရက်ဒ်က ကိုင်တွယ်နေပြီး ၎င်းသည် အာဆီယံဘောလုံးလောကနှင့် ရင်းနှီးကျွမ်းဝင်သူဖြစ်ကာ ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့ကို အကြိမ်ကြိမ်ကိုင်တွယ်ခဲ့ဖူးသူဖြစ်သည်။

အင်ဒိုနီးရှားလက်ရွေးစင်အသင်းသည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့ပြီး နည်းပြအဖွဲ့ဝင် ၁၂ ဦး၊ ကစားသမား ၂၆ ဦး လိုက်ပါလာသည်။

**ညီမြတ်သော်တာ**

## ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၄) မန်စီးတီးတို့ ဘာစီလိုနာကို အနိုင်ယူ

ချန်ပီယံလိဂ် ၃၂ သင်း အဆင့် အုပ်စုပွဲစဉ်(၄)ကို နိုဝင်ဘာ ၂ ရက် နံနက်က ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(C)မှ မန်စီးတီးနှင့် ဘာစီလိုနာပွဲတွင် အိမ်ရှင် မန်စီးတီးတို့ သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ပွဲချိန် ၂၁ မိနစ်၌ မက်ဆီ၏ သွင်းဂိုးဖြင့် ဘာစီလိုနာတို့ ဦးဆောင်ခဲ့ပြီး ၃၉ မိနစ်တွင် ကွင်းလယ်ကစားသမား ဂန်ဒိုဂန်က မန်စီးတီးအတွက် ချေပဂိုး သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် မန်စီးတီးအတွက် အနိုင်ဂိုးများကို ၅၁ မိနစ်တွင် ဒီဘရိုင်း၊ ၇၄ မိနစ်တွင် ဂန်ဒိုဂန်တို့က သွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် မန်စီးတီး သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရမှတ် ခုနစ်မှတ်ဖြင့် အဆင့်(၂)တွင် ရပ်တည်နေသည်။ ဘာစီလိုနာက ရမှတ် ကိုးမှတ်ဖြင့် ဇယားထိပ်တွင်ရပ်တည်နေသည်။ အုပ်စု (C) မှ ပွဲစဉ်တစ်ပွဲဖြစ်သည့် ဂလာဘတ်နှင့် ဆဲလ်တစ်ပွဲတွင် တစ်ဖက် တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

တခြားပွဲစဉ်များအဖြစ် အုပ်စု(A)တွင် အာဆင်နယ်က သုံးဂိုး - နှစ်ဂိုးဖြင့် လူဒိုဂိုရက်စ်ကို အနိုင်ရရှိပြီး ပီအက်စ်ဂျီက ဘေဆယ်လ်ကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(B) တွင် ဘက်ဆစ်တပ်စ်နှင့် နာပိုလီတို့ တစ်ဖက်တစ်ဂိုးစီ သရေကျပြီး ဘင်ဖီကာက ဒိုင်နမိုကိဗ်ကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(D)တွင် အက်သလက်တီကိုက ရော့စ်တော့ဗ်ကို နှစ်ဂိုး - တစ်ဂိုးဖြင့် လည်းကောင်း၊ ဘိုင်ယန်မြူးနစ်က အဝေးကွင်းတွင် ပီအက်စ်ဗွီကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**သီဟ**


**ပျောက်ဆုံးကြောင်း**

ကျွန်တော်ဦးကျော်လင်း ၈/ပခက(နိုင်) ၂၀၆၃၀၀ နှင့် MARITIME TRAINING CENTRE (DAWBON) COASTAL SHIP MANAGEMENT COURSE 07-2012 CERTIFICATE မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၃၄၃၃၉၆၃

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5K/1244 Mazda Bango SKF2T P/U (4×2)ယာဉ် လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၅/ကလန(နိုင်) ၀၅၄၅၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ရန်ကုန်ကလေးဆေးရုံကြီး (ဒဂုံမြို့နယ်)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်ကလေးဆေးရုံကြီးတွင် တက်ရောက်ကုသနေသောလူနာများအတွက် ဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များနှင့် ဆေးရုံသုံးပစ္စည်း(Consumables)များကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ စည်းကမ်းအသေးစိတ်နှင့် အချက်အလက်များစာရင်းကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ကလေးဆေးရုံကြီးတွင် လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစတင်ခေါ်ယူမည့်ရက်** - ၃-၁၁-၂၀၁၆ ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်** - ၃၀-၁၁-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်အချိန်** - ညနေ ၄ နာရီ

**ဆေးရုံအုပ်ကြီးရုံး**
**ရန်ကုန်ကလေးဆေးရုံကြီး**
**အမှတ် (၂)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**တိမ်တွေပေါ်မှာ လမ်းလျှောက်ရမယ့် ရင်ခုန်စိတ်လှုပ်ရှားဖွယ် နတ်မတောင်ခရီးစဉ်ကို Sincere Smile နဲ့ သွားကြမယ်**

(၁၁-၁၁-၁၆) သောကြာနေ့ည ၇း၀၀ တွင် ရန်ကုန်မှ စတင်ထွက်ခွာပါမည်။ ခရီးစဉ်တစ်လျှောက်လုံး aircon ကား၊ အစားအသောက်ကောင်းများဖြင့် သက်သောင့်သက်သာ လိုက်ပါနိုင်ရန်စီစဉ်ထားပါသည်။ ကန်ပက်လက်မြို့ရှိ အဆင့်မြင့် ပန်းလေပြေဟိုတယ်တွင် ညအိပ်တည်းခိုပြီး နေ့လယ်စာ၊ ညစာတို့ကို ဟိုတယ်တွင် တည်ခင်းဧည့်ခံပါမည်။ အပြန်တွင် ရှေးဟောင်းပုဂံဘုရားများကို ဝင်ရောက်ဖူးမြော်ပြီး ပုဂံမြို့ရှိ ပန်းလေပြေဟိုတယ်တွင် ညစာဖြင့် တည်ခင်းဧည့်ခံပါမည်။ ညစာသုံးဆောင်ပြီးနောက် ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်မြို့သို့ ၁၅-၁၁-၁၆ ရက် နံနက် ၅း၃၀ နာရီတွင် ပြန်လည်ရောက်ရှိပါမည်။

လိုက်ပါလိုသူများအနေဖြင့် ၈-၁၁-၂၀၁၆ ရက် နောက်ဆုံးထား၍ Sincere Smile ကုမ္ပဏီရုံးခန်းတွင် လက်မှတ်များ စတင်ဝယ်ယူနိုင်ပါပြီ။ တစ်ဦးလျှင် ၁၈၀၀၀၀ ကျပ်။

အမှတ်(၆၅/A) မင်းနန္ဒာလမ်းမကြီး၊ သာကေတ၊ Capital Hypermarket မျက်စောင်းထိုး။

ဖုန်း-၀၁-၉၁၉၀၅၂၇၊ ၀၉-၉၇၅၄၈၉၇၅၂၊ ၀၉-၇၉၉၅၇၄၁၄၃

မြန်မာနိုင်ငံ၏ အမြင့်ဆုံးမြေသားတောင်ဖြစ်ပြီး သဘာဝအလှအပများ ထူးခြားသောသစ်ပင်ပန်းမန်များကို ကြည့်ရှုခံစားနိုင်ရန်အတွက် Sincere Smile နဲ့အတူ ပျော်ရွှင်စွာ ခရီးထွက်ကြပါစို့။

**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**
**အမှတ် ၅၂/၆၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ် (၀၃/၂၀၁၆-၂၀၁၇) (၁၅-၁၁-၂၀၁၆)**
**အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် ရောင်းဝယ်ရေးဌာနမှ ကျွန်းသစ်လုံးများကို အောက်ဖော်ပြပါအတိုင်းအိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်** - ၁၅-၁၁-၂၀၁၆ ရက်(အင်္ဂါနေ့)
(ခ) **ရောင်းချမည့်အချိန်** - နံနက် ၉ နာရီ
(ဂ) **ရောင်းချမည့်သစ်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး ၂၈၂၂ လုံး၊ ၁၉၃၉.၀၅၄ တန်
(ဃ) **ရောင်းချမည့်နေရာ** - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်)၊ မြန်မာ့သစ်လုပ်ငန်း၊ အမှတ် ၇၂/၇၄၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၉၀၁၀၇၃၅၊ ၀၉-၄၃၂၀၂၅၄၄၊ ၀၉-၄၅၀၀၂၅၉၃၁ နှင့် ၀၉-၇၉၉၅၇၄၀၃၉ တို့သို့ စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**




# ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် စည်းမျဉ်း၊ စည်းကမ်းများလျှော့ချနိုင်ပါက ကုန်ထုတ်လုပ်မှုတိုးတက်လာနိုင်

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံမှ ပြည်ပသို့ ပို့ကုန်တင်ပို့ရာတွင် ဝန်ထုပ်ဝန်ပိုးဖြစ်သည့် စည်းမျဉ်း၊ စည်းကမ်းများ လျှော့ချခြင်းမှရရှိလာနိုင်မည့် အကျိုးရလဒ်များ၊ စိန်ခေါ်မှုများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ ရက်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ဆွေးနွေးခဲ့ကြသည်။




ဆွေးနွေးပွဲတွင် အာဆီယံ၊ အရှေ့အာရှစီးပွားရေးသုတေသနဌာန (Economic Research Institute for ASEAN and East Asia- ERIA) က မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းကဏ္ဍတွင် သုတေသနတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ပို့ကုန်သွင်းကုန် ကဏ္ဍတို့၌ ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် စည်းမျဉ်းစည်းကမ်းများ၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုဖြစ်စေသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်ပတ်သက်၍ ကဏ္ဍအသီးသီးမှ ပညာရှင်များက ဆွေးနွေးအဖြေရှာခဲ့ကြခြင်းဖြစ်သည်။

ဆွေးနွေးပွဲနှင့်ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က "စီးပွားရေးစနစ်တစ်ခု ကောင်းကောင်းအလုပ်လုပ်ကိုင်နိုင်ဖို့ဆိုရင် စည်းမျဉ်း၊ စည်းကမ်းတွေက မရှိလို့မဖြစ်ပါဘူး။ ဒါပေမယ့် ရည်ရွယ်ချက် တိကျသေချာမှုမရှိတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေ၊ ရှုပ်ထွေးနေတဲ့ လုပ်ထုံး၊ လုပ်နည်းတွေကလည်း စီးပွားရေးလုပ်ငန်းတွေအတွက် အခက်အခဲဖြစ်စေပါတယ်"ဟု ပြောသည်။

အာဆီယံ၊ အရှေ့အာရှစီးပွားရေးသုတေသနဌာန ( ERIA) သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ Research Insti-tute Network များနှင့် ချိတ်ဆက်ပြီး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင် အဟန့်အတားဖြစ်စေမည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်ပတ်သက်သည့် လေ့လာမှုတစ်ရပ်ကို ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့သည်။

" သုတေသနက စင်ကာပူနိုင်ငံမပါဘဲ ကျန်တဲ့အာဆီယံ ကိုးနိုင်ငံရဲ့ ပို့ကုန်တင်ပို့မှုအလားအလာရှိတဲ့ကဏ္ဍတွေကို အခြေခံပြီး လေ့လာထားတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက်ကတော့ ငါးလုပ်ငန်းကဏ္ဍကို လေ့လာထားတာဖြစ်ပါတယ်။ မွေးမြူမှုက ပို့ကုန်တင်ပို့တဲ့အထိ ထုတ်လုပ်မှုဖြစ်စဉ်တစ်ခုလုံးမှာ ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေအပေါ် လေ့လာသုတေသနပြုထားတာဖြစ်ပါတယ်။ ပြည်ပပို့ကုန်အမယ်တွေထဲက ငါးလုပ်ငန်းကဏ္ဍကို ဦးစားပေးလေ့လာထားတာဖြစ်ပေမယ့် အခြားကဏ္ဍအသီးသီးက အစိုးရပုဂ္ဂလိက လေ့လာသုတေသနပြုတဲ့အဖွဲ့တွေ အားလုံးပါဝင်ပြီး ဆွေးနွေးကြမှာဖြစ်ပါတယ်" ဟု အမြဲတမ်းအတွင်းဝန်က ဆက်လက်ပြောသည်။

မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်နှင့် သားငါးကဏ္ဍသည် နိုင်ငံခြားဝင်ငွေရှာဖွေပေးရာ ပို့ကုန်များမှ တစ်ခုဖြစ်သည်။ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်အားကောင်းလာမည်ဖြစ်ပြီး တိုးတက်ပေါင်းစည်းနေသည့် အာဆီယံအတွင်း ယှဉ်ပြိုင်မှု ပိုမိုအားကောင်းလာနိုင်မည်ဖြစ်ကြောင်း အဆိုပါဆွေးနွေးပွဲမှ သိရသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တိုင်းပြည်ဝင်ငွေတိုးတက်ဖို့က အရေးကြီးပါတယ်။အခုလို ငါးလုပ်ငန်းကဏ္ဍနဲ့ ပို့ကုန်၊ သွင်းကုန်ကဏ္ဍတွေမှာ ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ့် စည်းမျဉ်း၊ စည်းကမ်းတွေကို လျှော့ချနိုင်မယ်ဆိုရင် ကုန်ထုတ်လုပ်မှုတွေ တိုးတက်လာမယ်။ တိုင်းပြည်ဝင်ငွေလည်း တိုးတက်လာမှာဖြစ်ပါတယ်" ဟု ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦး က ပြောသည်။

စီးပွားရေးလုပ်ငန်းများတွင် ကြုံတွေ့နေရသည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို ဖယ်ရှားခြင်းဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို မြှင့်တင်ပေးနိုင်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် ရည်ရွယ်လျက် အဆိုပါအမျိုးသားမူဝါဒဆိုင်ရာ ဆွေးနွေးပွဲကို အာဆီယံ အရှေ့အာရှစီးပွားရေး သုတေသနဌာန (ERIA)နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် အာဆီယံအရှေ့အာရှ စီးပွားရေးသုတေသနဌာနမှ ပညာရှင်များ၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ကြသည်။

**သတင်း-နန္ဒာဝင်း၊**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# ရေစကြိုမြို့နယ်မှ မိုးရေဝင်ရပ်ကွက်များတွင် ရေနုတ်မြောင်းများတူးဖော်ခြင်းနှင့် ကွန်ကရစ်တံတားများ တည်ဆောက်ခြင်းဆောင်ရွက်




**ရေစကြို နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမှတ် (၇)ရပ်ကွက်တွင် မြစ်ရေကြီးမြင့်ချိန်က ရပ်ကွက်အတွင်း မြစ်ရေများ ဝင်ရောက်ခဲ့ပြီး မြစ်ရေပြန်လည်ကျဆင်းချိန်မှစတင်ကာ မိုးများသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးရေများမှာ တစ်ပေခွဲခန့်အထိဝပ်နေ၍ အဆိုပါရပ်ကွက်အတွင်း နေထိုင်ကြသူများအနေဖြင့် သွားလာရေး ခက်ခဲလျက်ရှိခြင်း၊ ဝပ်နေသော မိုးရေများမှာ ရေထွက်ပေါက်မရှိသောကြောင့် ပုပ်စော်နံကာ ကျန်းမာရေးထိခိုက်စေခြင်း၊ ယခင်နှစ်များက စိုက်ပျိုးထားကြသော စားပင်သီးပင်များ ပျက်စီးခြင်းတို့ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် အောက်တိုဘာလ တတိယပတ်မှစ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့တို့မှ ရပ်ကွက်များအတွင်း ရေနုတ်မြောင်းများ တူးဖော်ခြင်းကို ဆောင်ရွက်ပေးခဲ့ကြရပြီး ယခုအောက်တိုဘာလကုန်ခန့်မှ စတင်ကာ အဆိုပါရပ်ကွက်များအတွင်း ကွန် ကရစ်တံတားငယ်များနှင့် ရေမြောင်း၊ ရေပြွန်များကို စတင်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စီစဉ်လျက်ရှိကြောင်း သိရသည်။

"ရေနုတ်မြောင်းတွေ လာဖောက်ပေးသွားလို့ အိမ်ထဲကရေတွေ မြောင်းထဲလျှောသွားတော့ အခုနေလို့ထိုင်လို့တော့ရသွားပါပြီ။ မိုးက ဆက်တိုက်ရွာနေတော့ အိမ်ထဲမှာရေက လုံးဝမခြောက်သေးပါဘူး။ တချို့နေရာတွေမှာ မိုးရေတွေက မြောင်းတွေထဲစီးမသွားနိုင်ဘဲဝပ်နေတာတွေက ရေပုပ်စော်နံနေပါတယ်။ အဲဒီရေတွေ မြောင်းထဲစီးသွားအောင်လည်း ဆောင်ရွက်ပေးစေချင်ပါတယ်" ဟု အမှတ် (၇)ရပ်ကွက် ငါးရာပြည့်ရပ်တွင်နေထိုင်သူတစ်ဦးကပြောသည်။

ယခုအချိန်တွင် အမှတ်(၇) ရပ်ကွက်အတွင်းတွင် ရေနုတ်မြောင်း ပေ ၆၀၀၀ ကျော်ကို တူးဖော်ပေးထားပြီး လိုအပ်သည့်နေရာများကိုလည်း ထပ်မံတူးဖော်သွားမည်ဖြစ်ကြောင်း ဦးစိုးနိုင်ဦးက ပြောသည်။

**အိမွန်ဆွေ(ရေစကြို)**

# စိန်ဖူးတော်တင်လှူပွဲနှင့် မုခ်ဦးသစ်ကြီးဖွင့်ပွဲကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၂**

မွန်ပြည်နယ်ကျိုက်မရောမြို့နယ် မုရောင်းကျေးရွာရှိ ထားဝယ်ကျောင်းတိုက်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် မြတ်ဘုန်းထွန်းခေါင်မြတ်ဘုန်းအောင် စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်တင်လှူပွဲနှင့် မုခ်ဦးသစ်ကြီးဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ နောက်ဆုံးပတ်က ယင်းမုခ်ဦးသစ်ရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးမင်းမင်းဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလှူရှင်မိသားစုတို့က ရွှေမိုးငွေမိုးများရွာသွန်းပေးခဲ့ကြသည်။

အဆိုပါစိန်ဖူးတော်တင်လှူပွဲနှင့် မုခ်ဦးသစ်တည်ဆောက်မှုလုပ်ငန်းများအတွက် အလှူရှင်က ငွေကျပ်သိန်း ၁၅၀ ကျော် အကုန်အကျခံ အလှူဒါနပြုလုပ်ခဲ့ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

# စဉ်ဆက်မပြတ်သူနာပြုပညာရေး ဟောပြော

**ပြည် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံသူနာပြုအသင်း (ဗဟို)နှင့် ပဲခူးတိုင်းဒေသကြီးသူနာပြုနှင့် သားဖွားအသင်း၊ ပြည်ခရိုင်သူနာပြုနှင့် သားဖွားအသင်းတို့မှ ပူးပေါင်းကျင်းပသော စဉ်ဆက်မပြတ်သူနာပြု ပညာရေးဟောပြောဆွေးနွေးပွဲအခမ်းအနားကို အောက်တိုဘာလ နောက်ဆုံးပတ်က ပြည်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (သုံးထပ်ဆောင်)၌ ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဦးမောင်မောင်လွင်က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဒုတိယဥက္ကဋ္ဌ (၁) ဒေါ်နွဲ့နွဲ့ခင်က Nursing Ethics and Professional Conduct ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသားဖွားအသင်း ဗဟိုအလုပ်အမှုဆောင်သူနာပြုဆရာမကြီး ဒေါ်လှဲ့လှဲ့ဝင်းက Nursing Documentation ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း Myanmar Nurse and Midwife Association ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**



**၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)တွင် လစ်လပ်နေသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ဆန္ဒမဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်း ကောက်ယူရေးလုပ်ငန်းကို အလုံမြို့နယ် ဌာနရပ်ကွက် ရောဝတီလမ်း၌ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲမှ အောက်တိုဘာလနောက်ဆုံးပတ်က ကွင်းဆင်းဆောင်ရွက်နေစဉ်**
မောင်မောင်(လှုပ်စစ်)

# အိမ်ပြေးမိန်းကလေးနှစ်ဦးအားမိဘများထံပြန်လည်အပ်နှံ

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်ဘူတာကြီးသို့ အောက်တိုဘာ ၂၉ ရက်မွန်းလွဲ ၂ နာရီခွဲတွင် ဆိုက်ရောက်လာသော အမှတ်(၁၀)အစုန်ရွှေညောင်-ရန်ကုန်ရထား ရိုးရိုးတန်းခုံအမှတ်(၃၁/၃၂) ပေါ်တွင် နေအိမ်မှ ဆင်းပြေးလာသော မ--- (၁၇နှစ်) ဒသမတန်း ကျော်လှကြီးကျေးရွာအုပ်စု ဖြူးမြို့နယ် ပဲခူးတိုင်းဒေသကြီးနေသူနှင့် မ--- (၁၅ နှစ်) ဖြူးမြို့နယ် ပဲခူးတိုင်းဒေသကြီးနေသူတို့အား စိစစ်တွေ့ရှိခဲ့သဖြင့် ရန်ကုန်ဘူတာရဲစခန်းမှူး ရဲအုပ်သန်းဇော်နှင့်အဖွဲ့က မိဘအုပ်ထိန်းသူများထံ စုံစမ်းဆက်သွယ်အကြောင်းကြားခဲ့ရာ ည ၇ နာရီခွဲတွင် မ--- ၏ ဖခင်နှင့် မ--- ၏ မိခင်တို့ရောက်ရှိလာကြသဖြင့် စခန်းမှူး ရဲအုပ်သန်းဇော်က ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# မြန်မာ့အာမခံလုပ်ငန်းအကြောင်း သန်လျင်၌ဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်တောင်ပိုင်းခရိုင် မြန်မာ့အာမခံလုပ်ငန်း ခရိုင်ရုံးမှ ပြည်သူများ သိသင့်သိထိုက်သော မြန်မာ့အာမခံလုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ ရက်က သန်လျင်မြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာမြကြေးမုံက အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ရန်ကုန်တောင်ပိုင်းခရိုင်ရုံး တာဝန်ခံ ဒေါ်သက်မာက အာမခံအမျိုးအစားများဖြစ်သည့် ပြည်သူ့ဝန်ထမ်း အသက်အာမခံ၊ ကျန်းမာရေးအာမခံ၊ မြွေအန္တရာယ်အာမခံ၊ မီးနှင့်အထွေထွေအာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ခရီးသွားအာမခံနှင့် အထူးခရီးသွားအာမခံလုပ်ငန်းများ ထားရှိခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ခရိုင်တာဝန်ခံက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ **သန်းဝင်း(သန်လျင်)**

# ကမ္ဘာ့စီးပွားရေး၊ စစ်ရေးနှင့် နိုင်ငံရေးဇာတ်ခုံပေါ်ကရေနံ (အပိုင်း-၁)

## သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာ့မြေလွှာအောက်ရှိ တွန့်ခေါက်နေသော ကျောက်လွှာများအကြား၌ သော်လည်းကောင်း၊ ကျောက်မှုန်မြေမှုန်များအကြား၌ သော်လည်းကောင်း၊ ကမ်းလွန်ပင်လယ်ပြင်များ၏ ကြမ်းခင်းမြေလွှာများအကြား၌ သော်လည်းကောင်း ရှာဖွေတွေ့ရှိ တူးဖော်ထုတ်ယူနိုင်သော ရေနံသည် ကာဗွန်နှင့် ဟိုက်ဒရိုဂျင်တို့ ပေါင်းစပ်ရောနှော ဖွဲ့စည်းနေသည့် ရုပ်ကြွင်းလောင်စာဖြစ်သည်။ ကမ္ဘာ့လူသားတို့၏ သည်းခြေကြိုက် သတ္တုတစ်မျိုးဖြစ်သည့် ရွှေကဲ့သို့ပင် အချိန်မရွေး ကာလတန်ဖိုးသင့်၍ ရောင်းဝယ် ဖောက်ကားနိုင်သောကြောင့် ရေနံကို ရွှေမည်းဟုပင် တင်စားသုံးနှုန်းလေ့ရှိကြသည်။

ကမ္ဘာ့လူသားတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ကျော် ကာလကတည်းက လောင်စာအဖြစ် ရေနံကို စတင်အသုံးပြုခဲ့ကြသည်။ ရှေးနှစ်ပေါင်းများစွာက ဘေဘီလုံယဉ်ကျေးမှုထွန်းကားခဲ့ရာ အီရတ်နိုင်ငံ၌ အခြေချနေထိုင်ခဲ့ကြသော ဘေဘီလုံနီးယန်း၊ အဆီးရီးယန်းနှင့် ဆူမားရီးယန်း လူမျိုးစုတို့သည် ကန္တာရ နယ်မြေများထဲ၌ သဘာဝအလျောက် စိမ့်ထွက်နေသော ရေနံစိမ်းများကို လောင်စာအဖြစ် သုံးစွဲခဲ့ကြကြောင်း ဘေဘီလုံယဉ်ကျေးမှုဆိုင်ရာ အထောက်အထားတချို့က ပြဆိုလျက်ရှိသည်။

ကမ္ဘာ့မြေလွှာကိုဖောက်၍ တွင်းနက်နက်တူးကာ စက်မှုစွမ်းအားဖြင့် ရေနံတူးဖော်ခြင်းကို ၁၈၅၉ ခုနှစ်က စတင်လုပ်ဆောင်ခဲ့ခြင်းဖြင့် အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့ပထမဦးဆုံးသော ရေနံတူးဖော်သည့် နိုင်ငံဖြစ်ခဲ့သည်။ မြေလွှာအောက်မှ တူးဖော်ရရှိသော ရေနံစိမ်းကို အသင့်သုံးစွဲနိုင်သည့် ရေနံထွက်ပစ္စည်းများအဖြစ်သို့ ပြုပြင်ရာတွင် အခြေခံအဆင့်သုံးဆင့်ဖြင့် လုပ်ဆောင်ကြရသည်။

ပထမအဆင့်ဖြစ်သည့် ခွဲထုတ်ခြင်းအဆင့်တွင် ရောမရေနံကန်ကြီးများအတွင်း၌ သိပ်သည်းခြင်းမတူသော ရေနံထွက်ပစ္စည်း ကုန်ကြမ်းများကို ထည့်သွင်းကာ အနှစ်ကျစေသည်။ ဤသို့အားဖြင့် သိပ်သည်းခြင်း ကိန်းဂဏန်းပမာဏငယ်သည့် ဓာတ်ဆီနှင့် ရေနံဓာတ်ငွေ့ရည်ကဲ့သို့သော ပေါ့သည့်ကုန်ကြမ်းများကို ကန်ရေနံပြင်၏ အပေါ်ပိုင်း၌ စုဆောင်းရရှိသည်။ ဒီဇယ်ဆီနှင့် ရေနံဆီကဲ့သို့ သိပ်သည်းခြင်း ကိန်းဂဏန်း ပမာဏအလယ်အလတ်ရှိသည့် ကုန်ကြမ်းများကို ကန်ရေနံပြင်၏ အလယ်ပိုင်း၌ စုဆောင်းရရှိကာ လေးလံသော ရေနံကုန်ကြမ်းများကိုမူ ကန်၏အောက်ခြေ၌ စုဆောင်းရရှိသည်။

**ကမ္ဘာပေါ်၌ ရေနံထွက်သော နိုင်ငံပေါင်း ၁၀၀ နီးပါးရှိပြီး အရှေ့အလယ်ပိုင်းဒေသရှိ ဆော်ဒီအာရေဗျနိုင်ငံက ရေနံကို အများဆုံး ထုတ်လုပ်ပေးလျက်ရှိသည်။ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ရေနံစိမ်းစည်ပေါင်း ၁၁ ဒသမ ၅ သန်း ထုတ်လုပ်နေပြီး ပြည်တွင်းသုံးစွဲမှုက စည်ပေါင်း ၃ ဒသမ ၁ သန်း ခန့်သာရှိသည့်အတွက် ဆော်ဒီအာရေဗျသည် ပျမ်းမျှအားဖြင့် နှစ်စဉ်ရေနံစိမ်းစည်ပေါင်း ၈ ဒသမ ၄ သန်းကို ပြည်ပသို့ တင်ပို့နိုင်သဖြင့် အလွန်ပင် ချမ်းသာကြွယ်ဝလျက်ရှိသည်။**

ဒုတိယအဆင့်ဖြစ်သည့် ပြောင်းလဲခြင်းအဆင့်တွင် ရေနံစိမ်း၌ပါဝင်နေသည့် မော်လီကျူးတချို့ကို ဖြိုခွဲကာ အသွင်ပြောင်းစေသည်။ လေးလံသော တန်ဖိုးနည်း ရေနံကုန်ကြမ်းများ တစ်နည်းဆိုရသော် သိပ်သည်းခြင်း ကိန်းဂဏန်းပမာဏ မြင့်မားသော ရေနံကုန်ကြမ်းများကို အထက်ပါနည်းစဉ်ဖြင့် ဓာတ်ဆီနှင့် ရေနံဓာတ်ငွေ့ရည်ကဲ့သို့သော တန်ဖိုးမြင့်ပစ္စည်းများ ဖြစ်လာအောင် ပြုပြင်သည်။ ဤအဆင့်တွင် ခေတ်မီသော ကိရိယာများကို အသုံးပြု၍ ဟိုက်ဒရိုကာဗွန် မော်လီကျူးများကို ပြင်းထန်သော အပူနှင့် မြင့်မားသော ဖိအားများပေးကာ အသွင်ပြောင်းလဲစေသည်။

တတိယအဆင့်ဖြစ်သည့် သန့်စင်ခြင်းအဆင့်၌မူ ခေတ်မီသော ဓာတုနည်းစဉ်များကို အသုံးပြုပြီး အရည်အသွေးမြင့်မားသော ရေနံထွက်ပစ္စည်းနှင့် လောင်စာများရရှိအောင် ချက်လုပ်သည်။ ရေနံစိမ်းသည် ပျစ်ချွဲလေးလံပြီး သိပ်သည်းခြင်း ပမာဏ မြင့်မားသော်လည်း သန့်စင်ချက်လုပ်ပြီးနောက် ရေနံထွက်ပစ္စည်း ကုန်ချောများကို ရရှိလာသည့်အခါ၌မူ ရေနံထွက်ပစ္စည်းများသည် မူလရေနံစိမ်းလောက် သိပ်သည်းခြင်း ပမာဏမများတော့သောကြောင့် ထုထည်အားဖြင့် ၆ ရာခိုင်နှုန်းခန့်ပင် တိုးပွားလာသည်။

ရေနံထွက်ပစ္စည်းများဖြစ်ကြသော ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ရေနံဆီ၊ မီးထိုးဆီစသည်တို့ကို အင်ဂျင်များ လည်ပတ်စေရန်နှင့် ယာဉ်ယန္တရားများ ရွေ့လျားမောင်းနှင်ရန်အတွက် လောင်စာအဖြစ် သုံးစွဲကြသည်။ ရေနံကို သန့်စင်ချက်လုပ်ခြင်းဖြင့် ရရှိလာသော ရေနံထွက်ပစ္စည်းများကို လူသုံးကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရာ၌ ကျယ်ပြန့်စွာ အသုံးပြုသည်။ စက်ဆီနှင့်ချောဆီအမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်းများ၊ ဓာတ်မြေသြဇာ၊ အဝတ်အထည်၊ ကတ္တရာ၊ အနံ့ပျောက်ဆေး၊ မျက်မှန်၊ စီဒီချပ်များ၊ သွားပွတ်တံ၊ ပန်းကန်ဆေးဆပ်ပြာရည်၊ ပုံနှိပ်မင်၊ အရောင်တင်ဆီ၊ ကြမ်းတိုက်ဖယောင်း၊ ရေစိုခံမိတ်ကပ်နှင့် ရေမွှေးစသည်တို့ကို ပြုလုပ်ရာတွင် ရေနံထွက်ပစ္စည်းအမျိုးမျိုးတို့ကို သုံးစွဲကြရသည်။

ကမ္ဘာပေါ်၌ ရေနံထွက်သော နိုင်ငံပေါင်း ၁၀၀ နီးပါးရှိပြီး အရှေ့အလယ်ပိုင်းဒေသရှိ ဆော်ဒီအာရေဗျနိုင်ငံက ရေနံကို အများဆုံး ထုတ်လုပ်ပေးလျက်ရှိသည်။ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ရေနံစိမ်းစည်ပေါင်း ၁၁ ဒသမ ၅ သန်း ထုတ်လုပ်နေပြီး ပြည်တွင်းသုံးစွဲမှုက စည်ပေါင်း ၃ ဒသမ ၁ သန်းခန့်သာရှိသည့်အတွက် ဆော်ဒီအာရေဗျသည် ပျမ်းမျှအားဖြင့် နှစ်စဉ်ရေနံစိမ်းစည်ပေါင်း ၈ ဒသမ ၄ သန်းကို ပြည်ပသို့ တင်ပို့နိုင်သဖြင့် အလွန်ပင် ချမ်းသာကြွယ်ဝလျက်ရှိသည်။



တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် ရေနံစိမ်းစည်ပေါင်း ၁၀ ဒသမ ၈ သန်းခန့် ထုတ်လုပ်ပြီး ကမ္ဘာ့ရေနံ ထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်နေသော ရုရှားဖက်ဒရေးရှင်းသည် ပြည်တွင်းသုံးစွဲမှုအနေဖြင့် စည်ပေါင်း ၃ ဒသမ ၃ သန်းခန့်သာရှိနေသည်။ အလွန်ကျယ်ဝန်းပြီး လူဦးရေ ထူထပ်များပြားသော ရုရှားနိုင်ငံတွင် ရေနံထွက်ပစ္စည်းဝယ်ယူမှုကို ခွဲတမ်းများဖြင့် သတ်မှတ်ပေးထားပြီး ပြည်တွင်းသုံးစွဲမှုကိုလည်း သိသိသာသာ ချွေတာလျက်ရှိနေသောကြောင့် ပိုလျှံရေနံစိမ်းများကို ပြည်ပသို့တင်ပို့ခြင်းမှ နိုင်ငံခြားဝင်ငွေ အများအပြား ရရှိနေသည်။

အမေရိကန်ပြည်ထောင်စုက နှစ်စဉ်ပျမ်းမျှ ရေနံစိမ်းစည်ပေါင်း ၁၀ သန်း ထုတ်လုပ်ပြီး ကမ္ဘာ့ရေနံ ထုတ်လုပ်မှု တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်နေသော်လည်း ဒီမိုကရေစီစနစ် ထွန်းကားပြီး လူ့အခွင့်အရေး အပြည့်အဝရရှိနေသည့် နိုင်ငံကြီးပီသစွာ ရေနံနှင့်ရေနံထွက်ပစ္စည်းများကို အလျှံအပယ် သုံးစွဲခွင့်ပြုထားသောကြောင့် ပြည်တွင်းထုတ်လုပ်မှုအပြင် ပြည်ပမှ နှစ်စဉ်ရေနံစိမ်းစည်ပေါင်း ၈ ဒသမ ၉ သန်းခန့် တင်သွင်းနေရသည်။ ပြည်ပရေနံတင်သွင်းမှု၏ အဓိကဈေးကွက်မှာ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ ဖြစ်ကြသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများက ဆန်းသစ်တီထွင်ထားသည့် အဆင့်မြင့်နည်းပညာများကို ရသည့်နည်းလမ်းများဖြင့် ပုံတူပွားကာ ဈေးပေါပေါဖြင့် ထုတ်လုပ်ပေးနိုင်မှုကြောင့် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်းက ကြီးပွားချမ်းသာလာခဲ့သည့် တရုတ်နိုင်ငံကမူ ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ စတုတ္ထအဆင့်၌ ရှိနေသည်။ စီးပွားရေး အလွန်ကောင်းနေသော တရုတ်နိုင်ငံသည် ပြည်တွင်း၌ နှစ်စဉ် ရေနံစိမ်းစည်ပေါင်း ၄ ဒသမ ၂ သန်း ထွက်ရှိနေသော်လည်း ပြည်တွင်းအသုံးက နှစ်စဉ်ပျမ်းမျှအားဖြင့် စည်ပေါင်း ၁၀ ဒသမ ၈ သန်း ဖြစ်နေသည့်အတွက် တစ်နှစ်လျှင် ရေနံစိမ်းစည်ပေါင်း ၆ ဒသမ ၆ သန်းခန့်ကို ပြည်ပမှ တင်သွင်းနေရသည်။

ကမ္ဘာ့ရေနံထုတ်လုပ်မှု အများဆုံးငါးနိုင်ငံ (Top 5 ) စာရင်းတွင် ကနေဒါနိုင်ငံသည် နောက်ဆုံး၌ ရှိနေပြီး တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် ရေနံစိမ်းစည်ပေါင်း ၃ ဒသမ ၉ သန်း ထုတ်လုပ်ကာ ၂ ဒသမ ၄ သန်းသာ သုံးစွဲသဖြင့် ပြည်ပသို့ နှစ်စဉ် ရေနံစိမ်းစည် ၁ ဒသမ ၅ သန်း တင်ပို့နိုင်သည်။ ကနေဒါနိုင်ငံ၏ အဓိက ရေနံဝယ်လက် ဖောက်သည်နိုင်ငံမှာ အိမ်နီးချင်းဖြစ်သော အမေရိကန်ပြည်ထောင်စုပင် ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် သဘာဝဘေးဒုက္ခ ကြီးမားစွာကျရောက်ခြင်း၊ စစ်မက်ဖြစ်ပွားခြင်းနှင့် ပြည်ပရေနံသိုက်များမှ ရေနံစိမ်း ဝယ်ယူမရနိုင်ခြင်းစသော အရေးပေါ်အခြေအနေမျိုးနှင့် ကြုံရသည့်အခါ ထုတ်သုံးနိုင်ရန်အတွက် ၁၉၇၅ ခုနှစ်မှစ၍ အရန်ရေနံ သိုလှောင်သည့်စနစ်ကို စတင်ကျင့်သုံးခဲ့သည်။ ၁၉၇၃ ခုနှစ် အောက်တိုဘာလက စတင်ဖြစ်ပွားသော အီဂျစ်-အစ္စရေးစစ်ပွဲကြောင့် ရေနံသယ်ယူတင်ပို့ရာလမ်းကြောင်း တစ်လျှောက် အခက်အခဲများစွာ ကြုံတွေ့ရခြင်းကို သင်ခန်းစာတစ်ရပ်အဖြစ် ခံယူပြီးနောက် ထိုကဲ့သို့သော မဟာဗျူဟာမြောက် အရန်ရေနံသိုလှောင်မှုကို စတင်ကျင့်သုံးခဲ့ခြင်း ဖြစ်သည်။

အမေရိကန်တို့၏ မဟာဗျူဟာမြောက် အရန်ရေနံသိုလှောင်မှုကို မက္ကဆီကိုပင်လယ်ကွေ့အနီးရှိ တက္ကဆက်ပြည်နယ်နှင့် လူဝီစီယားနားပြည်နယ်များ၌ အခြေစိုက်ခဲ့သည်။ ရေနံချက်စက်ရုံများ တည်ရှိနေခြင်းနှင့် ခေတ်မီ ရေနံတင်ဆိပ်ကမ်းများ တည်ရှိနေကြခြင်းကြောင့် အဆိုပါပြည်နယ်နှစ်ခုကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါပြည်နယ်ဒေသများ၏ မြေလွှာအောက်၌ သဘာဝဆားဂူများ ဖြစ်ပေါ်တည်ရှိခြင်းသည်လည်း အရန်ရေနံများသိုလှောင်ရန် ရွေးချယ်ခံရမှု၏ အဓိကကျသော အကြောင်းတစ်ရပ် ဖြစ်ခဲ့သည်။

မြေအောက်ဆားဂူများသည် ရှေးနှစ်ပေါင်းများစွာက ဆားငန်ရေအိုင်များအဖြစ် ပင်လယ်နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေခဲ့ကြသော်လည်း နှစ်ပရိစ္ဆေဒ ကြာမြင့်လာသည့်အခါ ရေငွေ့ပျံမှုများပြားလာပြီး ဆားချည်းသက်သက် အနည်ထိုင်ကျန်ရစ်ခဲ့ကြကာ ဆားဂူများအဖြစ်သို့ ပြောင်းလဲခဲ့ကြခြင်းဖြစ်သည်။ မြေအောက်ဆားဂူများသည် ရေနံစိမ်းကို မပျက်မစီး တာရှည်သိုလှောင်ထားရန် သင့်တော်သော အပူချိန်ရှိခြင်း၊ ထိုဆားဂူများကို ပြုပြင်မွမ်းမံရသည့် စရိတ်စကမှာ မြေပေါ်၌ ဖန်တီးဆောက်လုပ်ရမည့် ရေနံလှောင်ကန်များ ကုန်ကျစရိတ်၏ ၁၀ ရာခိုင်နှုန်းသာရှိခြင်း၊ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးရန် မလွယ်ကူခြင်း စသော အားသာချက်များကြောင့် အရန်ရေနံ သိုလှောင်ကန်များအဖြစ် ရွေးချယ်သတ်မှတ်ခံရခြင်း ဖြစ်သည်။

မြေအောက်ဆားဂူများကို ရေနံသိုလှောင်ကန်များအဖြစ် ပြုပြင်ဖန်တီးရာတွင် အမေရိကန် ဒေါ်လာ သန်း ၄၀၀၀ ခန့် ကုန်ကျခဲ့ပြီး အဆိုပါ ရေနံသိုလှောင်ကန်များကို ထိန်းသိမ်းစောင့်ရှောက် မွမ်းမံပြုပြင်ရသည့် စရိတ်စကမှာ နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၀ သန်းရှိသည်။ ထိုကဲ့သို့ မြေအောက် ဆားလိုဏ်ဂူများ၌ သိုလှောင်ထားသည့် အရန်ရေနံများကို အရေးပေါ်အခြေအနေများ၌ ထုတ်သုံးခဲ့သည့် သာဓကများကိုလည်း တွေ့ရှိရသည်။

၁၉၉၁ ခုနှစ်က အီရတ်ကိုဆင်နွှဲခဲ့သည့် ကန္တာရမုန်တိုင်း စစ်ဆင်ရေးအတွက် အရန်ရေနံများကို ထုတ်ယူသုံးစွဲခဲ့သလို၊ ၂၀၀၀ ပြည့်နှစ်က အမေရိကန် ရေနံကုမ္ပဏီအချို့၏ လုပ်ငန်းလည်ပတ်မှုများ အဆင်ပြေ ချောမွေ့စေရန်အတွက် ရေနံစိမ်းစည်ပေါင်း ၅ သိန်းနီးပါးကိုလည်း ထုတ်ချေးခဲ့သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ်ထဲ၌ပင် အမေရိကန်ပြည်ထောင်စု အနောက်မြောက်ဒေသတွင် အအေးလွန်ကဲမှုကြောင့် လောင်စာအဖြစ်သုံးစွဲနိုင်ရန် ရေနံစိမ်းစည် ၂ သန်း ၈ သိန်းကို ထုတ်ယူသုံးစွဲခဲ့သည်။

လက်ရှိတွင် မြေအောက် ဆားလိုဏ်ဂူများထဲ၌ မဟာဗျူဟာမြောက် အရန်ရေနံသိုလှောင်မှု ပမာဏမှာ စည်ပေါင်း သန်း ၇၀၀ ခန့်ပင် ရှိနေသည်။ အမေရိကန်တို့၏ မဟာဗျူဟာမြောက် အရန်ရေနံ ထုတ်ယူသုံးစွဲခွင့်အတွက် သမ္မတတစ်ဦးတည်းကိုသာလျှင် အာဏာအပ်နှင်းထားပြီး လွှတ်တော်နှစ်ရပ်စလုံးက ဝင်ရောက်စွက်ဖက်ခွင့် မရှိကြပေ။

ရေနံသည် ရွှေကဲ့သို့ပင် ကမ္ဘာ့ပြည်သူတို့၏ သည်းခြေကြိုက် တွင်းထွက်ပစ္စည်းတစ်မျိုး ဖြစ်နေရခြင်းမှာ စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်မြင့်မားရေး၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစသော အဓိက အခန်းကဏ္ဍများအတွက် မရှိမဖြစ် လောင်စာအရင်းအမြစ် ဖြစ်နေသည်ကတစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးဇာတ်ခုံ၌လည်း အရေးပါသောဇာတ်ကောင် ဖြစ်နေသည်ကတစ်ကြောင်း၊ စစ်မက်ရေးရာနှင့် ပတ်သက်လာလျှင်လည်း အလွန်အရေးပါသည့် အထောက်အကူပြုလောင်စာ ဖြစ်နေသည်ကတစ်ကြောင်း စသည်တို့ကြောင့်ပင် ဖြစ်သည်။

သို့ရာတွင် ရေနံထွက်ပစ္စည်းဖြစ်သည့် လောင်စာရည်အမျိုးမျိုးတို့ကို လောင်ကျွမ်းစေသည့်အခါ အဆိပ်ဓာတ်ငွေ့များ ဖြစ်ကြသည့် ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်စသည်တို့ ထွက်ရှိလာကာ လူနှင့်ပတ်ဝန်းကျင်ကို ကြီးမားသောဆိုးကျိုးများ ဖြစ်ပေါ်စေလျက်ရှိသည်။ တစ်ကမ္ဘာလုံး ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုစုစုပေါင်း၏ ၃၇ ရာခိုင်နှုန်းခန့်မှာ ရေနံထွက်ပစ္စည်းများ လောင်ကျွမ်းမှုကြောင့် ထွက်ပေါ်လာခြင်းဖြစ်သည်။ ထို့အပြင် အချို့သော ရေနံထွက်ပစ္စည်းများ လောင်ကျွမ်းပါက ခဲ၊ ဘင်ဇင်းနှင့် ဖော်မယ်ဒီဟိုက်စသော အဆိပ်ဓာတ်များ လေထုအတွင်းသို့ ပျံ့နှံ့ရောက်ရှိသွားသည်။

## လူမှုကယ်ဆယ်ရေးအသင်းနှင့် အဆောက်အအုံသစ်ဖွင့်

**သုဝဏ္ဏဝတီ နိုဝင်ဘာ ၂**
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ မေတ္တာစွမ်းအား လူမှုကယ်ဆယ်ရေးအဖွဲ့သို့ ပြည်သူတစ်ဦးမှ စက်တင်ဘာလဆန်းပိုင်းက လှူဒါန်းခဲ့သော ရုံးအဆောက်အအုံနှင့် လူနာတင်ယာဉ်များအတွက် ဖွင့်ပွဲနှင့် အသင်းဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

မေတ္တာစွမ်းအား လူမှုကယ်ဆယ်ရေးအဖွဲ့ကို မြန်မာနိုင်ငံ Rescue လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှထွန်း၏ ဦးဆောင်မှုဖြင့် သုဝဏ္ဏဝတီမြို့ Rescue လူမှုကယ်ဆယ်ရေးအဖွဲ့က စတင်တည်ထောင်ခြင်းဖြစ်ကြောင်း၊ သုဝဏ္ဏဝတီမြို့ Rescue လူမှုကယ်ဆယ်ရေးအဖွဲ့ကို မြန်မာနိုင်ငံ Rescue လူမှုကယ်ဆယ်ရေးသင်တန်းဆင်းများဖြင့် ဖွဲ့စည်းထားပြီး အဖွဲ့ဝင် ၄၀ ကျော်ဖြင့် ၂၄ နာရီဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့သည့် စက်တင်ဘာလမှ ယခုအချိန်အထိ ကူညီကယ်ဆယ်မှုပေါင်း အကြိမ် ၅၀ခန့် ပြုလုပ်ပေးနိုင်ခဲ့ပြီး လူနာများအား ရန်ကုန်၊ မော်လမြိုင်၊ သထုံ ဆေးရုံကြီးများသို့ ပို့ဆောင်ကူညီပေးနိုင်ခဲ့ကြောင်း သိရသည်။

တည်ဆောက်ပြီးစီးခဲ့သည့် ရုံးအဆောက်အအုံမှာ (၁၆ × ၁၄)ပေရှိ သံကူကွန်ကရစ်တစ်ထပ်အဆောက်အအုံဖြစ်ပြီး အလှူရှင်ဦးကျော်ဝေ(အကောင်းကြိုက် မိသားစု ထမင်းဆိုင်)က ၎င်းပိုင်မြေပေါ်တွင် အဆောက်အအုံကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကာ ELGRAND နှင့် VOXY အမျိုးအစား လူနာတင်ယာဉ်တစ်စီးစီနှင့် ရုံးသုံးပရိဘောဂများကိုလည်း လှူဒါန်းခဲ့သည်။

အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ အရေးပေါ်လူနာများ၊ သဘာဝဘေးအန္တရာယ်များကြောင့် အကူအညီလိုအပ်နေသော ပြည်သူများအား အဆင့်အတန်းမခွဲခြားဘဲ ကူညီပေးနေသည့် အဖွဲ့အစည်းဖြစ်သောကြောင့် လှူဒါန်းခြင်းဖြစ်ကြောင်း၊ ထပ်မံ၍ အခြားလိုအပ်သည်များကိုလည်း လှူဒါန်းမည်ဖြစ်ကြောင်း အလှူရှင်က ပြောသည်။ အလှူရှင် ဦးကျော်ဝေသည် ယခုနှစ် မေလအတွင်းကလည်း ဝေဒနာရှင်လူနာပေါင်း သုံးထောင်ခန့်ကို ကျပ်သိန်း ၁၅၀ ခန့်အကုန်အကျခံ၍ သုဝဏ္ဏဝတီမြို့၌ ဆေးကုသမှုအလှူ ပြုလုပ်ခဲ့သူဖြစ်သည်။ **ခွန်(ဝင်းပ)**




## ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**သာစည် နိုဝင်ဘာ ၂**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲကို ဇေယျသုခရေလှူအသင်းက အောက်တိုဘာ ၃၁ ရက်က ပြုလုပ်ခဲ့သည်။

သာစည်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဇေယျသုခရေလှူအသင်းကြီး၏ ရာသက်ပန်နာယက ဦးဟန်ခင်၊ အတွင်းရေးမှူးဦးမြင့်ဆွေနှင့် အသင်းမှ လူငယ်မောင်မယ်များက သာစည်မြို့ ငါးဆူရိပ်သာဘုန်းတော်ကြီးကျောင်း အရှေ့ဘက် အမှတ်(၁)တိုးချဲ့ရပ်ကွက်ရှိ ဇေယျမင်္ဂလာစက်ရေတွင်း အမှတ်(၂)တွင် သီးစားပင်နှင့် အရိပ်ရပင်များဖြစ်သော စိန်ပန်းပြာ၊ ကုက္ကို၊ ဗာဒံ၊ ရေတမာ၊ ပိတောက်၊ သရက်၊ အုန်း၊ မာလကာပင်များ စုစုပေါင်း ၁၀၈ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြခြင်းဖြစ်သည်။
**မောင်ကို(သာစည်)**

# ဒိုက်ဦးတန်ဆောင်တိုင်ပွဲတော် ယခင်နှစ်များထက် ပိုမိုစည်ကားစွာ ကျင်းပမည်

**ဒိုက်ဦး နိုဝင်ဘာ ၁**
ဝါလကင်းလွတ် သီတင်းကျွတ်ပြီးသည်နှင့် တန်ဆောင်မုန်းလရောက်ရှိလေတိုင်း ဒိုက်ဦးမြို့၌ ကျင်းပသော ပွဲတော်များအနက် မြို့ကျက်သရေဆောင် တန်ဆောင်တိုင်နှစ်ကိုပ်ရှစ်ဆူ ဘုရားလှည့်လည် ပူဇော်ပွဲနှင့် ရတနတ္တရပူဇော်ပွဲကြီးမှာ အထူးထင်ရှားသော ပွဲတော်ကြီးဖြစ်သည်။ တန်ဆောင်တိုင်ပွဲတော်ကြီးကို အစဉ်အလာမပျက် ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၉၄) ကြိမ်မြောက်တိုင်ခဲ့ပြီ ဖြစ်သည်။

ယခုနှစ်တန်ဆောင်တိုင်ပွဲတော်ကြီးကို နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ငါးရက်တိုင်တိုင် စည်းကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ဘုရားပင့်ဆောင်ရေးအဖွဲ့မှ နှစ်ကျိပ်ရှစ်ဆူဘုရားများ သီတင်းသုံးတော်မူနေသော ကန်ဦးကျောင်းမှ နိုဝင်ဘာ ၈ ရက် (၁၃၇၈ ခုနှစ်တန်ဆောင်မုန်းလဆန်း ၉ ရက်) နံနက်၌ အနေကဇာတင်ပြီး မြို့လယ်သာသနာ့ဗိမာန်သို့ ပင့်ဆောင်ပူဇော်မည် ဖြစ်သည်။

(၉၄)ကြိမ်မြောက် ဒိုက်ဦးမြို့နယ် နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ ဒေသစာရီလှည့်လည်ပူဇော်ပွဲကို နိုဝင်ဘာ ၁၅ ရက် ညနေ ၃ နာရီတွင် မြို့လယ်သာသနာ့ဗိမာန်တော်ကြီးရှေ့မှ စတင်၍ ည ၉ နာရီအထိ မြို့တွင်းသို့ ဒေသစာရီကြွချီ လှည့်လည် အပူဇော်ခံမည်ဖြစ်သည်။

ယခုနှစ် တန်ဆောင်တိုင်ပွဲတော်ကို ယခင်နှစ်များနှင့်မတူဘဲ အထူးစည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပွဲတော်အတွင်း အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် ဩဝါဒါစရိယအဖွဲ့၊ ပွဲတော်ကျင်းပရေးဗဟိုကော်မတီ၊ ဌာနနှင့် ရပ်ကွက်ဘုရားပင့်ဆောင်ပူဇော်ရေးကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီ အသီးသီးတို့အား ဖွဲ့စည်းထားပြီး ဈေးဆိုင်ခန်းများ၊ စားသောက်ဆိုင်ခန်းများ၊ ဗဟိုဇာတ်စင်၊ စတိတ်ရှိုးစင်များ၊ ကလေး ကစားစရာနေရာများကို အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ နေရာချထားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးငြိမ်းထွန်းကျော်က ပြောပြသည်။

ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူ နိုင်ငံကျော် အဆိုတော်များ၊ အငြိမ့်၊ မော်ဒယ်ဒန်ဆာ(ရှိုး)၊ တေးသရုပ်ဖော်၊ ပဒေသာကပွဲ၊ မြန်မာ့ခြင်းလုံးခတ်အလှပြပွဲ၊ စတိတ်ရှိုးအဖွဲ့များဖြင့် မိုးလင်းပေါက်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ (၉၄) ကြိမ်မြောက် တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူ ရတနတ္တယပူဇော်ပွဲ မဏ္ဍပ်အဖြစ် နိုဝင်ဘာ ၁၇ ရက်မှ ၂၇ အထိ မြို့နယ်အတွင်းမှ တရားဟောဓမ္မကထိကဆရာတော် ၁၁ ပါးက ညစဉ် ၇ နာရီမှစ၍ တရားရေအေးအမြိုက်ဆေးကို အလှည့်ကျတိုက်ကျွေးဟောကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

# ကျေးလက်လမ်းနှင့်တံတား ပြီးစီးသဖြင့် ပြည်သူများသွားလာရေးအဆင်ပြေ

**မြောင် နိုဝင်ဘာ ၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြောင်မြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော ရွှေပေါက်ပင်ကျေးရွာတွင်းလမ်း ဂျင်းမြေခင်းခြင်းလုပ်ငန်းနှင့် ရွှေပေါက်ပင်-ကျီကုန်းငါးပေါက်တံတား ကြမ်းခင်းပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးသဖြင့် ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။

ရွှေပေါက်ပင်ကျေးရွာတွင်းလမ်း အရှည်တစ်မိုင်တွင် အကျယ် ၁၂ ပေ ဂျင်းမြေခင်းခြင်းနှင့် ရွှေပေါက်ပင်-ကျီကုန်းငါးပေါက် ကျေးရွာချင်းဆက်တံတား ကြမ်းခင်းပြုပြင်ခြင်းလုပ်ငန်းများကို လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေ ကျပ်သိန်း ၁၂၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါလမ်းနှင့် တံတားသည် ဒေသတွင်းရှိ အိမ်ခြေ ၆၀၀ မှ လူဦးရေ ၂၅၀၀ ကျော်အတွက် အကျိုးပြုကြောင်း သိရသည်။ လမ်းလုပ်ငန်းပြီးစီးသည့်အတွက် ဖွင့်ပွဲကို အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။
(၀၇၇)

# တီဘီဝေဒနာရှင်များ ကွင်းဆင်းရှာဖွေပြီး အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေး

**မိုးကောင်း နိုဝင်ဘာ ၂**
ကချင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ မိုးကောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကျေးလက်ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ မိုးကောင်းမြို့နယ် သိုက်ဝါးကုန်းကျေးရွာဓမ္မမာမကဘုန်းကြီးကျောင်း၌ အခြေပြုပြီး တီဘီရောဂါဝေဒနာရှင်များ ကွင်းဆင်းရှာဖွေဖော်ထုတ်ခြင်းနှင့် ဆေးဝါးကုသခြင်းများကို နိုဝင်ဘာ ၁ ရက်က အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။



တီဘီရောဂါ ရှာဖွေဖော်ထုတ်ခြင်းအဖြစ် ဓာတ်မှန်အခမဲ့ ရိုက်ကူးပေးခြင်းနှင့် တီဘီရောဂါပိုးရှိ မရှိ သလိပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများ၏ အထွေထွေရောဂါများကိုလည်း ဆေးဝါးကုသပေးခဲ့ကြောင်း၊ အဆိုပါ ကွင်းဆင်းအဖွဲ့သည် မြို့နယ်အတွင်းရှိ ကညင်မြိုင်၊ နန့်ဟိုင်၊ ကံလုနှင့် မရမ်းကျေးရွာများသို့လည်း ဆက်လက်ကွင်းဆင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခု တီဘီဝေဒနာရှင်များ ကွင်းဆင်းရှာဖွေကုသပေးခြင်းသည် မိုးကောင်းမြို့နယ်၌ ၂၀၁၆ ခုနှစ်အတွင်း ဒုတိယအကြိမ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။
**သန်းလွင်ဦး(ပြန်/ဆက်)**

# ပြည်သူများစိုးရိမ်နေသော ကျောက်မီးသွေးဖြင့်လည်ပတ်မည့်စက်ရုံများကို စစ်ဆေး



**မြိတ် နိုဝင်ဘာ ၂**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အင်းလေးမြိုင်စက်မှုဇုန်အတွင်းမှ ကင်းမွန်(ပြည်ကြီးငါး)များကို ဝယ်ယူစုဆောင်း၍ ပြုပြင်မွမ်းမံ(ပြုတ်ခြောက်လုပ်ငန်း)ဆောင်ရွက်သည့် စက်ရုံအချို့တွင် ကျောက်မီးသွေးဖြင့်လည်ပတ်မည့်ကိစ္စနှင့်ပတ်သက်၍ မြိတ်ဒေသခံပြည်သူများက စိုးရိမ်လျက်ရှိရာ တာဝန်ရှိသူများက အဆိုပါစက်ရုံများသို့ အောက်တိုဘာ ၃၁ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်ကြီးငါး ပြုပြင်မွမ်းမံ(ပြုတ်ခြောက်လုပ်ငန်း) စက်ရုံတချို့တွင် ယခင်က ထင်းအသုံးပြုရာမှ ကျောက်မီးသွေးသုံး ရေနွေးငွေ့ဘွိုင်လာစက်ဖြင့် ပြောင်းလဲအသုံးပြုရန် ကျောက်မီးသွေးများ စုဆောင်းထားရှိ စီစဉ်နေသည်ကို မြိတ်ဒေသခံပြည်သူများက စိုးရိမ်နေကြခြင်းဖြစ်သည်။ ထင်းအသုံးပြု ဘွိုင်လာစက်များနေရာတွင် ကျောက်မီးသွေးအစားထိုးအသုံးပြုရန် ဆောင်ရွက်နေသော ကုမ္ပဏီများသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ဌေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ကြရာ AAA ကုမ္ပဏီတွင် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဘွိုင်လာစက် တပ်ဆင်ထားသည်ကို တွေ့ရှိခဲ့ကြသည်။

ကျောက်မီးသွေးသုံး ရေနွေးငွေ့ဘွိုင်လာစက်ကို ထင်းများရှားပါးလာမှုကြောင့် ထင်းအစားထိုးလောင်စာအဖြစ် ကျောက်မီးသွေးဖြင့်အသုံးပြုရန် ယခုနှစ်တွင်မှ ဝယ်ယူတပ်ဆင်ထားကြောင်း၊ ကျောက်မီးသွေးစုဆောင်းထားသည်မှာ ခြောက်တန်ခန့်ရှိပြီဖြစ်ကြောင်း၊ စက်လည်ပတ်မှုဆောင်ရွက်ရန် အစီအစဉ်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနများထံ တင်ပြထားပြီး စက်ရုံလည်ပတ်မှုမရှိသေးကြောင်း AAA ကုမ္ပဏီမန်နေဂျာ ဦးရဲလင်းက ပြောသည်။

ကျောက်မီးသွေးအသုံးပြုမည့်ကိစ္စနှင့်ပတ်သက်၍ ပြည်သူများ စိုးရိမ်စိတ်မဖြစ်စေရေးအတွက် သက်ဆိုင်ရာဌာနများက ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးစေလိုကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ဌေးက ပြောကြားသည်။ မြိတ်မြို့ အင်းလေးမြိုင်စက်မှုဇုန်အတွင်း၌ ပြည်ကြီးငါး ပြုပြင်မွမ်းမံ(ပြုတ်ခြောက်လုပ်ငန်း)များကို ကုမ္ပဏီခြောက်ခုနှင့် ဒေသခံလုပ်ငန်းရှင်ခုနစ်ဦးက ဆောင်ရွက်လျက်ရှိကြပြီး ၎င်းကုမ္ပဏီများကို ဝယ်ယူစုဆောင်းခွင့်နှင့် ပြုပြင်မွမ်းမံ(ပြုတ်ခြောက်လုပ်ငန်း) ဆောင်ရွက်ရန်သာ ခွင့်ပြုထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# ဦးထုပ်မဆောင်းဘဲ ဆိုင်ကယ်စီးသူများကို ဖမ်းဆီးအရေးယူလျက်ရှိ

**သံတွဲ နိုဝင်ဘာ ၂**

သံတွဲမြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ပြီးနောက် ယာဉ်စည်းကမ်းမလိုက်နာသူများအား ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလမှ အောက်တိုဘာ ၃၁ ရက်အထိအတွင်း ဆိုင်ကယ်အစီးပေါင်း ၅၀၀ ကျော်ကို အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်စီးဦးထုပ်မပါဘဲ မောင်းနှင်သော ဆိုင်ကယ်များအပါအဝင် ယာဉ်စည်းကမ်းမလိုက်နာသော ဆိုင်ကယ်များကို ဖေဖော်ဝါရီလအတွင်းမှစ၍ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ဖမ်းဆီးအရေးယူခဲ့ရာ အောက်တိုဘာ ၃၁ ရက်အထိ ဆိုင်ကယ်အစီးရေ ၅၁၄ စီးကို အရေးယူခဲ့ပြီးဖြစ်ကြောင်း၊ အောက်တိုဘာ ၃၁ ရက်တွင်လည်း သံတွဲခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းတပ်ဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ အရေးယူခဲ့ရာ ဦးထုပ်မဆောင်းဘဲ မောင်းနှင်သည့်ဆိုင်ကယ် ၃၂ စီးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ဖမ်းဆီးမိသော ဆိုင်ကယ်များကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သံတွဲမြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြရေးအတွက် ဖေဖော်ဝါရီလအထိ ပညာပေးကာလအဖြစ် သတ်မှတ်ကာ ဟောပြောပွဲများကို စာသင်ကျောင်းများတွင်လည်းကောင်း၊ ရပ်ကွက်နှင့် ကျေးရွာများအတွင်း ကွင်းဆင်း၍လည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီးနောက်တွင် အရေးယူမှုများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**




# ရန်ကုန်-မော်လမြိုင် အမြန်ရထားကို ခြောက်ဘီးကားက ဝင်တိုက်

**မော်လမြိုင် နိုဝင်ဘာ ၂**

မော်လမြိုင်မြို့နယ် နှင်းပုလဲဘူတာနှင့် ဒုံဝန်းဘူတာကြား၌ ရန်ကုန်-မော်လမြိုင် လူစီးအမြန်ရထားကို ခြောက်ဘီးကားက ဝင်တိုက်မှု အောက်တိုဘာ ၃၀ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်မှ မော်လမြိုင်သို့ ထွက်ခွာလာသော အမှတ်(၈၉)အဆန် လူစီးအမြန်ရထား၏ စက်ခေါင်း ယာဘက်ခြမ်းကို နှင်းပုလဲဘူတာနှင့် ဒုံဝန်းဘူတာကြား လမ်းကူးနေရာ၌ သထုံမြို့နယ်နေ ကျော်ဇင်ဝင်း(၂၃ နှစ်)မောင်းနှင်လာသည့် မာဇဒါအမျိုးအစား ခြောက်ဘီးယာဉ်က တရားမဝင်လှည်းလမ်းကူးမှ ဖြတ်သန်းမောင်းနှင်စဉ် ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ဝင်တိုက်သောခြောက်ဘီးကားမှာ တိမ်းမှောက်သွားခဲ့သော်လည်း ယာဉ်မောင်းနှင့် ကားပေါ်ပါသူများ၊ ရထားစီးခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ခြောက်ဘီးကားမောင်းနှင်သူ ကျော်ဇင်ဝင်းအား သိမ်ဆိပ်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

# စားသုံးသူအကာကွယ်ပေးရေး ပညာပေးဟောပြော

**ကျုံပျော် နိုဝင်ဘာ ၂**

ဥပဒေအရ ခွင့်ပြုခြင်းမရှိသည့် ဆိုးဆေးပါသောအစားအစာများ၊ တာရှည်ခံဓာတုဆေးဝါးနှင့် ထုတ်လုပ်ထားသော အစားအစာများ၊ သက်တမ်းလွန်သော အစားအစာများ၏ ဆိုးကျိုးကိုသိရှိစေရန်အတွက် စားသုံးသူအကာကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သဘော့ရိုးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အောက်တိုဘာ ၃၁ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးမြင့်အောင်က တားမြစ်ဆိုးဆေးနှင့် တာရှည်ခံဆေးများဖြင့်ပြုလုပ်သော အစားအစာများ၏ ဆိုးကျိုးများ၊ ကွမ်းစားခြင်းကြောင့် ဖြစ်ပွားနိုင်သောရောဂါများ၊ စားသုံးသူအကာကွယ်ပေးရေး ဥပဒေပါ စားသုံးသူများရရန် အခွင့်အရေးများ စသည့်အကြောင်းအရာများကို ဟောပြောပြီး ကျောင်းသားကျောင်းသူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ကျောင်းပတ်ဝန်းကျင်ရှိ မုန့်ဆိုင်၊ ဈေးဆိုင်များကို လှည့်လည်စိစစ်ပြီး တားမြစ်စားသောက်ကုန်များ မရောင်းချရေး၊ ဓာတုဆိုးဆေးများ အသုံးပြုခြင်းမရှိရေးအတွက် ဆိုင်ရှင်များအား အသိပညာပေးမှုများ ဆောင်ရွက်ခဲ့သည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# သမိုင်းလမ်းဆုံ အနီးတစ်ဝိုက်တွင် လမ်းမီးများ ပိုမိုတပ်ဆင်ပေးရန် လိုအပ်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်အတွင်းရှိ သမိုင်းလမ်းဆုံနေရာသည် အင်းစိန်၊ ရွှေပြည်သာနှင့် လှိုင်သာယာမြို့နယ်များတွင် နေထိုင်သူများ ရန်ကုန်မြို့တွင်းသို့သွားလာရာတွင် ဖြတ်သန်းနေရသည့် လမ်းဆုံလမ်းခွဲတစ်ခုဖြစ်ပြီး ရန်ကုန်မြို့၏ လူဦးရေထူထပ်စွာ သွားလာသောနေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ သမိုင်းလမ်းဆုံရှိ တိုက်ကြီး-မှော်ဘီကားများ ဂိတ်ထိုးရပ်တန့်ရာနေရာနှင့် အနီးတစ်ဝိုက်တွင် မီးအလင်းရောင်ကောင်းစွာရရှိစေရန်အတွက် လမ်းမီးများ ပိုမိုတပ်ဆင်ထွန်းညှိပေးရန် လိုအပ်လျက်ရှိကြောင်း အဆိုပါနေရာအနီးတွင် နေထိုင်သူများက ပြောကြားလျက်ရှိသည်။

သမိုင်းလမ်းဆုံနေရာရှိ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီးကားများ ရပ်တန့်ရာနေရာတစ်ဝိုက်သည် ညနေ ၆ နာရီနောက်ပိုင်း မှောင်စပျိုးအချိန်မှစ၍ ညဘက်အထိ ညဥ့်ငှက်မလေးများ ကျက်စားရာနေရာဖြစ်နေကြောင်းနှင့် လမ်းသွားလမ်းလာ အမျိုးသားများအား ခေါ်ငင်နေကြသည်များရှိနေကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူများ၏ ပြောကြားချက်များအရ သိရသည်။

အဆိုပါနေရာ အနီးတစ်ဝိုက်ကို သွားရောက်စုံစမ်းခဲ့သည့်အခါ အမှန်တကယ်ပင် မီးအလင်းရောင်မရှိခြင်းနှင့် ညအချိန်ပျော်ပါးရန် ခေါ်ဆောင်နေသော အမျိုးသမီးငယ်များကို တွေ့ရှိရသည်။ နယ်ခံရပ်ကွက်နေပြည်သူများကို မေးမြန်းကြည့်သောအခါ ထိုနေရာတွင် ထိုအဖြစ်အပျက်များ ဖြစ်နေသည်မှာ နှစ်ပေါင်းများစွာကြာမြင့်နေခဲ့ပြီဖြစ်ကြောင်းနှင့် သက်ဆိုင်ရာမှ ထိရောက်သော အရေးယူမှုများ မလုပ်ဆောင်ခြင်းတို့ကြောင့် ပိုမိုအတင့်ရဲလာကြခြင်းဖြစ်ကြောင်း ပြောကြားကြသည်။

ကိုယ်ခန္ဓာကိုအရင်းအနှီးပြု၍ ရှာဖွေစားသောက်ရသော မိန်းကလေးငယ်များဖြစ်သည့်အတွက် လူကုန်ကူးမှုအပါအဝင် ရာဇဝတ်မှုများဖြစ်ပွားလာနိုင်ခြင်း၊ ကာလသားရောဂါများ၊ HIV/AIDS ရောဂါနှင့် အခြားကူးစက်ရောဂါများ ဖြစ်ပွားလာနိုင်ခြင်း၊ အခြားသွားလာနေကြသော အမျိုးသား၊ အမျိုးသမီးငယ်လေးများအတွက်ပါ ရော၍ ထင်ယောင်ထင်မှား ဖြစ်စေနိုင်ခြင်းတို့ကြောင့် အဆိုပါနေရာအနီးတစ်ဝိုက်တွင် မီးအလင်းရောင်လုံလောက်စွာထွန်းပေးခြင်း၊ ညအချိန် ကားမှတ်တိုင်များတွင် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများကို တာဝန်ချထားပေးခြင်းတို့ဖြင့် တာဝန်ရှိသူများအနေဖြင့် ယင်းကိစ္စရပ်များအပေါ် ထိရောက်စွာ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# မူးယစ်ဆေးဖြတ်ကုသခံနေသူများအား ထောက်ပံ့

**ကျိုင်းတုံ နိုဝင်ဘာ ၂**

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်အတွင်းမှ မူးယစ်ဆေးဖြတ်ကုသမှုခံယူနေသူများအား ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူဖြစ်စေရန် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို အောက်တိုဘာ ၃၁ ရက်က မိုင်းလပ်ကျေးရွာအုပ်စု ဝမ်မိုင်ကျေးရွာရှိ လူမှုဝန်ထမ်းဦးစီးဌာန ပြန်လည်ထူထောင်ရေးစခန်း ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးရုံးခန်း၌ ကျင်းပသည်။

ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲတွင် ဆေးဖြတ်ကုသမှုခံယူနေသူများအတွက် ထောက်ပံ့ပစ္စည်းများအဖြစ် ဆန်အိတ် ၂၀ နှင့် ဆီတစ်ပုံးကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးက လည်းကောင်း၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ)ရဲမှူးကြီးသက်လွင်က ခေါက်ဆွဲဖာ ၁၀ ဖာကိုလည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦးက ကော်ဖီမစ်အထုပ်ကြီး ၁၀ ထုပ်ကိုလည်းကောင်း၊ MANA အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသိန်းငွေက ငွေကျပ်တစ်သိန်းကိုလည်းကောင်း ထောက်ပံ့လှူဒါန်းခဲ့သည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်တိုင်းမှူးက မူးယစ်ဆေးဖြတ် ကုသမှုခံယူနေသူများအား အားပေးနှစ်သိမ့်စကားပြောကြားကာ ဆေးကုသဆောင်၊ စားဖိုဆောင်၊ အိပ်ဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လွှတ်တော်ရန်ပုံငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းကျင်းမှု ကွင်းဆင်းကြည့်ရှု

**နမ့်ဆန် နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ဟူးခင်ကျေးရွာအုပ်စု ဟူးခင်ကျေးရွာ၌ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေနှင့် ကျေးရွာလူထုထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုင်းဝင်းထူး၊ ဒေသဦးစီးအဖွဲ့ဝင် ဦးသိန်းဇော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်ဝင်းတို့က အောက်တိုဘာ ၂၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကျေးရွာတွင်းကွန်ကရစ်လမ်းသည် အကျယ် ၁၀ ပေ၊ အရှည်ပေ ၃၀၀၀ ရှိပြီး လွှတ်တော်ရန်ပုံငွေကျပ်သိန်း ၅၀ နှင့် ကျေးရွာနေပြည်သူများထည့်ဝင်ငွေကျပ်သိန်း ၃၅၀ စုစုပေါင်းကျပ်သိန်း ၄၀၀ ခန့် အကုန်အကျခံ ခင်းကျင်းခဲ့ကြောင်း၊ ယခင်က မြေနီလမ်းဖြစ်ပြီး မိုးရာသီတွင် သွားလာရန် အလွန်ခက်ခဲသောကြောင့် လွှတ်တော်ရန်ပုံငွေကိုမတည်ပြီး ကျေးရွာအလှူရှင်များနှင့်ပေါင်းစပ်ကာ ယခုကဲ့သို့ ကွန်ကရစ်လမ်းကို အောင်မြင်စွာခင်းနိုင်ခဲ့ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

**(ခရိုင်(ပြန်/ဆက်)**

# မိုးသည်းထန်ပြီး စပါးပင်များယိုင်လဲပျက်စီး၍ အထွက်နှုန်းလျော့မည်ကို တောင်သူများစိုးရိမ်နေ



**ခမ်းပါတ် နိုဝင်ဘာ ၂**

တမူးခရိုင် ခမ်းပါတ်မြို့နယ်အတွင်း ပြီးခဲ့သည့်အပတ်က မိုးအဆက်မပြတ်ရွာသွန်း၍ ဒေသခံတောင်သူများ စိုက်ပျိုးထားသော စပါးစိုက်ခင်းများတွင် အပင်များ ယိုင်လဲပျက်စီးမှုများရှိခဲ့ပြီး ထိုသို့ အပင်များယိုင်လဲခြင်းကြောင့် စပါးအထွက်နှုန်းလျော့ကျမည်ကို တောင်သူများ စိုးရိမ်လျက်ရှိကြောင်းသိရသည်။

"ဒီတစ်ပတ်လုံး မိုးက တစ်နေကုန် တစွေစွေရွာနေတော့ စပါးပင်တွေဆိုတာ မြင်တဲ့အတိုင်း ပြားပြားဝပ်ပေ့ါ။ ကျွန်တော့်လယ်ဆို ရိတ်ဖို့ တစ်လနီးပါးလိုသေးတယ်။ ခုလိုယိုင်လဲကုန်တော့ အနည်းနဲ့အများတော့ ရှုံးတော့မှာပါ။ ပြီးခဲ့တဲ့နှစ်ကလည်း ရေဘေးကြောင့် ရှုံးခဲ့ရပြီးပြီ" ဟု ကမ္ဘကြီးကျေးရွာမှ စပါးစိုက်ပျိုးထားသော လယ်သမားတစ်ဦးက ပြောသည်။

မိုးဒဏ်ကြောင့် ယိုင်လဲသွားသော စပါးခင်းများသည် မရိတ်သိမ်းမီအချိန်အတွင်း ကြွက်နှင့် ငှက်တို့၏ ဖျက်ဆီးမှုများကို ပိုမိုခံရလေ့ရှိပြီး ရိတ်သိမ်းချိန်တွင်လည်း ပျက်စီးမှု ပိုမိုများပြားတတ်သဖြင့် စပါးအထွက်နှုန်းလျော့ကျကာ အရှုံးပေါ်မည်ကို တောင်သူများက စိုးရိမ်နေကြခြင်းဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**

# ဇီကာဗိုင်းရပ်စ် ရောဂါအကြောင်း ပညာပေးဟောပြော

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂**

ဆင်ပေါင်ဝဲမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း သိကောင်းစရာများ ဆွေးနွေးဟောပြောပွဲကို အောက်တိုဘာ ၃၁ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက အမှာစကားပြောကြားပြီး Pact Myanmar မှ တာဝန်ခံ ဦးဘိုဘိုဟန်က Pact Myanmar ၏ လုပ်ငန်းစဉ်များကို ချပြရှင်းလင်းသည်။ ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရဇော်က ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောပွဲ တက်ရောက်သော ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ Pact Myanmar တာဝန်ခံနှင့် ရုံးအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ပညာပေးဟောပြောခဲ့သည်။

**(မြို့နယ်ပြန်/ဆက်)**

# သားအိမ်ခေါင်းကင်ဆာ ကြိုတင်ကာကွယ်ရေး အသိပေးဆွေးနွေး

**တောင်ကြီး နိုဝင်ဘာ ၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အမေရိကန်အခြေစိုက် လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သော Medical Care Development International အဖွဲ့တို့ ပူးပေါင်း၍ သားအိမ်ခေါင်းကင်ဆာ ကြိုတင်ကာကွယ်ရေး အသိပေးဆွေးနွေးပွဲကို တောင်ကြီးမြို့ရှိ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အောက်တိုဘာ ၃၁ ရက်က ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ရှမ်းပြည်နယ်အတွင်း သားအိမ်ခေါင်းကင်ဆာ ကာကွယ်ရေးအတွက် အချိန်တစ်နှစ်ကြာ ဆောင်ရွက်မည့် စီမံချက်အကြောင်းနှင့် MCDI အဖွဲ့က ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်မှစ၍ တိုက်နယ်ဆေးရုံများ၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးများတွင် ကုထုံးများသင်ကြားပို့ချခြင်း၊ လိုအပ်သောပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ဆရာဝန်အသင်း(ရန်ကုန်)မှ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမြသီတာက သားအိမ်ခေါင်းကင်ဆာ ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။ သားအိမ်ခေါင်းကင်ဆာကာကွယ်ရေးအတွက် လက်တွေ့များကိုလည်း အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



## မန်ယူမှာ အဓိကလူဖြစ်လာတဲ့ မာတာ

မော်ရင်ဟို အိုးထရက်ဖို့ဒ်ကို ရောက်လာပြီးတဲ့နောက် ရုန်းကန်ကြိုးစားနေရတဲ့ မာတာဟာ အခုအခါမှာတော့ မန်ယူရဲ့ အဓိကကစားသမားဖြစ်လာတာ တွေ့ရပါတယ်။ လအနည်းငယ်အတွင်းမှာ မာတာရဲ့ခြေစွမ်းဟာ သိသိသာသာပြောင်းလဲလာခဲ့ပါတယ်။

အသက် ၂၈ နှစ်အရွယ် စပိန်ကွင်းလယ်ကစားသမား မာတာကို ဘန်လေနဲ့ သရေကျတဲ့ပွဲမှာ မန်ယူအသင်းခေါင်းဆောင်အဖြစ် မော်ရင်ဟိုက ပွဲထုတ်ခဲ့ပါတယ်။ ချယ်လ်ဆီးက ပြောင်းလာတဲ့ မာတာဟာ မန်ယူနဲ့လည်း အကောင်းဆုံးကစားပြလာနိုင်တာ တွေ့ရမှာဖြစ်ပါတယ်။ သူဟာ မန်ယူနဲ့အတူ ဒီနှစ်ထဲမှာ ၁၃ ပွဲပါဝင်ကစားခဲ့ပြီး သုံးဂိုးသွင်းယူပေးခဲ့ပါတယ်။

မာတာဟာ ၂၀၁၃-၂၀၁၄ ရာသီက ပထမနှစ်ဝက်အတွင်းမှာ မန်ယူကိုရောက်ရှိလာခဲ့ပါတယ်။ သို့သော်လည်း ရောက်ခါစနှစ်တွေမှာတော့ မာတာဟာ ရုန်းကန်ကြိုးစားမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ နည်းပြ မော်ရင်ဟိုနဲ့ဆက်ဆံရေးကောင်းလာတဲ့အတွက် မာတာဟာ မန်ယူရဲ့ အဓိကနေရာကိုဝင်ရောက် နေရာယူလာခဲ့ပါတယ်။ ယခုအခါမှာတော့ မန်ယူရဲ့ အဓိကစားသမားအဖြစ် ပြောင်းလဲလာတဲ့ အနေအထားကို တွေ့ရမှာဖြစ်ပါတယ်။

## မန်ယူနဲ့အတူ ပြန်လည်လေ့ကျင့်နေတဲ့ ရှဝိန်းစတိုင်ဂါ

ကမ္ဘာ့ဖလားကို ဂျာမနီအသင်းနဲ့အတူ ရယူခဲ့တဲ့ ရှဝိန်းစတိုင်ဂါဟာ မန်ယူနဲ့အတူ ပြန်လည်လေ့ကျင့်မှုတွေပြုလုပ်နေပြီဖြစ်ပါတယ်။ အသက် ၃၂ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါဟာ မော်ရင်ဟိုနည်းပြဖြစ်လာပြီးကတည်းက ကစားခွင့်ပျောက်ဆုံးခဲ့ပါတယ်။ အခုအခါမှာတော့ တစ်ယောက်တည်း သို့မဟုတ် ယူ-၂၃ မန်ယူကစားသမားတွေနဲ့ စတင်လေ့ကျင့်မှုတွေပြုလုပ်နေတယ်လို့ ဆိုပါတယ်။

ဂျာမနီအသင်းခေါင်းဆောင်ဟောင်း ရှဝိန်းစတိုင်ဂါဟာ ဇန်ဟားလ်လက်ထက်မှာ မတ်လက မန်ယူနဲ့ နောက်ဆုံးအကြိမ်ကစားခဲ့တာဖြစ်ပါတယ်။ နည်းပြ မော်ရင်ဟိုနဲ့ ပုဂ္ဂိုလ်ရေးအရ ပြဿနာတွေမရှိဘူးလို့ ဩဂုတ်လအတွင်းက သူက ပြောဆိုခဲ့ပါတယ်။ မန်ယူဟာ သူ့ရဲ့ နောက်ဆုံးဥရောပကလပ်ဖြစ်လိမ့်မယ်လို့လည်း ဆိုပါတယ်။

နည်းပြ မော်ရင်ဟိုအနေနဲ့ ရှဝိန်းစတိုင်ဂါကို ထည့်သွင်းကစားဖို့ စဉ်းစားရတော့မှာဖြစ်ပါတယ်။ သူဟာ ၂၀၁၅ ခုနှစ် ဇူလိုင်လက ဘိုင်ယန်မြူးနစ်မှ မန်ယူသို့ ပေါင် ၁၄ ဒသမ ၄ သန်းနဲ့ ပြောင်းရွှေ့လာသူဖြစ်ပါတယ်။



# မန်ယူတို့ ခြေကုန်ဖွင့်ရဦးမယ့် ယူရိုပါလိဂ်

ယူရိုပါလိဂ်အုပ်စုပွဲစဉ်တွေကို နိုဝင်ဘာ ၄ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အုပ်စု(A)က မန်ယူတို့က ဖီနာဘာချီနဲ့ တွေ့မှာဖြစ်ပြီး အခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်မလားဆိုတာ မသေချာသလို အုပ်စု(E)မှာ ဗီယင်နာနဲ့တွေ့ရမယ့် ရိုးမားတို့ကလည်း အကြိတ်အနယ်နွှဲရမယ့် ပွဲဖြစ်နေတာမို့ စိတ်ဝင်စားစရာ ပွဲစဉ်တွေ ဖြစ်နေတာ အမှန်ပါပဲ။




**ဖီနာဘာချီနှင့် မန်ယူ**

အုပ်စု(A)မှာ မန်ယူတို့ သုံးပွဲကစားပြီး ခြောက်မှတ်ရရှိနေသလို ဖီနာဘာချီတို့ကလည်း လေးမှတ်ရရှိထားပါတယ်။ မန်ယူရဲ့လက်ရှိခြေစွမ်းက အားရစရာမရှိသလို ရလဒ်တွေကလည်း ကမောက်ကမဖြစ်နေတာမို့ အဝေးကွင်းမှာ စိုးရိမ်စရာတော့ ကောင်းနေပါတယ်။ ဖီနာဘာချီတို့က နောက်ဆုံးကစားခဲ့တဲ့နှစ်ပွဲမှာ နိုင်ပွဲဆက်တိုက်ရယူထားတာမို့ မန်ယူအတွက် ပွဲကျပ်ပါပဲ။ ပထမအကျော့မှာ မန်ယူက လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပေမယ့် ဒီပွဲမှာ သရေပွဲလည်း ဖြစ်သွားနိုင်သလို အနိုင်ဆိုရင်တောင် မန်ယူတို့ ဂိုးမပြတ်နိုင်ပါဘူး။

**ဇော်ယာနှင့် ဖီယင်နူ**

အုပ်စု(A)မှာ ဖေယင်နူတို့က သုံးပွဲကစားပြီး ခြောက်မှတ်ရရှိနေပါတယ်။ ဇော်ယာတို့ကတော့ တစ်မှတ်သာရရှိထားတာမို့ နောက်တစ်ဆင့်တက်ရေး အခြေအနေမကောင်းပါဘူး။ ပုံမှန်ခြေစွမ်းထိန်းထားနိုင်တဲ့ ဖီယင်နူတို့ဟာ နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ တစ်ပွဲမှ မရှုံးခဲ့ပါဘူး။ ဒီနှစ်သင်းရဲ့ ပထမကျော့ပွဲစဉ်မှာ ဖီယင်နူတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲဟာ ဖီယင်နူတို့ပဲ နိုင်ပွဲဆက်သွားမယ်လို့ ယုံကြည်ပါတယ်။

**အက်စ်တာနာနှင့် အိုလံပီယာကို့စ်**

အုပ်စု(B)မှာ အိုလံပီယာကို့စ်က သုံးပွဲကစားပြီးချိန်မှာ ခြောက်မှတ်နဲ့ အုပ်စုဒုတိယနေရာမှာ ရှိနေပါတယ်။ အက်စ်တာနာတို့ကတော့ တစ်မှတ်သာရရှိထားလို့ နောက်တစ်ဆင့်တက်ရေး အခြေအနေမကောင်းတော့ပါဘူး။ ပထမအကျော့ပွဲစဉ်မှာ အိုလံပီယာကို့စ်တို့က လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာ ပွဲဆက်ရလဒ်ဆိုးရွားနေတဲ့ အက်စ်တာနာတို့ အမှတ်ရဖို့တောင် မလွယ်ပါဘူး။

**အေပိုးနှင့် ယန်းဘွိုင်း**

အုပ်စု(B)မှာ အေပိုးတို့ရဲ့ခြေစွမ်းက ပုံမှန်မရသေးပါဘူး။ နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ နှစ်ပွဲသာအနိုင်ရပြီး တစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားပါတယ်။ ယန်းဘွိုင်းတို့က ပွဲတိုင်းအမှတ်ရအောင် အားထုတ်နိုင်ပြီး နိုင်ပွဲတွေလည်း ဆက်တိုက်ရရှိနေပါတယ်။ ပထမအကျော့မှာ ယန်းဘွိုင်းတို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့တာမို့ ခြေစွမ်းထက်မြက်နေတဲ့ ယန်းဘွိုင်းကို အေပိုးတို့ အနိုင်သုံးမှတ်ကိုပေးအပ်ရဦးမှာဖြစ်ပါတယ်။

**အန်ဒါလက်ချ်နှင့် မိန့်ဇ်**

အုပ်စု(C)မှာ မိန့်ဇ်ရော အန်ဒါလက်ချ်တို့ပါ သုံးပွဲကစားပြီးချိန်မှာ ငါးမှတ်ရရှိနေပါတယ်။ နှစ်သင်းစလုံး ခြေစွမ်းကွာဟမှုမရှိသလို တိုက်စစ်၊ ခံစစ်ပိုင်းလည်း ဟန်ချက်ညီနေပါတယ်။ အန်ဒါလက်ချ်တို့ကတော့ အထူးသဖြင့် အိမ်ကွင်းမှာ နိုင်ပွဲရအောင် ကစားတတ်တာမို့ မိန့်ဇ်တို့ အလေးထားကစားရပါလိမ့်မယ်။ မိန့်ဇ်ရဲ့ လက်ရှိခြေစွမ်းကလည်း ခံစစ်ပိုင်းအားပြုနေတာမို့ ဒီပွဲမှာတော့ အိမ်ရှင်တို့ကို ပိုပြီးနှစ်သက်မိပါတယ်။

**မက္ကာဘီတဲလ်အဗစ်နှင့် အယ်လ်ခမာ**

အုပ်စု(C)မှာ တဲလ်အဗစ်တို့ သုံးပွဲကစားပြီး သုံးမှတ်ရရှိထားသလို အယ်လ်ခမာတို့ကလည်း တစ်မှတ်သာရရှိထားပါတယ်။ နှစ်သင်းစလုံး ရှုံးပွဲတွေဆက်နေရာမှ နိုင်ပွဲတွေပြန်ရနေတာမို့ အခုပွဲမှာတော့ အပြိုင်အဆိုင်ခြေကုန်ဖွင့်ရမယ့်ပွဲပါပဲ။ ပထမအကျော့မှာ တဲလ်အဗစ်တို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားသလို အခုပွဲမှာလည်း အိမ်ရှင်တို့ပဲ အနိုင်ရလဒ်ကို သိမ်းပိုက်သွားပါလိမ့်မယ်။

**ဗီယင်နာနှင့် ရိုးမား**

အုပ်စု(E)မှာ ဗီယင်နာရော ရိုးမားတို့ပါ သုံးပွဲကစားပြီးချိန်မှာ ငါးမှတ်ရရှိထားပါတယ်။ ပထမအကျော့ ရိုးမားကွင်းမှာ သုံးဂိုးစီသရေပွဲဖြစ်ထားခဲ့တာမို့ အခုပွဲမှာတော့ တိုက်စစ်အပြိုင်ဖွင့်ပြီး ရင်ဆိုင်ကြမှာဖြစ်ပါတယ်။ အိမ်ကွင်းမှာ နိုင်ပွဲရအောင် စွမ်းဆောင်နိုင်တဲ့ ဗီယင်နာတို့က ရိုးမားကို ခံစစ်အခြေပြုပြီး တိုက်စစ်ဖွင့်ကာ အနိုင်ရအောင် ကြိုးစားသွားပါလိမ့်မယ်။ ။

**မိုးမြင့်လင်းလက်**


## ကမ္ဘာ့နံပါတ်တစ်နေရာကို ကာကွယ်ဖို့ အသင့်ဖြစ်နေတယ်ဆိုတဲ့ ဂျိုကိုဗစ်

ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်က သူ့ရဲ့ကမ္ဘာ့နံပါတ်တစ်တင်းနစ်ကစားသမားနေရာကို ကာကွယ်သွားဖို့ အသင့်ရှိနေတယ်လို့ ပြောဆိုလိုက်ပါတယ်။ ဂျိုကိုဗစ်နဲ့ အင်ဒီမာရေးတို့ဟာ ကမ္ဘာ့နံပါတ်တစ်နေရာကို အပြိုင်လုကြဖို့ရှိပါတယ်။

သူတို့နှစ်ဦးဟာ ဒီတစ်ပတ် ပါရီမာစတာပြိုင်ပွဲမှာ အဆုံးအဖြတ်ပေးမှာဖြစ်ပါတယ်။ ဒီပွဲမှာ အနိုင်ရတဲ့သူဟာ ကမ္ဘာ့နံပါတ်တစ်ဖြစ်လာဖို့ ရှိနေပါတယ်။ ဗြိတိန်တင်းနစ်ကစားသမား မာရေးဟာ ပါရီမာစတာဖလားကို သုံးနှစ်ဆက်တိုက် ဆွတ်ခူးပေးသူဖြစ်ပါတယ်။ ဂျိုကိုဗစ်ကတော့ သူ့ရဲ့ကစားပုံတွေကို အကောင်းဆုံးပြင်ဆင်သွားမယ်လို့ ပြောဆိုလိုက်ပါတယ်။

(၁၂)ကြိမ်မြောက် ဂရင်းဆလမ်ဖလားဆွတ်ခူးခဲ့တဲ့ ဂျိုကိုဗစ်ဟာ လွန်ခဲ့သော နှစ်ပတ်က ရှန်ဟိုင်းမာစတာပြိုင်ပွဲ ဆီမီးဖိုင်နယ်မှာ ရှုံးနိမ့်ပြီးနောက် ပြန်လည်လေ့ကျင့်မှုတွေပြုလုပ်နေပြီဖြစ်ပါတယ်။ ဂျိုကိုဗစ်အနေနဲ့ ပါရီမာစတာဖလား ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်မယ်ဆိုရင် ကမ္ဘာ့နံပါတ်တစ်နေရာကို ဆက်လက်ထိန်းထားနိုင်လိမ့်မယ်လို့ ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**



# ကျင်စက်ခါတ်မီးကိုင်ဆောင်သူအား အမှုဖွင့်အရေးယူ

**ရန်ကုန် နိုဝင်ဘာ ၂**
ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်း ယာဉ်တစ်စီးကို ရပ်တန့်စစ်ဆေးရာမှ ယာဉ်ပေါ်တွင် ကျင်စက်ခါတ်မီးတစ်လက်ကို တွေ့ရှိရသဖြင့် ယာဉ်မောင်းသူအား တာမွေမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အောက်တိုဘာ ၃၁ ရက် နံနက် ၀၀း၁၅ နာရီက တာမွေမြို့နယ် တာမွေလေးရပ်ကွက် လေးထောင့်ကန်လမ်းစုပါဝမ်းကုန်တိုက်ရှေ့၌ တာမွေကုန်းတံတားဘက်မှ အရှေ့မြင်းပြိုင်ကွင်းလမ်းဘက်သို့ မောင်းနှင်လာသော ယာဉ်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးလှဘုန်းကျော်နှင့် ရဲတပ်ဖွဲ့ဝင်များက သက်သေများဖြစ်သော ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ ရပ်တန့်စစ်ဆေးရာ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက်နေ ယာဉ်မောင်း ကိုရန်ငြိမ်းချမ်း(၃၈)နှစ်၊ မောင်းနှင်လာသည့် ယာဉ်အမှတ် 4K/---- ဗောက်စ်ဝက်ဂွန်အမျိုးအစား ကိုယ်ပိုင်ယာဉ်၏ ဒက်ရှ်ဘုတ်အတွင်းမှ လုံးပတ် တစ်လက်မ၊ အရှည် ခုနစ်လက်မခန့်ရှိ ကျဉ်စက်ခါတ်မီးတစ်လက်ကို တွေ့ရှိသဖြင့် သက်သေများရှေ့တွင် သိမ်း ဆည်းပြီး အများပြည်သူနှင့်ဆိုင်သောနေရာတွင် လူ့အသက်အန္တရာယ်ဖြစ်စေနိုင်သည့် ကျင်စက်ခါတ်မီးကိုင်ဆောင်သူ ရန်ငြိမ်းချမ်းအား မြို့မရဲစခန်း၌ ဒုရဲအုပ်ကျော်ဟိန်းက တရားလိုပြုလုပ် အမှုဖွင့်ထားကြောင်း သိရသည်။

ယင်းနေ့က စစ်ဆေးရာတွင် တာမွေမြို့နယ်နေ ယာဉ်မောင်း မျိုးသူရအောင် မောင်းနှင်လာသည့် ယာဉ်အမှတ် 9H/ ---- ဆူဇူကီးဝက်ဂွန် ကိုယ်ပိုင်ယာဉ်ပေါ်မှလည်း လုံးပတ်တစ်လက်မ၊ အရှည် ၂ ပေ ၇ လက်မခန့်ရှိ စတီးနှစ်ထပ်ပိုက်တစ်ချောင်းကို တွေ့ရှိသဖြင့် အများပြည်သူနှင့်ဆိုင်သောနေရာတွင် လူ့အသက်ကို အန္တရာယ်ဖြစ်စေနိုင်သည့် နှစ်ထပ်စတီးပိုက်ကိုင်ဆောင်သူ မျိုးသူရအောင်အား တာမွေမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**

# အပင်များနှင့် ကျောရိုးမဲ့အင်းဆက်မျိုးစိတ်နမူနာများ ထိန်းသိမ်းထားမည့်အခန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန (FD) နှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားဇီဝအရင်းအမြစ်များသိပ္ပံဌာန (National Institute of Biological Resources -NIBR)တို့ ပူးပေါင်းကွင်းဆင်းကောက်ယူစုဆောင်းခဲ့သည့် အပင်များနှင့် ကျောရိုးမဲ့အင်းဆက်မျိုးစိတ်နမူနာ ၂၀၀၀ ခန့်ကို ရေရှည်ထိန်းသိမ်းထားရှိမည့် Specimen Storage Room အခန်း ဖွင့်ပွဲကို မှော်ဘီမြို့ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန(CFDTC)၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါ နမူနာမျိုးစိတ်များ ထိန်းသိမ်းထားရှိမည့်အခန်း(Specimen Storage Room)ဖွင့်ပွဲနှင့်အတူ FD-NIBR ပူးပေါင်းဆောင်ရွက်ခြင်း ငါးနှစ်ပြည့်အခမ်းအနားကိုလည်း တစ်ဆက်တည်းကျင်းပခဲ့ပြီး အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲတို့ ကြွယ်ဝလျက်ရှိပြီး ၎င်းဇီဝမျိုးစုံမျိုးကွဲနှင့် ၎င်းတို့၏ ဂေဟစနစ်များ ရေရှည်ထိန်းသိမ်းရေး၊ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ရေးနှင့် အသုံးချနိုင်ရေးသည် မြန်မာနိုင်ငံ၏ ပန်းတိုင်ဖြစ်ကြောင်း၊ ထိုရည်မှန်းချက်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် ငွေကြေးနှင့်နည်းပညာအကူအညီ များစွာလိုအပ်လျက်ရှိကြောင်း၊ ငါးနှစ်တာကာလအတွင်း FD-NIBR ပူးပေါင်းဆောင်ရွက်မှုရလဒ်အဖြစ် ထွက်ရှိခဲ့သော ပုပ္ပားတောင်ဇီဝမျိုးစုံမျိုးကွဲ (Mount Popa Biodiversity)နှင့် ပုပ္ပားတောင်အမျိုးသားဥယျာဉ်မှ ဆေးဖက်ဝင်အပင်များ(Medicinal Plant of Popa Mountain Park)စာအုပ်နှစ်အုပ်သည် ပုပ္ပားတောင်အမျိုးသားဥယျာဉ် ရေရှည်တည်တံ့စွာ ထိန်းသိမ်းရေးအတွက်သာမက ကျောင်းသားများနှင့် သုတေသီများအတွက် အလွန်တန်ဖိုးရှိသော အရင်းအမြစ်များဖြစ်ကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် နမူနာမျိုးစိတ်များ ထိန်းသိမ်းထားရှိမည့်အခန်းသည်လည်း လေ့ကျင့်သင်ကြားရေးအတွက် အထောက်အကူပြုမည့်အပြင် ဇီဝဗေဒပညာရှင်များ၊ သုတေသီများနှင့် ကျောင်းသားများအတွက်လည်း အကိုးအကားအတွက် အားထားရာဖြစ်ကြောင်း အမှာစကားပြောကြားသည်။

သစ်တောဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ NIBR တို့သည် ၂၀၁၄ ဩဂုတ်လမှ ၂၀၁၇ ဩဂုတ်လအထိ ဒုတိယအကြိမ် သုံးနှစ်သက်တမ်းရှိသော နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး ဇီဝအရင်းအမြစ်များနှင့် သတင်းအချက်အလက်များဆိုင်ရာ စီမံကိန်းလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**

# စပါးရိတ်ချိန် မိုးရွာသဖြင့် တောင်သူများအခက်အခဲဖြစ်



**ကျုံပျော် နိုဝင်ဘာ ၂**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ယခုရက်အတွင်း တောင်သူများ မိုးစပါးများရိတ်သိမ်းချိန်၌ မိုးအနည်းငယ်ရွာသွန်းနေခြင်းကြောင့် နှောင့်နှေးမှုများဖြစ်ပေါ်နေပြီး ရိတ်သိမ်းပြီးစပါးများမှာလည်း ယခင်နှစ်များလောက် ဈေးကောင်းမရရှိကြသောကြောင့် အမြတ်အစွန်းနည်းပါးလျက်ရှိကြောင်း သိရသည်။

ယခင်နှစ်က စပါးရိတ်ခြွေပြီးချိန်များတွင် ဝယ်သူများက လယ်ထဲအထိအရောက်လိုက်ပြီး ဈေးကောင်းပေးဝယ်ခဲ့ကြကြောင်း၊ ဈေးနှုန်းမှာလည်း စပါးတင်း ၁၀၀ လျှင် ကျပ် ၄၈၀၀၀၀ အထိ ရောင်းချခဲ့ကြရကြောင်း၊ ယခုနှစ် စပါးရိတ်သိမ်းချိန်တွင် မိုးအနည်းငယ်ရွာသွန်းနေသောကြောင့် စပါးပျက်စီးလေလွင့်မည်ကို စိုးရိမ်ရကာ ရိတ်သိမ်းရာတွင်လည်းနှောင့်နှေးမှုများရှိနေကြောင်း၊ စပါးဈေးနှုန်းမှာလည်း ယခင်နှစ်ကထက် များစွာလျော့နည်းနေကာ တင်း ၁၀၀ လျှင် ကျပ် ၃၂၀၀၀၀ သာရရှိသောကြောင့် အမြတ်အစွန်းနည်းပါးကြောင်း၊ လက်ရှိ စပါးရိတ်ခနှုန်းမှာ လယ်တစ်ဧကလျှင် ကျပ် ၃၅၀၀၀ အထိ ရှိနေကြောင်း ငါးပုတ်လှျိုကျေးရွာမှ စပါးများရိတ်သိမ်းပြီးသော လယ်သမားတစ်ဦးက ပြောသည်။
**နေဝင်းမြင့်(ပြန်/ဆက်)**

# မွေးစကလေးများကို အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်ရေး ဆွေးနွေး

**ဒိုက်ဦး နိုဝင်ဘာ ၂**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်းမှ စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများအနေဖြင့် မွေးစကလေးများအား အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ခြင်းသင်တန်းနှင့်ပတ်သက်၍ ဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ ရက်က မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောမြထွန်းက အမှာစကားပြောကြားပြီး ဖောင်တော်သီကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးဇင်မင်းစိုးက စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများမှ မွေးစကလေးငယ်များအား အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ ပန္နတ်ကျေးရွာ ကျန်းမာရေးမှူး ဒေါ်စန္ဒာခိုင်က အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း၊ နမိုးနီးယားနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများအတွက် ဆန်းစစ်ခြင်းနှင့် ကုသခြင်းအကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



# မိုင်းကာကွယ်ရေးပစ္စည်း ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်

**ထားဝယ် နိုဝင်ဘာ ၂**
မိုင်းအခြေခံသဘောတရားနှင့် မိုင်းကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်းသင်တန်းကို ထားဝယ်မြို့ရှိ တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ရဲဗာနည်ခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီး စံရွှေမောင်က အမှာစကားပြောကြားပြီး သင်တန်းတွင် ရဲမှူးမောင်မောင်ဇော်နှင့် နည်းပြများက အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကာ သင်တန်းသို့ တိုင်းဒေသကြီး အကူရဲတပ်ဖွဲ့ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့မရဲစခန်းမှူးများ၊ မှုခင်းတပ်ဖွဲ့ သတင်းတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့မှာ ရဲတပ်ဖွဲ့ဝင် ၆၀ တက်ရောက်ကြောင်း သိရသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

## မှုခင်းသတင်းတိုများ

### စိတ်ကြွရူးသွပ်ဆေးပြားသယ်လာသူ၏ အိမ်မှ သေနတ်တစ်လက် ဖမ်းဆီးရမိ

မြဝတီမြို့ အမှတ်(၄)ရပ်ကွက်အတွင်း မူးယစ်ဆေးဝါးသတင်းအရ ရဲတပ်ဖွဲ့ဝင်များက အောက်တိုဘာ ၃၁ ရက်က စောင့်ဆိုင်းစစ်ဆေးရာမှ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူတစ်ဦးအား ဖမ်းမိခဲ့ပြီး ၎င်း၏အိမ်သို့ ဆက်လက်ရှာဖွေရာ ပစ္စတိုတစ်လက်နှင့် ကျည်ဆန်များ ထပ်မံတွေ့ရှိခဲ့ကြောင်း မြဝတီမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်မျိုးကျော်နှင့်အဖွဲ့၊ မြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ အမှတ်(၄)ရပ်ကွက် အေးသာယာ(၉)လမ်း၌ စောင့်ဆိုင်းနေစဉ် ယာဉ်အမှတ် 9F/ ---- ဟွန်ဒါဖစ် အပြာရောင်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်း စောဝင်းစိုး(ခ) အကလောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ (အလေးချိန် ၁၉ ဒသမ ၆ ဂရမ်ခန့်)ကို တွေ့ရှိရပြီး ဆက်လက်၍ ၎င်းနေထိုင်ရာ မြဝတီမြို့ အမှတ်(၅)ရပ်ကွက်ရှိနေအိမ်သို့ သွားရောက် ရှာဖွေကြရာ ၎င်း၏အိပ်ခန်းအတွင်းမှ ပွိုင့် ၃၈ ကျည်ဖြင့် ပစ်ခတ်ရသော တရုတ်နိုင်ငံ လုပ်ပစ္စတိုသေနတ်တစ်လက်၊ ပွိုင့် ၃၈ ကျည်သုံးတောင့်ထည့်လျက် ကျည်အိမ်တစ်ခုနှင့် အဖြူရောင်ဖုန်းခွံတစ်ခုအတွင်းမှ ၇ ဒသမ ၆၂ ကျည်နှစ်တောင့်၊ ပွိုင့် ၂၂ ကျည် ၂၄ တောင့်တို့ကို ရှာဖွေတွေ့ရှိသဖြင့် မူးယစ်ဆေးဝါးများ၊ လက်နက်ခယမ်းများနှင့်အတူတွေ့ရှိသူ စောဝင်းစိုး(ခ)အကလောင်အား မြဝတီမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

### မူးယစ်ဆေးဝါး သယ်ဆောင်လာသူတစ်ဦးကို ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် တပ်ကုန်းကျေးရွာ မောင်းတံဂိတ်၌ မူးယစ်ဆေးဝါး သယ်ဆောင်လာသူတစ်ဦးအား အောက်တိုဘာ ၃၁ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။ ကျွန်းလှမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ရဲလင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်မှုခင်းနှိမ်နင်းရေးမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ကျွန်းလှ-သဖန်းဆိပ်ကားလမ်းပေါ် တပ်ကုန်းကျေးရွာ မောင်းတံဂိတ်တွင် သတင်းအရစောင့်ဆိုင်းနေစဉ် သဖန်းဆိပ်ကျေးရွာဘက်မှ စိုးနိုင်သန်း(ခ)တုတ်ကြီး မောင်းနှင်လာသည့်ဆိုင်ကယ်ပေါ်မှ ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့်များထည့်ထားသည့် တစ်လုံးလျှင် ၀ ဒသမ ၂ ဂရမ်ခန့်စီပါ ပင်နီဆီလင်ပုလင်း ၂၂ လုံး(စုစုပေါင်း ၄ ဒသမ ၄ ဂရမ်ခန့်)ကို စိုးနိုင်သန်း(ခ)တုတ်ကြီးအား ကျွန်းလှမြို့မရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

### ပိတောက်သားများ တရားမဝင်သယ်ဆောင်လာသောယာဉ်ကို ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ခင်အေးကျေးရွာအနီး၌ အောက်တိုဘာ ၃၀ ရက်က ပိတောက်သား ၉၅ တုံးကို တရားမဝင်တင်ဆောင်ထားသည့် မော်တော်ယာဉ်တစ်စီးကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ပုလဲမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးဟိန်းနှင့်ဝန်ထမ်းများ၊ လဲကန်ရဲစခန်းမှူး ရဲအုပ်ချစ်ဆန်းမောင်နှင့်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၃၀ ရက်က ပုလဲ-ဂန့်ဂေါကားလမ်းတွင် ရပ်တန့်ထားသော ၁၀ ဘီးကားတစ်စီးကို သွားရောက်စစ်ဆေးရာ ယာဉ်ပေါ်တွင် လူတစ်ဦးတစ်ယောက်မှမရှိဘဲ တရားမဝင်သစ် ပိတောက်တုံး ၉၅ တုံး (အလေးချိန် ၁၃ ဒသမ ၇၆၀၆ တန်)ကို ပိုင်ရှင်မဲ့တွေ့ရှိရ၍ သစ်များကို(၅၉)မိုင်သစ်တောစခန်းသို့ သယ်ဆောင်ကာ ၁၀ ဘီးကားကို မြို့နယ်ရဲတပ်ဖွဲ့စခန်းတွင် ထိန်းသိမ်းထားပြီး သက်ဆိုင်သူများကို ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းခန့်စိုး(ဧယျာမြေ)**

### ပြစ်မှုကျူးလွန်သူများအား စစ်ဆေးရာမှ လုယက်မှုထပ်မံဖော်ထုတ်နိုင်

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်းက ဖမ်းဆီးမိထားသော ပြစ်မှုကျူးလွန်သူနှစ်ဦးအား စစ်ဆေးရာမှ လုယက်မှုတစ်ခုကို ထပ်မံဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။ အမှတ်(၁၁)နယ်မြေရဲစခန်း၌ ဖမ်းမိထားသော ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၈၂ အမှုမှ ပြစ်မှုကျူးလွန်သူ တင်နိုင်ဦး(၂၄)နှစ်နှင့် ရဲရင့်(ခ)ဝဏ္ဏ(ခ)ဝဏ္ဏကျော်(၂၀)နှစ်တို့အား ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးရာမှ အောက်တိုဘာ ၂၄ ရက်က မဟာအောင်မြေမြို့နယ်အတွင်း မောင်းနှင်နေသည့် ဆိုင်ကယ်တစ်စီး၏ ရှေ့ခြင်းထဲမှ ဆမ်ဆောင်းဖုန်းတစ်လုံးနှင့် ငွေ ၂၃၀၀၀ ကျပ်ပါ လက်ဆွဲအိတ်တစ်လုံးကို ဆိုင်ကယ်ဖြင့် လုယူထွက်ပြေးမှုပါ ဆက်လက်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ **ကိုရဲ**

### နေအိမ်အတွင်းဝင်၍ဝိုင်ယာကြိုးများဖြတ်ခိုးသူကို ဖမ်းမိ

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့သစ်အလယ်ရပ်ကွက်ရှိ နေအိမ်တစ်အိမ်အတွင်း ဝင်ရောက်၍ လျှပ်စစ်ဝိုင်ယာကြိုးများ ဖြတ်တောက်ခိုးယူနေသူတစ်ဦးကို အောက်တိုဘာ ၃၀ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ သန်လျင်မြို့ ထန်းပင်ကုန်းရပ်ကွက်နေ ဦးချိုကြီးသည် မြို့သစ်အလယ်ရပ်ကွက်ရှိ ၎င်း၏နေအိမ်သို့ သွားရောက်ရာ ပိတ်ထားသောတံခါးမှာ ပွင့်နေသည်ကိုတွေ့သဖြင့် သန်လျင်မြို့မရဲစခန်းသို့ အကြောင်းကြားခဲ့၍ ရဲတပ်ဖွဲ့ဝင်များက လာရောက်စစ်ဆေးရာမှ နေအိမ်အတွင်း၌ လက်တို(ခေါ်)ရာဇာငယ် (၂၂ နှစ်)အားတွေ့ရပြီး ၎င်းထံမှ ဝက်အူလှည့်၊ ပလာယာ၊ ကတ်ကြေးများနှင့် ဖြတ်တောက်ထားပြီးသည့် ဝိုင်ယာကြိုးများကို တွေ့ရသဖြင့် လက်တို(ခေါ်)ရာဇာငယ်အား သန်လျင်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

### တိမ်းမှောက်သောယာဉ်ပေါ်မှ မီးသွေးအိတ်များဖမ်းမိ

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်၌ အောက်တိုဘာ ၃၁ ရက်က လမ်းချော်တိမ်းမှောက်သောယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသော မီးသွေးအိတ်အလုံး ၁၈၀ ကို တွေ့ရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အဆိုပါယာဉ်ကို မောင်းနှင်လာသူ ပဲခူးမြို့ မဟာစေတီရပ်ကွက်နေ အောင်ထိုက်(၂၈ နှစ်)အား အုတ်ရှစ်ကုန်းအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားပြီး မီးသွေးအိတ်များကို မြို့နယ်သစ်တောဦးစီးဌာနသို့ လွှဲအပ်ထားကြောင်း သိရသည်။ **ကိုရဲ**

# စိုက်ပျိုးရေးပညာကို ကျေးလက်ဒေသကျောင်းများတွင်သင်ကြားခြင်း

## ဒေါက်တာမျိုးကြွယ် (AUAA)

အမေရိကန်နိုင်ငံတွင် ၁၉၈၀ ပြည့်နှစ်ကျော်မှစ၍ စိုက်ပျိုးရေးပညာကို အထက်တန်းကျောင်းများတွင် သင်ကြားပေးရန် ဦးစားပေးလာပါသည်။ စိုက်ပျိုးရေးပညာဆိုသည်မှာ စိုက်ပျိုးမွေးမြူရေး၊ သဘာဝပတ်ဝန်းကျင်၊ သယံဇာတထိန်းသိမ်းရေးတို့ကိုဗဟုသုတအနေဖြင့်ရော၊ ပညာရပ်အနေဖြင့်ပါ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်များတွင် စနစ်တကျလေ့လာစေခြင်းဖြစ်ပါသည်။

ဘာသာရပ်တစ်ခုအနေဖြင့် စာမေးပွဲအောင်စေရန် သင်ယူခြင်းထက် ကလေးများကိုအစားအစာ ဥပမာ- ထမင်း၊ ကြက်ဥ၊ ဘဲဥ၊ အသား၊ ငါးများဘယ်ကရရှိသည်၊



ပုံ ၁ -4-H Motto

ဘယ်လိုလုပ်ရမည် စသည်တို့ကို လက်တွေ့အဓိကထား သင်ယူစေပြီး ကျောင်းသားကျောင်းသူ၊ ကလေးများအနေဖြင့် လူတို့၏ စား၊ ဝတ်၊နေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ အရေးပါမှုက စိတ်ဝင်စား၊ သတိမူမိ ဖြစ်လာနိုင်ပါသည်။

စိုက်ပျိုး၊ မွေးမြူရေးပညာများသင်ကြားပေးရာတွင် အသက်မွေးဝမ်းကျောင်းပညာရေး၊ လက်တွေ့အနုပညာလက်ရာမြောက်မှု၊ စားသုံးသူရှုထောင့်၊ သင်ယူခြင်းအတွေ့အကြုံများ စသည်တို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်သည်။ စိုက်ပျိုးရေးသိပ္ပံပညာသည် ဇီဝသိပ္ပံ (သို့မဟုတ်) သက်ရှိသိပ္ပံ ဘာသာရပ်ကြီး၏ အောက်မှ အစိတ်အပိုင်းတစ်ခုဖြစ် သဖြင့် ကျောင်းသား ကျောင်းသူများငယ်ရွယ်စဉ်ကတည်းက သိပ္ပံသဘောတရား၊ သိပ္ပံ နည်းစနစ်များကို လေ့လာဆည်းပူးနိုင်ပါသည်။ (ဥပမာ- အထက်တန်းဇီဝဗေဒဘာ သာရပ်တွင် ပဲနှင့်ပြောင်းဖူးပင်များ၏ အညှောက်ပေါက်မှုကို လက်တွေ့လေ့လာခြင်း) သင်ကြားမှုအစိတ်အပိုင်းများမှာ စာသင်ခန်းအတွင်းသင်ကြားခြင်း၊ ကြီးကြပ်ဆရာ၊ ဆရာမဖြင့် ပူးတွဲလုပ်ဆောင်ပါက အတွေ့အကြုံရရှိစေခြင်း၊ လက်တွေ့ခာတ်ခွဲခန်းနှင့် စိုက်ကွင်းအတွင်းသင်ကြားခြင်းနှင့် ကျောင်းသား ကျောင်းသူများ ခေါင်းဆောင်မှု စွမ်းရည်ရရှိစေနိုင်ရန် အတူတကွ ပူးပေါင်းလုပ်ဆောင်ကြရန်လိုပေသည်။

အမေရိကန်နိုင်ငံတွင် အထက်တန်းကျောင်းများနှင့် ပြည်နယ်၊ မြို့ ရွာများ၌ အမျိုးသားအဖွဲ့အစည်းဆိုသည်ကို ဖွဲ့စည်းထားပြီး ဆရာ၊ ကျောင်းသား ကျောင်းသူ၊ ပြည်သူများနှင့် လက်တွဲလုပ်ဆောင်လျက်ရှိပါသည်။ အခြားနည်းလမ်းတစ်မျိုးမှာ တက္ကသိုလ်၊ သုတေသနဌာန၊ အထက်တန်းကျောင်းများနှင့်တွဲဖက်၍ စုပေါင်းသမဝါယမစိုက်ပျိုးရေးပညာပေးရေးစနစ်ကိုလည်း အောင်မြင်စွာ လုပ်ဆောင်လျက်ရှိနေပါသည်။ ဆရာ၊ မူလတန်း၊ အထက်တန်းကျောင်းသား ကျောင်းသူနှင့် ပြည်သူဖြင့် ဖွဲ့စည်းထားသော4-H အဖွဲ့အစည်းမှာအလွန်အောင်မြင်နေပါသည်။ 4-H ၏ အဓိပ္ပာယ်မှာ (Heads, Heart,Hands and Health) အချင်းချင်းရိုင်းပင်းကူညီမှုလုပ်ဆောင် ရင်းနှင့် ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝကိုအတူတကွ လုပ်ဆောင်နေသောအဖွဲ့အစည်းဖြစ်ပါသည်။ အမေရိ ကန်နိုင်ငံတွင် အသက်ငါးနှစ်မှ ၂၁နှစ်အတွင်း အသင်းဝင် ပေါင်း ၆ ဒသမ ၅ သန်း ရှိပါသည်။

ဆောင်ပုဒ်မှာ - ကျွန်ုပ်သည်




ပုံ ၂ - 4-H Club ၏ဆောင်ပုဒ်

၁။ အကောင်းဆုံးတွေးခေါ်မှုပြုလုပ်ပါမည်။ (Heads)
၂။ အဖွဲ့အစည်းနှင့်နိုင်ငံတော်အပေါ် သစ္စာရှိပါမည်။ (Heart)
၃။ မိမိကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အလုပ်လုပ်ကိုင်ပေးပါမည်။ (Hands)
၄။ ကျန်းမာရေးကောင်းမွန်အောင် နေထိုင်၍ (Health)
မိမိအသင်း၊ မိမိအဖွဲ့အစည်း၊ မိမိနိုင်ငံ၊ မိမိကမ္ဘာကြီးအား ဖွံ့ဖြိုးတိုးတက်စေရန် ပြုလုပ်ပါမည်ဟု ကတိပေးပါသည်။

ကျွန်တော်တို့နိုင်ငံတွင် လူဦးရေစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်တောင်သူလယ်သမားများ ဖြစ်ကြသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သဘာဝသယံဇာတထိန်းသိမ်းရေး (စား၊ ဝတ်၊ နေရေး) ကို ပရဟိတစိတ်ဓာတ်နှင့် ကျောင်းနေအရွယ် ကျေးလက်ဒေသရှိလူငယ်ဘဝကတည်းက အလေးထားဂရုပြုလာပါက ပညာရပ်တွင် သာမက ခေါင်းဆောင်ကောင်း လူရည်ချွန်ကောင်းများ ကျေးလက်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်လာပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်ပမာဖြစ်လာနိုင်ပါကြောင်း တင်ပြလိုက်ပါသည်။

## မိုးအဆက်မပြတ်ရွာမှုကြောင့် အထွက်နှုန်းလျော့မည်ကို စိုးရိမ်

**မိုးညှင်း နိုဝင်ဘာ ၂**

မိုးညှင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်သူများစပါးရိတ်သိမ်းရာတွင် အခက်ကြုံပြီး အထွက်နှုန်းလျော့ကျမည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။

ကချင်ပြည်နယ် မိုညှင်းမြို့နယ်တွင် အောက်တိုဘာ ၂၇ရက်မှစတင်ရွာသွန်းလိုက်သောမိုးကြောင့် ရိတ်သိမ်းရန်ရင့်မှည့်နေသော စပါးပင်များမှာ အနှံများငိုက်လျက်ရှိသဖြင့် စပါးအထွက်နှုန်းလျော့ကျနိုင်ကြောင်းနှင့် မိုးရေကြောင့် ရိတ်သိမ်းလျက်ရှိသောစပါးများပျက်စီးဆုံးရှုံးနိုင်သဖြင့် အခက်အခဲနှင့်ကြုံတွေ့နေရကြောင်း မိုးညှင်းမြို့နယ် ဆယ်မိုင်ရွာသစ်ကျေးရွာ ဆယ်မိုင်ကွင်းမှ တောင်သူတစ်ဦးက ပြောပြသည်။

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အဓိကဆန်စပါးထွက်နှုန်းမှာ စတုတ္ထနေရာတွင်ရှိပြီး မိုးညှင်းမြို့နယ်သည် ကချင်ပြည်နယ်၏ ဒုတိယအထွက်နှုန်းအကောင်းဆုံးဒေသဖြစ်ကြောင်း သိရသည်။

**နီတိုး**



**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်း (၃၅) ရပ်ကွက်ရှိ သမိန်ဗရမ်းလမ်းတွင် မိုးရွာသွန်းမှုများကြောင့် လမ်းများရေတိုက်စား၍ ချိုင့်ခွက်များဖြစ်ပေါ်နေမှုကြောင့်သွားလာရေးခက်ခဲနေသည်ကို အောက်တိုဘာလနောက်ဆုံးပတ်က တွေ့ရစဉ်။ (အဆိုပါ လမ်းပျက်စီးမှုမှာ တောင်မြောက်အရှည်ပေ ၂၆၀၀ ရှိပြီး သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။)**
စိန်ရွှေလှိုင်

## ချစ်ကြည်ရေးဘောလုံးယှဉ်ပြိုင်

**ကျုံပျော် နိုဝင်ဘာ ၂**

ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပြည်သူ့အားကစားကွင်းအတွင်း၌ အောက်တိုဘာ ၃၀ ရက်က ပုသိမ်ခရိုင် Old Star လက်ရွေးစင်ဘောလုံးအသင်းနှင့် ကျုံပျော်မြို့နယ် Old Star လက်ရွေးစင်ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

ထိုသို့ယှဉ်ပြိုင်ကစားရာတွင် နှစ်ဖက်အသင်းများ၌ မြန်မာ့လက်ရွေးစင်၊ တိုင်းနှင့်ပြည်နယ်လက်ရွေးစင်နှင့် မြို့နယ်လက်ရွေးစင် အားကစားသမားဟောင်းများ၊ မြို့နယ်အတွင်းမှ ဘောလုံးအားကစားဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပုသိမ်ခရိုင် Old Star လက်ရွေးစင်ဘောလုံးအသင်းနှင့် ကျုံပျော်မြို့နယ် Old Star လက်ရွေးစင်ဘောလုံးအသင်းတို့ တစ်ဖက်သုံးဂိုးစီဖြင့် သရေကျခဲ့သည်။ လာရောက်ကြည့်ရှုသူပရိသတ်များကို တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား နိုဝင်ဘာလမှစ၍ မှတ်ပုံတင်ပြုလုပ်ပေးမည်

**ညောင်လေးပင် နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့်လိုင်စင်မရှိသူများနှင့် မှတ်ပုံတင်မပြုလုပ်ရသေးသော ဆိုင်ကယ်များအား နိုဝင်ဘာလမှစ၍ ပြုလုပ်ပေးမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

ထိုသို့ပြုလုပ်ပေးရာတွင် ညောင်လေးပင်မြို့နယ်အပါအဝင် ပဲခူးခရိုင် ရှစ်မြို့နယ်မှ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များအား နိုဝင်ဘာ ၁ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ တနင်္လာနေ့မှ သောကြာနေ့ရုံးချိန်အတွင်း နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ တိုင်းဒေသကြီး မြို့တော်ခန်းမ၌ ပဲခူးဒေသအမှတ်ဖြင့် မှတ်ပုံတင်ပေးမည်ဖြစ်ပြီး ညောင်လေးပင်မြို့နယ်မှ မှတ်ပုံတင်မည့် မော်တော်ဆိုင်ကယ်များအား နိုဝင်ဘာလတွင် ၉ရက်၊ ၁၀ ရက်၊ ၁၁ ရက် ဒီဇင်ဘာလတွင် ၇ ရက်၊ ၈ ရက်၊ ၉ ရက်၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ၁၉ ရက်၊၂၀ ရက်တို့၌ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုဝင်ဘာ ၅ ရက်တွင် ညောင်လေးပင်မြို့နယ်အတွင်းမှ မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့် လိုင်စင်မရှိသူများအား ကွင်းဆင်း၍ ညောင်လေးပင်မြို့တွင် ယာဉ်မောင်းလိုင်စင်ပြုလုပ်ပေးမည်ဖြစ်ပြီး ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် မြို့နယ်အတွင်းရှိ ပြည်သူများသိရှိစေရန် အသိပေးအကြောင်းကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်မောင်းလိုင်စင်မှာ ညောင်လေးပင်မြို့သို့ ကွင်းဆင်းပြုလုပ်ပေးသည့်အတွက် အဆင်ပြေသော်လည်း ဆိုင်ကယ်လိုင်စင်များမှာ ပဲခူးမြို့တွင် သွားရောက်၍ ပြုလုပ်ရမည်ဖြစ်သည့်အတွက် သွားလာရာတွင် လမ်းစရိတ်နှင့် စားသောက်စရိတ်များ ကုန်ကျမည်ဖြစ်သည့်အပြင် အချိန်စောင့်ဆိုင်းရမည့် အခက်အခဲများ၊ လမ်းခရီးဝေးသောကြောင့် ပြန်လာရမည့် အချိန်အခက်အခဲများစွာ ဖြစ်နိုင်သည့်အတွက် ယခင်နှစ်များက ကွင်းဆင်းပြုလုပ်ပေးသကဲ့သို့ လာရောက်ပြုလုပ်ပေးမည်ဆိုပါက ပို၍အဆင်ပြေနိုင်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

**နေလင်း(ညောင်လေးပင်)**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ထင်းအစားထိုးမီးဖိုများ အခမဲ့ပေး



**မြောင် နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဒေသအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် ထိန်းသိမ်းခြင်းကို ပြည်သူများ သိရှိစေရေးအတွက် ဟောပြောဆွေးနွေးပွဲနှင့် ထင်းအစားထိုးလောင်စာမီးဖိုများ ပေးအပ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၃၀ ရက်က ငါးမြှောင်တောင်ကျေးရွာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စိမ်းလန်း စိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးတင့်က "သစ်တောသစ်ပင်များ ပြုန်းတီးမှုကြောင့် ရာသီဥတုဖောက်ပြန်ပြီး သဘာဝဘေးအန္တရာယ်တွေကို ကမ္ဘာပေါ်ရှိ လူအများ တွေ့ကြုံရင်ဆိုင်နေရပါတယ်။ ဒါ့ကြောင့်ပတ်ဝန်းကျင်ကို အဓိကထိန်းသိမ်းတဲ့ သစ်ပင်တွေပြုန်းတီးမှုနည်းပါးစေဖို့အတွက် ထင်းအသုံးပြု မီးဖိုတွေအစား ထင်းအစားထိုးမီးဖိုတွေကို အိမ်တိုင်းပေးဝေသွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိက ရွာသူရွာသားများထံသို့ ထင်းအစားထိုးမီးဖိုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး ၁၂-၉-၂၀၁၆ ရက်နေ့မှ စတင်၍ ၂၆-၁၁-၂၀၁၆ ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) အင်္ဂလိပ်စာ ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) သင်္ချာ ။ နေ့လည် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့ (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် ၁-၁-၂၀၁၇ မှ ၂-၁-၂၀၁၇ ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် ကျပ် ၁၄၀၀၀၀/- ၊ ဒုတိယနှစ် ကျပ် ၁၄၅၀၀၀/- ၊ တတိယနှစ် ကျပ် ၁၅၀၀၀၀/- ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) ဘွဲ့လက်မှတ်အပ်နှင်းခြင်း။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) တာဝန်ပေးအပ်ခြင်း။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် ပညာသည် အကြပ်ကြီး အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) အဆင့်တိုးမြှင့်ပေးအပ်ခြင်း။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင် စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက်တပ်မတော်တွင် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ရမည်။



MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
ဖုန်းဘေလ်မကုန်ဘဲ Facebook မှာ
အချိန်ပြည့်ရှိနေဖို့ MPT ရဲ့ Facebook Flex
GO TO FREE
Like, Comment, Share, Post, Upload, Chat
FREE
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday


KBZ BANK
STRENGTH OF MYANMAR
Perfect Moments
KBZ BANK
MPU
Platinum
Asia
PRESTIGE
6244 4501 8888 8888
MAUNG MAUNG
UnionPay
KBZ BANK
MPU
Travel Mate. Asia
6244 4501 8888 8888
MAUNG MAUNG
UnionPay
ပြီးပြည့်စုံသောအခိုက်အတန့်များအတွက်
KBZ UnionPay CREDIT CARDS
ဘဝအတွက် အမှတ်ရစရာ အခိုက်အတန့်လေး ပြီးပြည့်စုံဖို့အတွက်
KBZ Credit Card က သင့်နှင့်အတူရှိနေမှာပါ။
01-370055, 370066
#KBZCreditSmart
kbzbank.com

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ သင်ကြားရေးဆေးရုံကြီးတွင် ဓာတ်ခွဲဌာနနှင့် ကျောက်ကပ်ခွဲစိတ်လူနာဆောင် နှစ်ထပ်ဆောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ထုတ်ယူရမည့်ရက်** - ၄-၁၁-၂၀၁၆ ရက်

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၁၁-၂၀၁၆ ရက် ညနေ ၄:၀၀နာရီ

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းများကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့**
**ဖုန်း-၀၆၃-၆၅၆၀၆၁၄**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနက (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်ရန်ပုံငွေဖြင့် ဆောက်လုပ်မည့် ပြည်ထောင်စုလွှတ်တော်မှ အမှုထမ်းအိမ်ရာတစ်လုံးနှင့် လူပျိုဆောင်တစ်လုံး၊ ပြည်သူ့လွှတ်တော်မှ အရာထမ်းအိမ်ရာတစ်လုံး၊ အမှုထမ်းအိမ်ရာတစ်လုံးနှင့် အပျိုဆောင်တစ်လုံး စုစုပေါင်း ဝန်ထမ်းအိမ်ရာအဆောက်အအုံများ ငါးလုံးဆောက်လုပ်ခြင်းအား ဘဏ္ဍာရေးနှစ်အတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၁၁-၂၀၁၆ရက်

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၁-၁၁-၂၀၁၆ရက်

၄။ **တင်ဒါပုံစံတင်သွင်းရမည့်နောက်ဆုံးရက်** - ၁၈-၁၁-၂၀၁၆ရက်
(ကုမ္ပဏီဆိုင်ရာအချက် အလက်များနှင့် လုပ်ငန်းစံချိန်စံညွှန်းများပါဝင်ရမည်။)

၅။ Technical အောင်မြင်သည့် လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၆။ အိတ်ဖွင့်တင်ဒါခေါ်ယူသည့် အဆောက်အဦများဆောက်လုပ်ရာတွင် လုပ်ငန်းများ စီမံဆောင်ရွက်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများကို အဆောက်အဦဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၄-၁၁-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းအမှတ်-၀၆၇-၄၀၇၅၄၁ သို့ စုံစမ်းနိုင်ပါသည်။

**အဆောက်အဦတည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရွေးချယ်ရေးအဖွဲ့**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦဌာနခွဲ၊**
**ရုံးအမှတ်(၄၀)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၇၅၄၁**

---

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**Tender No. 14/DHPI/Cement/2016-2017**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပြည်တွင်းစက်ရုံများမှထုတ်လုပ်ပြီး အရည်အသွေးပြည့်မီသည့် ဘိလပ်မြေ ၂၅၆၃ တန်အား သက်ဆိုင်ရာ စီမံကိန်းအရောက်ဈေးနှုန်း(D.D.P-at Site) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal) နှင့်ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၂၃-၁၁-၂၀၁၆ရက် ၁၂:၀၀နာရီတွင် နောက်ဆုံးထား၍တင်သွင်းရမည်။ တင်ဒါဝယ်ယူသည့်အခါ ဘိလပ်မြေအရည်အသွေးများအား ကြိုတင်စစ်ဆေးရန်အတွက် နမူနာ (၁၀)အိတ် ပေးသွင်းထားရမည်။

၃။ အရည်အသွေးနှင့် နည်းပညာစံချိန်စံညွှန်းရမှတ် (၆၀)ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal)ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ်(Overall Score)အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၉၊ ၀၆၇-၈၁၀၄၁၉၀၊ ၀၆၇-၈၁၀၄၁၉၁**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုဖြင့် မွန်ပြည်နယ် သထုံမြို့နယ်၊ အင်းရှည်ရွာအနီးတွင် အကောင်အထည်ဖော်တည်ဆောက်မည့် ကော့စတစ်ဆိုဒါစက်ရုံ (သထုံ)၌ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါသည်-

- (က) မြေသားအမာခံပြုလုပ်ခြင်းလုပ်ငန်း၊
- (ခ) စက်ရုံ၏ခွဲရုံအတွင်း လေအေးပေးစနစ်တပ်ဆင်ခြင်းနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်း၊
- (ဂ) စက်ရုံဝင်းနှင့် ဝန်ထမ်းအိမ်ရာအတွင်း လျှပ်စစ်မီးလိုင်းသွယ်တန်းခြင်းလုပ်ငန်း၊
- (ဃ) ဝန်ထမ်းအိမ်ရာအတွင်း ရေလိုင်းသွယ်တန်းခြင်းနှင့် မြစ်ရေတင်စက်အတွက်လိုအပ်သော ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်း၊
- (င) စက်ရုံဝင်းအတွင်း ကွန်ကရစ်လမ်းဖောက်လုပ်ခြင်းနှင့် ရေထုတ်ပြွန်လေးခုတည်ဆောက်ခြင်းလုပ်ငန်း၊
- (စ) ဝန်ထမ်းအိမ်ရာအတွင်း ကွန်ကရစ်လမ်းခင်းခြင်း၊
- (ဆ) ဝန်ထမ်းအိမ်ရာခြံစည်းရိုးကာရံခြင်းနှင့် စက်ရုံအဝင်လမ်းထိပ်စစ်ဆေးရေးဂိတ်ဆောက်လုပ်ခြင်းလုပ်ငန်း၊

၂။ ဈေးနှုန်းတင်သွင်းလွှာများကိုပေးသွင်းရမည့်အစီအစဉ်
- (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၁၁-၂၀၁၆ရက်
- (ခ) **တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** - ၁၈-၁၁-၂၀၁၆ရက်

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊**
**ဖုန်း-၀၉-၉၇၄၉၀၉၈၁၄၊ ၀၉-၈၃၀၃၈၄၁၊ ၀၆၇-၄၀၈၁၂၉**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက်လိုအပ်သည့် အောက်ဖော်ပြပါတို့ကို မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

**မြန်မာနိုင်ငံ FDA အသိအမှတ်ပြု**
- (က) ဆေးဝါးများ
- (ခ) ဓာတ်ခွဲခန်းသုံးဆေးများ
- (ဂ) ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ
- (ဃ) ဆေးရုံသုံးပစ္စည်းများ (Comsumables)

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၁၁-၂၀၁၆ ရက် ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်း၊စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်း၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး (DDP နေပြည်တော်/ရန်ကုန်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Brunton Compass | 5 Nos. |
| (ခ) | Polarizing Microscope with Trinocular Eyepiece Tube | 1 Set. |
| (ဂ) | Dehumediffier | 1 Set. |
| (ဃ) | Stand Fan (24") | 4 Nos. |
| (င) | Generator (Sound Proof Type) | 1 Set. |
| (စ) | Radiation Dosimeter | 1 Set. |

၂။ တင်ဒါတင်သွင်းခြင်းကို ၃-၁၁-၂၀၁၆ ရက်မှ ၂-၁၂-၂၀၁၆ ရက် ၁၆:၀၀ နာရီအတွင်း မည်သူမဆို လွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်-

**ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**ဝယ်ယူရေးနှင့် ထောက်ပံ့ရေးဌာနစု**
**မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊**
**နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၄၀၇၉**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဝန်ကြီးရုံး၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနတွင် အသုံးပြုရန်အတွက် ရုံးသုံးစက်ကိရိယာပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ရုံးသုံးပရိဘောဂများနှင့် Visa Printer Ink များအား ဝယ်ယူလိုပါသဖြင့် ရောင်းချလိုသူများသည် ၂-၁၁-၂၀၁၆ ရက်မှစ၍ ၁၈-၁၁-၂၀၁၆ ရက်အထိ ဝယ်ယူမည့်ပစ္စည်းများ၏ အမျိုးအမည်၊ အမျိုးအစား၊ အရေအတွက်နှင့် တင်ဒါစည်းကမ်းချက်များအား တစ်စောင်စီလျှင် ငွေကျပ် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)ဖြင့် အောက်ဖော်ပြပါနေရာတို့တွင် ဝယ်ယူနိုင်ပြီး ၂၁-၁၁-၂၀၁၆ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

- (က) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဝန်ကြီးရုံး၊ အုပ်ချုပ်ရေး၊ လူ့အရင်းအမြစ်နှင့် နည်းပညာဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်
- (ခ) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ထောက်ပံ့နှင့် ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်
- (ဂ) အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ ထောက်ပံ့နှင့် ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်

၂။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၃၁၃၅၀၊ ၀၆၇-၄၃၁၀၄၃ နှင့် ၀၆၇-၄၃၁၀၂၇ တို့တွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## တနင်္သာရီတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၁၀)မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မွမ်းမံရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကွန်ကရစ်လမ်း (၀/၆.၂)မိုင်၊ ကတ္တရာလမ်း၊ (၀/၂.၅)မိုင်၊ ကျောက်လမ်း (၀/၁.၁၂) မိုင်၊ ဂဝံ/ဂျင်းလမ်း (၁/၀)မိုင် ကွန်ကရစ်တံတား (၅)စင်း ၁၆၈ပေ၊ သစ်သားတံတား (၅)စင်း ၂၇၅ပေ၊ Box Culvert (၁၁)စင်း (၅၅)ပေ၊ အခြား(၁၁)ခု (၂၂၂)ပေ တွင်းနက် (၈)တွင်း၊ မြေသားရေကန် (၄)ခု၊ ရေပေးရေး (အခြား)(၅)ခု လုပ်ငန်းများအားဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသည်။

| | |
|---|---|
| **တင်ဒါစတင်ရောင်းချမည့်ရက်** | - ၃-၁၁-၂၀၁၆ ရက် |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - ၁၅-၁၁-၂၀၁၆ ရက်၊ ၁၆:၀၀ နာရီ |
| **တင်ဒါတင်သွင်းမည့်နေရာ/ ဖွင့်လှစ်မည့်နေရာ** | - တနင်္သာရီတိုင်းဒေသကြီး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရေပင်လမ်း၊ ဆိပ်ကမ်းသာလမ်း၊ ဆန်းချီရပ်ကွက်၊ ထားဝယ်မြို့၊ |
| **တင်ဒါဖွင့်လှစ်မည့်ရက်** | - ၁၆-၁၁-၂၀၁၆ရက် နံနက် ၁၀:၀၀နာရီ |

၂။ Techanical Proposal နှင့် Price Proposal တို့ကို ကုမ္ပဏီများမှ မန်နေဂျင်းဒါရိုက်တာ(သို့)ဒါရိုက်တာ(သို့)ကိုယ်စားလှယ် (GP) ဖြင့် ဆောင်ရွက်သော မန်နေဂျာကိုယ်တိုင် တင်သွင်းရမည်။

၃။ အသေးစိတ်သိရှိလိုသောအချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၅၉-၂၄၀၆၆၊ ၀၅၉-၂၂၅၈၆**
**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

---

## Ministry of Electricity and Energy
## Electric Power Generation Enterprise
## INVITATION FOR PREQUALIFICATION (EPGE G-02)
## Urgent Rehabilitation and Upgrade Project (Phase I)
## Loan Agreement No. MY-P2

This invitation for prequalification follows the general procurement notice for this project that appeared in Development Business of 31st October 2016 on-line.

The Republic Of the Union Of Myanmar has received a credit from Official Development Association (ODA) of the Japan International Cooperation Agency (JICA) toward the cost of the Urgent Rehabilitation and Upgrade Project (Phase 1). (MY-P2) and it intends to apply part of the proceeds of this credit to Payments under the contract for Package 2 "Renovation Works of Transmission System" which includes Rehabilitation Work to four Substations at the existing Gas Turbine Power Plants (Ahlone, Hlawga, Ywama and Tharkayta) in Yangon Region. The Electric Power Generation Enterprise (EPGE) intends to prequalify contractors for supply and rehabilitating of four Substations which will supply as much electricity as possible to the grid.

It is expected that invitations for bid will be made after prequalification. Prequalification will be conducted through the procedures specified in JICA Guidelines: Procurement under Guidelines for Procurement under Japanese ODA Loans dated April 2012 and is open to all bidders from eligible source countries, as defined in the guidelines.

Prequalification notice with following contents;

| | |
|---|---|
| 1. Package Name: | Urgent Rehabilitation and Upgrade Project (Phase 1) Package two (2) "Renovation Works of Transmission System" |
| 2. Prequalification Document issuance time: | 10:00 to 15:30 on 4th November 2016 |
| 3. Prequalification Document fee: | **Three Hundred Thousand (300000) Kyat** only |
| 4. Application submission closing date and time: | 26th December 2016 by 14:00 (Myanmar Standard Time) |
| 5. Submission place: | Procurement Department<br>Electric Power Generation Enterprise,<br>Ministry of Electricity and Energy<br>Building No.27, Nay Pyi Taw<br>The Republic of the Union of Myanmar |
| 6. Others: | Applications for prequalification should be submitted in sealed envelopes, and be clearly marked **"Application to Prequalify for Renovation Work to Four Substations in Yangon Region (ICB EPGE-G-02)"** |

Interested eligible Applicants may obtain further information from and inspect the prequalification document between 10:00-15:30 hrs at;

**Thermal Power Departement**
**Electric Power Generation Enterprise (EPGE),**
**Building No.27, Nay Pyi Taw**
**The Republic of the Union of Myanmar**
**Phone** : **+ 95 67 8104282**
**Facsimile number** : **+ 95 67 8104280**
**E-mail** : **epgethermal@gmail.com**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၃) အထည်စက်ရုံခွဲ(စစ်ကိုင်း)တွင် မွေ့ရာများချုပ်လုပ်ရန်အတွက် လိုအပ်သော ပစ္စည်းများဖြစ်သည့် ရေမြှုပ် (၇၈"×၃၄"×၄")၊ ရေမြှုပ်(၇၈"×၃၃.၅"×၃")၊ ရေမြှုပ်(၂၆"×၁၆"×၁")၊ ရေမြှုပ် (၇၂"×၂၄"×၄")၊ ရေမြှုပ် (၇၂"×၂၄.၇၅"×၄")၊ သားရေတု၊ ငါးထပ်သား(၆'×၃')တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါဖွင့်ရက်နှင့် တင်ဒါပိတ်ရက်မှာ အောက်ပါအတိုင်းဖြစ်ပြီး တင်ဒါပုံစံအသေးစိတ်အချက်အလက်များအား စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၃၈၊ ၀၆၇-၄၀၈၄၃၉၊ ၀၆၇-၄၀၈၄၉၂တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါဖွင့်ရက်** - ၃-၁၁-၂၀၁၆ ရက်
**တင်ဒါပိတ်ရက်** - ၁၇-၁၁-၂၀၁၆ ရက်

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဓာတ်အားတည်ငြိမ်စွာ ရရှိရေးအတွက် အောက်ပါပြုပြင်တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။
- (က) ဓာတ်အားခွဲရုံ(၁)နှင့်(၂)အားပြုပြင်တိုးချဲ့မြှင့်တင်ခြင်းလုပ်ငန်း၊
- (ခ) ဓာတ်အားခွဲရုံအသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၃၁-၁၀-၂၀၁၆ရက်(တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၁၁-၂၀၁၆ရက်(တနင်္လာနေ့) ၁၆:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သတ်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။ **ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AA/3857 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၉၅၃၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/8505 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/8620 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန (ရွာသာကြီး)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရေးတင်

### ပုသိမ် (ကန်ကြီးထောင့်)

**အသက်(၉၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်အထက် ၁၃လမ်း၊ အမှတ် ၄၅၅/ကနေ (ဦးမောင်ကြီး-ဒေါ်ချစ်)တို့၏သမီး၊ (ဦးကျော်ဝင်း-ဒေါ်ခင်မေ)၊ (ဦးစိန်ဝင်း-ဒေါ်မြရည်)၊ (ဦးအမွန်-ဒေါ်တင်ရွှေ)၊ (ဒေါ်သန်းတင်)တို့၏ အစ်မကြီး၊ ဦးသန်းရှိန်-ဒေါက်တာဒေါ်ခင်သက်ဝင်း၊ ဦးမြင့်စိုးဝင်း-ဒေါ်ခင်စန်းရီ၊ ဦးကျော်လွင်-ဒေါ်ခင်ပြုံးဝင်း၊ ဗိုလ်ချုပ်ကြီးလှဌေးဝင်း(ငြိမ်း)-ဒေါ်မာမာဝေ၊ ဦးစိုးဝင်း-ဒေါ်ရည်ရည်ဝင်း၊ ဦးဝင်းနိုင်-ဒေါ်တင်တင်ဝင်း၊ (ဗိုလ်မှူးချုပ်ထွေးဝင်း)-ဒေါ်လှလှဝေ၊ ဒေါ်ယုယုအောင်၊ ဦးအောင်ကျော်ကျော်-ဒေါ်ကြည်ကြည်မာ၊ ဦးသန့်ဇင်ဝင်း(အကောက်ခွန်)-ဒေါ်သီသီအေးတို့၏အဒေါ်၊ မြေး ၂၀၊ မြစ် ၁၂ယောက်တို့၏အဘွားသည် ၂-၁၁-၂၀၁၆ရက် ညနေ ၅း၅၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စက်ကွမ် (ကျောက်ပန်းတောင်းမြို့)

**အသက်(၉၃)နှစ်**

ကျောက်ပန်းတောင်းမြို့၊ မြို့မကွက်သစ်ရပ်နေ (ဦးလှုံဆပ်-ဒေါ်အေးညွန့်)တို့၏သမီး၊ (ဦးမြသန်း)၏ ဇနီး၊ (ဦးသက် ထွန်း-ဒေါ်မြင့်မြင့်သင်း)၊ ဒေါ်စက်ကြည်၊ ဦးမြသိန်း-ဒေါ်မြမြသိန်း၊ ဒေါက်တာဦးလှကြည်-ဒေါ်မမကြီးတို့၏အစ်မ၊ ဦးထင်အောင်-ဒေါ်ကျင်နု၊ ဦးရဲမြ(KMD Computer Group)-ဒေါ်မြစန္ဒာ၊ ဦးရဲမြင့်ဝင်း-ဒေါ်တင်သိန်းဝင်း၊ ဒေါ်ဘေဘီပြုံး၊ ဒေါ်ဒေစီ၊ ဦးရဲအောင်-ဒေါ်လှမျိုးခိုင်(ဦးစီးအရာရှိ၊ ဗဟိုစာရင်းအင်းအဖွဲ့)၊ ဦးရဲနောင်(2000Ltd.)-ဒေါ်ညွန့်ညွန့်သိန်း၊ ဦးရဲအောင်မိုး-ဒေါ်မွှေးမွှေးသင်း(ငြိမ့် စိုက်ပျိုးရေးဆေး ပစ္စည်းဆိုင်)၊ ဒေါ်ခင်မိုးသက်-(ဦးထိန်လင်း)၊ ဒေါ်ခင်နှင်းသက်-ဦးထင်လင်းအောင်(အလင်းရောက်စိုက်ပျိုးရေးဆေးဆိုင်)တို့၏မိခင်၊ မြေး ၂၀၊ မြစ် ၁၁ယောက်တို့၏ဘွားဘွားကြီးသည် ၁-၁၁-၂၀၁၆ရက် ညနေ ၆း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၆ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ကျောက်ပန်းတောင်းမြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမျိုးမြင့် အသက်(၆၉)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျားကွက်သစ်ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၁၉၂-၁၉၄နေ ဒေါ်နီနီစိန်၏ခင်ပွန်း၊ (ဦးပါ - ဒေါ်သိန်းငွေ)တို့၏ သား၊ (ဦးတိတ်စိန်-ဒေါ်ရွှေပို)တို့၏သားသမက်၊ ဦးအောင်ထွန်း - ဒေါ်နှင်းနှင်းစိုးတို့၏ ချစ်လှစွာသောဖခင်၊ မသဲသီရိထွန်း၊ မရွှေဝင်းဝါထွန်းတို့၏ အဘိုးသည် ၁-၁၁-၂၀၁၆ရက်(အင်္ဂါနေ့)ညနေ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၇-၁၁-၂၀၁၆ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် သွားရောဂါကုဆေးပညာဌာန၊ ပါမောက္ခ/ဌာနမှူး ဒေါက်တာမြင့်မြင့်စန်း၏ ဖခင်ဖြစ်သူ ဦးအေး(တာပွန်၊ နတ်တလင်း) အသက်(၉၁)နှစ် ရန်ကုန်တိုင်းပညာရေးမှူး(ငြိမ်း)သည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်**

## ဦးသန်းချစ်

### (တောင်ငူ၊ ကျောက်တံခါး)

**အသက်(၆၈)နှစ်**

ဦးတင့်-ဒေါ်သိန်းညွန့်တို့၏ သား၊ ဦးဖိုးခ-ဒေါ်ဖွားချစ်တို့၏ သားသမက်၊ ဦးတင်ထွန်း-ဒေါ်တင်မြိုင်၊ ဦးတင်သိန်း-ဒေါ်တင်ကြိုင်၊ ဦးစိန်လှိုင်-ဒေါ်ရီရီဌေး၊ ဦးစိန်အောင်-ဒေါ်စန်းရီတို့၏ ညီ/မောင်၊ ဦးမြင့်သိန်း-ဒေါ်ငွေး၊ဦးမျိုးချစ်၊ ရီရီစံ-ဒေါ်ခင်စောဝင်း၊ ဦးမျိုးသက်ဦး-ဒေါ်ညိုတို့၏အစ်ကို၊ မဖြိုးဖြိုးသန်း(S.S.C)၊ ကိုကျော်ဇင်သန်း-မနှင်းဝတ်ရည်ဦး၊ကိုညီဇင်သန်း-မနှင်းဝေထူးတို့၏ဖခင်၊ ငွေဇင်လင်းလတ်(ခ)ဂူဂူး၏ ဘိုးဘိုးကြီး၊ ဒေါ်ဖြူဖြူခင်(ခ)ဒေါ်ခို၏ ချစ်လှစွာသောခင်ပွန်းသည် ၁-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီတွင် အမှတ် ၂၈၊ ပထမထပ်၊ဇဋ္ဌိလလမ်း၊ကျောက်မြောင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးကြေကွဲဝမ်းနည်းခြင်း

### ဦးအေး (တာပွန်၊ နတ်တလင်း)

### ရန်ကုန်တိုင်းပညာရေးမှူး(ငြိမ်း)

**အသက်(၉၁)နှစ်**

သူငယ်ချင်း ဒေါက်တာဇော်မိုး-ပါမောက္ခ ဒေါက်တာမူမူနိုင်၏ဖခင်ကြီး ဦးအေးသည် ၃၁-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ငါတို့သူငယ်ချင်းအားလုံး အထူးကြေကွဲဝမ်းနည်းမိပါသည်။ မင်းတို့မိသားစုအတွက် အစားထိုးမရနိုင်သော ဆုံးရှုံးမှု၊ ကြေကွဲပူဆွေး ဝမ်းနည်းမှုတွေအတွက် ဘယ်လိုမှ ဖြေသိမ့်စရာရှာမတွေ့နိုင်ပါဘူး။

**၁၉၈၃-၈၈ ဆေးတက္ကသိုလ် (၁)မှ သူငယ်ချင်းများ**

## လင်ချိုတီ

**အသက်(၁၀၁)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၇လမ်း၊ အမှတ် ၁၃၄ (ပထမထပ်)နေ (ဦးကင်စန်း)၏ဇနီး၊ ဦးကျော်ဦး-(ဒေါ်ကျင်တင်)၊ (လျှောင်ယုံဗွီး)-လုရှုတင် (တရုတ်-တိုင်ပေ)၊ လင်ဟွာစွိ-လျှောင်ပိုးရောက်(ဟောင်ကောင်)၊ ဦးလှဝင်း (ဒါရိုက်တာ၊ တိုးတက်လင်းကုမ္ပဏီ)-ဒေါ်ဖိတ်တင်၊ ချမ်ကျုံးကြည်-လျှောင်ရောက်လျှံ(ဟောင်ကောင်)၊ ဦးမြင့်ဝင်း-လျှောင်အိုက်လျှံတို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ်ရစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျင်စိန်(ခ)ဦးအီလင်း အသက်(၈၂)နှစ်

### ဦးစီးအရာရှိ(ငြိမ်း)၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

သုံးဆယ်မြို့နေ (ဦးကွမ်း-ဒေါ်ညွက်)တို့၏သား၊ ကျုံပျော်မြို့နေ (ဦးအီကင်း)-ဒေါ်မြင့်မြင့်ဇင်၊ ဦးကျော်ငြိမ်း-ဒေါ်ခင်လှလှ၊ (ဦးကြင်အောင်)-ဒေါ်အေးလေး၊(ဦးအောင်မြင့်)-ဒေါ်သန်းသန်း၊ဒေါ်ခင်စန်းမြင့်၊ ဦးသန့်စင်-ဒေါ်မြမြမူ (သုံးဆယ်မြို့)၊ ဦးမောင်အေး-ဒေါ်အိအိခင်တို့၏အစ်ကို၊ ဒေါ်ရီရီမြင့်၊ ဦးရဲမြင့် (အေဂျီရုံး)တို့၏ဦးလေး၊ (ဒေါ်ရီရီမြ)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ အရိုးကုန်းလမ်း၊ အမှတ် ၄၅ (ပစ်တိုင်းထောင်ကုန်စုံဆိုင်)နေ ဒေါ်တင်တင်အေး၊ ဒေါ်တင်တင်ကြည်၊ ဒေါ်တင်တင်အုံး၊ ဒေါ်ခင်ခင်ထွေး၊ ဦးကျော်ဦး(မန်နေဂျင်းဒါရိုက်တာ၊ ရွှေဆည်ကျုံးထရိတ်ဒင်းကုမ္ပဏီ) - ဒေါ်ဖြူဖြူအေး(ရွှေပြည့်စုံမိသားစုမုန့်ဆိုင်၊ မင်္ဂလာဈေး)၊ ဦးသိန်းစိုး-ဒေါ်မင်းမင်းစိန်(ရွှေအိုးစည်လက်ဖက်ဆိုင်၊ ဘိုကလေးဈေး)၊ ဦးဇော်မင်း (မန်နေဂျာ၊ ရွှေဆည်ကျုံးထရိတ်ဒင်းကုမ္ပဏီ)တို့၏ဖခင်၊ မဆင့်ဆင့်၊ မပြည့်ဖြိုးသူ၊ မငြိမ်းချမ်းသူတို့၏အဘိုး၊ တူ/တူမ ၁၇ယောက်တို့၏ ဘကြီးသည် ၁-၁၁-၂၀၁၆ရက် မွန်းလွဲ ၂း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၁၆ ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးခင်ဇော်(ခ)ကျားစိန်

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သရေခေတ္တရာ ၂၂လမ်း၊ အမှတ် ၇၉၈နေ (ဦးအုန်းမောင်-ဒေါ်ထားရင်)တို့၏သား၊ (ဦးတင်မောင်-ဒေါ်တင်မြင့်)တို့၏သားသမက်၊ ဦးပု-ဒေါ်ဆွေ၊ (ဒေါ်အေးအေးမာ)၊ (ဦးသိန်းဇော်)တို့၏အစ်ကို၊ ကိုဇော်မင်းဦး-မချယ်ရီမင်းအောင်၊ ကိုထွန်းနောင်ဖြိုးတို့၏ဖခင်၊ ဂျွန်သဆဲတို့၏အဘိုး၊ ဒေါ်သန်းသန်းဌေး၏ ခင်ပွန်းသည် ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၂၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အထူးကြေကွဲဝမ်းနည်းခြင်း

### ဒေါ်ခင်ခင်ရွှေ

**အသက်(၇၆)နှစ်**

သူငယ်ချင်း ပါမောက္ခ ဒေါက်တာမူမူနိုင်-ဒေါက်တာဇော်မိုး၏မိခင်ကြီး ဒေါ်ခင်ခင်ရွှေသည် ၃၁-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ငါတို့သူငယ်ချင်းအားလုံး အထူးကြေကွဲဝမ်းနည်းမိပါသည်။ မင်းတို့မိသားစုအတွက် အစားထိုးမရနိုင်တဲ့ ဆုံးရှုံးမှု၊ ကြေကွဲပူဆွေးဝမ်းနည်းမှုတွေအတွက် ဘယ်လိုမှ ဖြေသိမ့်ဖော်ပြနိုင်စွမ်းမရှိတော့ပါဘူး။

**၁၉၈၃-၈၈ ဆေးတက္ကသိုလ် (၁)မှ သူငယ်ချင်းများ**

## ဗိုလ်မှူးချစ်မောင် (ငြိမ်း)

### OTS (28)၊ ကြည်း-၈၇၆၅

### ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြန်ကြားရေးဝန်ကြီးဌာန

**အသက်(၈၂)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နေ (ဦးအုန်းခို-ဒေါ်အုန်းမှီ)တို့၏သား၊ မွန်ပြည်နယ်၊ ပေါင်မြို့နေ(ဦးဟောက်ရွှေ-ဒေါ်သိန်း)တို့၏သားသမက်၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၅လမ်း၊ ၅၇-၅၈ကြား၊ အမှတ် ၁၆၆နေ ဒေါ်မေမေသန်း၏ခင်ပွန်း၊ ဦးမျိုးရီ-ဒေါ်စံပယ်ဦး(Zone Express Tour)၊ ဦးစိုးမျိုးဝင်း-ဒေါ်ခင်ကြူကြူဝင်း(မျိုးဆက်သစ်)၊ ဗိုလ်မှူးချုပ်ဇင်မင်းထက်-ဒေါက်တာသဇင်ခိုင်(မန္တလေးပြည်သူ့ဆေးရုံကြီး)၊ ဦးသန်းဇော်ထွေး(ဦးစီးအရာရှိ၊ ဆည်မြောင်း)တို့၏ဖခင်၊ မောင်ကောင်းသက်၊ မောင်ဝေဖြိုး၊ မကြည်စင်မင်းထက်၊ မယမုံမင်းထက်တို့၏အဘိုးသည် ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊

### အာရုံခံတန်ဆောင်းဒါယိကာမကြီး

## ဒေါ်ခင်ခင်စိန် (Margaret)

**အသက်(၈၁)နှစ်**

Kaung Zaw Hein Co.,Ltd. မှ Deputy Managing Director ဗိုလ်မှူးအောင်အောင်(ငြိမ်း)-ဒေါ်ခင်ဇာညီ(အလယ်တန်းပြ၊ငြိမ်း)တို့၏မိခင်ကြီး ဒေါ်ခင်ခင်စိန်(Margaret) အသက်(၈၁)နှစ်သည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၀၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကိုထွေး-မသပြေမိသားစု**

## ဦးစိုးမြတ်ထွန်း

**Deputy Maintenance Manager**
**Engineering Deparment**
**Air Mandalay**

**အသက်(၄၀)**

မုံရွာမြို့၊ သလ္လာ (၅)ရပ်ကွက်နေ ဦးချစ်-ဒေါ်စန်းရီတို့၏သား၊ ရွှေပေါက်ကံမြို့သစ်နေ (ဦးစိန်တင်)-ဒေါ်ဝင်းမြတို့၏သားသမက်၊ ကိုစန်းတင့်ထွန်း၊ ကိုနန်းတင့်ထွန်းတို့၏ညီ၊ အင်းစိန်မြို့နယ်၊ မုဒိတာအိမ်ရာ၊ 2A/248 နေ မကြည်ကြည်ခိုင်(ခ)မသဲအူ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဝီရရဲရင့်၏ဖခင်သည် ၁-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၁၁-၂၀၁၆ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၁၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းကြည် (ထားဝယ်မြို့)

**အသက်(၇၂)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဆန်းချီရပ်၊ ဆန်းချီလမ်း၊ အမှတ် ၅၁/ခနေ လောင်းလုံးမြို့နယ်၊ မိန်းမချောရွာနေ (ဦးကျင်ဟံ-ဒေါ်မသီ)တို့၏ သမီး၊ ဦးစိန်သား၏ဇနီး၊ ကိုဝင်းစိုး-မညိုထွေး၊ ကိုလှစိုး၊ ဗိုလ်မှူးကြီးခင်မောင်စိုး-မတင်စန္ဒီအေး(နေပြည်တော်)၊ ကိုခင်မောင်သန်း-မတင်တင်နိုင်၊ ကိုခင်မောင်မြင့်-မနန်းခင်မို့မို့ဦး(မို့မို့)၊ (ကိုမျိုးမြင့်(ကိုပီ)-မဌေးဌေးယု၊ ကိုရေပြာ(ခ)ဇော်ဦး-မအေးအေးယု၊ ကိုအောင်ကျော်ခိုင်၊ ကိုသန်းမင်း-မနီလာလွင်တို့၏ မိခင်၊ မြေး ၁၂ယောက်တို့၏အဘွားသည် ၂-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၅း၃၀နာရီတွင် ထားဝယ်မြို့ တပ်မတော်ဆေးရုံ(ခုတင်-၁၀၀)၌ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထားဝယ်မြို့ ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဆန်းချီလမ်းနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ စေတီ၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်သန်းနွဲ့ (ကျိုက်လတ်)

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပညာ့ရိပ်သာလမ်း၊ တက္ကသိုလ်ဝင်း၊ အမှတ် ၄နေ (ဦးလှမောင်-ဒေါ်အုန်းကျင်)တို့၏သမီး၊ ဦးဝိစက္ခဏ(စစ်ကိုင်း)နှင့်ဓမ္မပါလဆရာတော် အရှင်ပါကဋ္ဌာလင်္ကာရ(နယ်လှည့်ဓမ္မကထိက၊ ဂုဏ်ထူးဆောင် ကိုးဘွဲ့ရ ဓမ္မဖောင်ဒေးရှင်းအကျိုးဆောင်ချုပ်) ဆရာတော်များ၏ မယ်တော်ကြီး၊(ဦးအေးရွှေ)၏ဇနီး၊ ဒေါက်တာရဲမြင့်ဆွေ(ညွှန်ကြားရေးမှူးချုပ်၊ ဘဂရ) - ဒေါက်တာချိုချိုအေး(ဘူမိဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးဝင်းနိုင်(စုံစမ်းရေးဦးစီးအရာရှိ၊ လှိုင်ကော်မြို့) - ဒေါ်နုနုအေး(ဦးစီးအရာရှိ၊ လဝက၊ လှိုင်လင်မြို့)တို့၏မိခင်၊ မောင်သုတအောင်၊ မောင်ပုညဆွေ၊ မောင်ဗဟိန်းဆွေ၊ မောင်သက်ပိုင်စိုး၊ မတာတန်ရူးအေး၊ မောင်ကောင်းဝေယံနိုင်၊ မောင်မြတ်သော်နိုင်၊ မောင်ဗညားသွေးတို့၏ဘွားဘွားကြီး၊ ဒေါ်မြစိန်၏ညီမ၊ ဒေါ်အေးသန်း၊ ဦးခင်ဆိုင်-ဒေါ်စန်း၊ ဦးတင့်လွင်-ဒေါ်သန်းရှင်၊ ဦးအေးနိုင်-ဒေါ်မြမြမူတို့၏အစ်မ၊ တူ၊ တူမ ၁၅ယောက်တို့၏ကြီးကြီးသည် ၁-၁၁-၂၀၁၆ ရက်(အင်္ဂါနေ့)ည ၁၁း၄၆နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အားတပ်မတော်ဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊

### အာရုံခံတန်ဆောင်းဒါယိကာမကြီး

## ဒေါ်ခင်ခင်စိန် (Margaret)

**အသက်(၈၁)နှစ်**

Kaung Zaw Hein Co.,Ltd. မှ Deputy Managing Director ဗိုလ်မှူးအောင်အောင်(ငြိမ်း)-ဒေါ်ခင်ဇာညီ(အလယ်တန်းပြ၊ ငြိမ်း)တို့၏ မိခင်ကြီး ဒေါ်ခင်ခင်စိန်(Margaret) အသက်(၈၁)နှစ်သည် ၃၁-၁၀-၂၀၁၆ ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၀၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ဌေး-ဒေါ်စုစုအောင်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိန်းကြည် (ထားဝယ်မြို့)

**အသက်(၇၂)နှစ်**

နေပြည်တော်နေ သူငယ်ချင်း ဗိုလ်မှူးကြီးခင်မောင်စိုး-ဒေါ်တင်စန္ဒီအေးတို့၏မိခင်ကြီး ဒေါ်သိန်းကြည်သည် ၂-၁၁-၂၀၁၆ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ သည်။

**ဒုတိယဗိုလ်မှူးကြီးသန်းဇော်ထူး ဇနီး ဒေါက်တာဇင်ဇင်သန့်**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်အောင် (ပခုက္ကူမြို့)

### ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး

**အသက်(၇၄)နှစ်**

ပခုက္ကူမြို့နေ (ဦးမော်-ဒေါ်ကြည်)တို့၏သား၊ (ဦးကြင်ရွှေ)-ဒေါ်စိန်တို့၏ သားသမက်၊ ဒေါ်သီသီခိုင်၏ခင်ပွန်းသည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) ည ၈း၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှ၊ မလွန်မြို့၊ မလွန်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊

### အာရုံခံတန်ဆောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်စိန် (Margaret)

**အသက်(၈၁)နှစ်**

Kaung Zaw Hein Co., Ltd. မှ Deputy Managing Director ဗိုလ်မှူးအောင်အောင်(ငြိမ်း)-ဒေါ်ခင်ဇာညီ(အလယ်တန်းပြ၊ ငြိမ်း)တို့၏မိခင်ကြီး ဒေါ်ခင်ခင်စိန်(Margaret) အသက်(၈၁)နှစ်သည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၀၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Board of Director**
**Kaung Zaw Hein Co., Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းမောင် အသက်(၇၂)နှစ်

### ညွှန်ကြားရေးမှူး(ငြိမ်း)၊ ငွေစာရင်း၊ ဆည်မြောင်းဦးစီးဌာန

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၃၆နေ ဒေါ်တင်တင်ဝင်း(အထက၊ ငြိမ်း၊ ပုဇွန်တောင်)၏ခင်ပွန်း ဦးဝင်းမောင် အသက်(၇၂)နှစ်သည် ၃၁-၁၀-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၃)**
**(ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)**

## ဦးထွန်းအောင် (၁၉၉၀ပြည့်) အသက်(၆၇)နှစ်

### ရေတာရှည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)

### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

### (သာဂရမြို့၊ ရေတာရှည်မြို့နယ်)

နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်၊ အေလာမြို့နေ (ဦးဘိုးကောင်း-ဒေါ်ဥလေး)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရမြို့၊ ငါးခုမ္မချောင်းအနောက်ပိုင်းရပ်နေ ဒေါ်သန်းဌေး၏ခင်ပွန်း၊ ကိုအောင်ကျော်ဇော-မချစ်ချစ်ဇော်၊ ကိုသိန်းလွင်-မနီလာအေး၊ ကိုကျော်လှိုင်ထွန်း-မဝင်းနန္ဒာရှိန်၊ ကိုကျော်စွာထွန်း၊ ကိုသာထက်အောင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁-၁၁-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် နေအိမ်မှသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၇-၁၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးလှညွန့်(ပြင်ဦးလွင်) အသက်(၇၄)နှစ်

### ပြင်ဦးလွင် ချယ်ရီမြေဘိုးဘွားရိပ်သာ ဘဏ္ဍာရေးမှူးဟောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ချယ်ရီမြေဘိုးဘွားရိပ်သာ၏ ဘဏ္ဍာရေးမှူးဟောင်း ဦးလှညွန့်သည် ၂၆-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြင်ဦးလွင် ချယ်ရီမြေ ဘိုးဘွားရိပ်သာ**
**ကြီးကြပ်မှုကော်မတီ**

သင့်သွေးဖြင့်
အသက်ကယ်ပါ

## ဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းမောင် အသက်(၇၂)နှစ်

### ညွှန်ကြားရေးမှူး(ငြိမ်း)၊ ငွေစာရင်း၊ ဆည်မြောင်းဦးစီးဌာန

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၃၆နေ ဒေါ်တင်တင်ဝင်း (အထက၊ ငြိမ်း၊ ပုဇွန်တောင်)၏ခင်ပွန်း ဦးဝင်းမောင် အသက်(၇၂)နှစ်သည် ၃၁-၁၀-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၁၀နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**မကွေးတိုင်းဒေသကြီး၊ မကွေးမြို့**
**(ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)**

# မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ မြင့်မားလာရေးအတွက် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေး အချက်အချာကျမှုကို အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်ရန် အထူးအရေးကြီး

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ မြင့်မားလာရေးအတွက် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေး အချက်အချာကျမှုကို အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်ရန် အထူးအရေးကြီးကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပသည့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းဆွေးနွေးပွဲတွင် ပြောကြားလိုက်သည်။


ဆက်လက်၍ ဒုတိယသမ္မတက မြန်မာနိုင်ငံ၏ စုစုပေါင်းကုန်ထုတ်လုပ်မှုတန်ဖိုးနှင့် ကုန်သွယ်မှုအချိုး၊ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအပေါ် မှီခိုမှု (Trade Dependency)သည် ၃၀ ရာခိုင်နှုန်းခန့်အထိ ရှိနေကြောင်း၊

*စာမျက်နှာ ၅ ကော်လံ ၁*





ဒုတိယသမ္မတ ဦးမြင့်ဆွေ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီး၊ UNDP ကိုယ်စားလှယ်နှင့် သံအမတ်ကြီးများ လူမျိုးစုံ စုပေါင်းနေထိုင်သည့် ကြိမ်ချောင်းကျေးရွာဒေသခံများနှင့် တွေ့ဆုံစဉ်

## ထောက်ပံ့အကူအညီပေးမှု ရပ်စဲခြင်း၊ ရွာများကိုမီးရှို့ခြင်းအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသည်ဟု မဟုတ်မမှန် စွပ်စွဲချက်များအပေါ် မှန်ကန်မှုမရှိကြောင်း နိုင်ငံတကာအသိုက်အဝန်းသို့ ပြသ

*စာမျက်နှာ - ၁၁*

## ဦးရွှေမောင်နှင့် အပေါင်းပါများကတော့ ဝန်ခံမှုမရှိ ငြင်းဆိုနေဆဲဖြစ်သည့် မောင်တောဒေသ၏ အမှန်တရားအကြောင်း

**သတင်းဆောင်းပါး - ဖိုးဆွေ**

"အောက်တိုဘာလ ၉ ရက်နေ့ ည ၁ နာရီ ၁၅ မိနစ်က စပြီးတော့ ပစ်ခတ်သံတွေကြားတယ်။ အဲဒီမှာ ညီမတို့လည်း တစ်ညလုံး မအိပ်ရဘူး။ ပစ်ခတ်သံတွေကြားတော့ ကြောက်လန့်ပြီး နေနေရတယ်။ အဝေးကိုလည်း ထွက်မပြေးရဲဘူး။

"ဝါးပိတ်ဆိုတဲ့ရွာမှာ ဝင်စီးတယ်လို့ကြားပါတယ်။ ရွာနီးချင်းတွေမို့လို့ အဲဒီ အစ္စလာမ်ဘာသာဝင်တွေနေတဲ့ ရွာတွေက တချို့ကပြောပါတယ်။ ဝါးပိတ်ရွာကို တပ်မတော်က ဝင်ရောက်စစ်ဆေးတဲ့အခါမှာ ကျည်ခွံတွေ အများအပြားတွေ့တယ်လို့ ပြောပါတယ်။ တပ်မတော်က ဝါးပိတ်ရွာကို ဝင်ရောက်ရှင်းလင်းတဲ့အခါမှာ ရွာသူရွာသားတွေက ထွက်ပြေးကြသလို ပစ်ခတ်မှုတွေဖြစ်ကြတယ်။ လက်ရှိအချိန် မှာတော့ အဲဒီမှာ ဘာမှမဖြစ်တော့ဘူးလို့ကြားတယ်"ဟု မောင်တောမြို့နယ် အောင်မင်္ဂလာကျေးရွာမှ မမြထွေး၏ စကားသံကို ကြားယောင်မိသည်။

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)၊ ကိုးတန်ကောက်ရဲကင်းစခန်းနှင့် ငါးခူရနယ်မြေရုံးများသို့

*စာမျက်နှာ ၆ ကော်လံ ၁*

**■ မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်းမဆို ပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်ပေးရန် လုပ်ရစမြဲထုံးစံဖြစ်၊ နိုင်ငံတကာစံနှုန်းတွေအတိုင်း လုပ်ဆောင်နေခြင်းဖြစ်သည့်အတွက် တရားမျှတမှန်ကန်မှုရှိမည်မှာ ဘာမှ စောဒကတက်စရာမရှိ**

